ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**လောကကို ထွန်းလင်းတောက်ပ**

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည်လည်းကောင်း၊ ကိလေသာအနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာ အနှိပ်အစက်မခံရဘဲနေခြင်းသည်လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သောသူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည်လည်းကောင်း ချမ်းသာ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၃)

၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်၊ သောကြာနေ့။ Friday, 13 May 2022 ၁၀၇၃၃

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ယခုငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် EAO များ၏အလိုဆန္ဒများ၊ တိုင်းပြည်၏အလိုဆန္ဒများဖြင့် နှစ်ဖက်လိုအပ်ချက်များကို ညှိနှိုင်းဆွေးနွေးသွားမည်ဖြစ်ပြီး အကျိုးရှိသည့်ဆွေးနွေးပွဲဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားမည်

နေပြည်တော် မေ ၁၂

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၄/၂၀၂၂)ကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✰



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး(၄/၂၀၂၂)တွင် အမှာစကားပြောကြားစဉ်။

## ယနေ့ ဖတ်စရာ

ခေတ်အဆက်ဆက် နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေးကြိုးပမ်းမှုများ
ဆောင်းပါး စာမျက်နှာ » ၆

ပို့ကုန်ရငွေပြန်လည်ဝင်ရောက်ရန် ကျန်ရှိသည့် ကုမ္ပဏီ(၁၉)ခုအား အရေးယူဆောင်ရွက်လျက်ရှိပြီး ဒါရိုက်တာအဖွဲ့ဝင်များအား အမည်မည်းစာရင်းထည့်သွင်းကြောင်း ကြေညာ
စာမျက်နှာ » ၉

ထိုင်းနိုင်ငံသို့ တရားဝင်ရွှေ့ပြောင်းလုပ်သားများ သွားရောက်နိုင်ခြင်းနှင့် တရားမဝင် ဝင်ရောက်လုပ်ကိုင်မှုများကြောင့် အန္တရာယ်ရှိကြောင်း သတင်းထုတ်ပြန်
စာမျက်နှာ » ၁၆



ကြေးမုံ

# အားကစားဖြင့် နိုင်ငံ့ဂုဏ်မြှင့်တင်

(၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို ဗီယက်နမ်နိုင်ငံတွင် မေလ ၂၃ ရက်နေ့အထိ ကျင်းပလျက်ရှိပြီး မြန်မာနိုင်ငံမှ လက်ရွေးစင်အားကစားသမားများက အားကစားနည်း အမျိုး ၂၀ ဖြင့် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။ မေလ ၁၁ ရက်နေ့တွင်ကျင်းပသည့် Kurash အားကစားနည်း +၈၇ ကီလိုတန်း ဆီမီးဖိုင်နယ်ပွဲစဉ်နှင့် ဗိုလ်လုပွဲ ပွဲစဉ်များကိုကျင်းပရာ မြန်မာအားကစားသမား မအေးအေးအောင်က မြန်မာနိုင်ငံအတွက် ပထမဦးဆုံး ရွှေတံဆိပ်ဆုကို ဆွတ်ခူးပေးလိုက်သည်။

မအေးအေးအောင်သည် ပွဲဦးထွက်အကြိုဗိုလ်လုပွဲတွင် ပြိုင်ဘက်အသင်းဖြစ်သော ထိုင်းအားကစားသမားကိုလည်းကောင်း၊ ဆီမီးဖိုင်နယ်တွင် အိမ်ရှင်ဗီယက်နမ်အားကစားသမားကိုလည်းကောင်း အနိုင်ရရှိခဲ့ပြီးနောက် ဗိုလ်လုပွဲတွင် ဖိလစ်ပိုင်အသင်းနှင့် ယှဉ်ပြိုင်ခဲ့ရာ ဖိလစ်ပိုင်အားကစားသမားကို အနိုင်ရရှိခဲ့ပြီး မြန်မာနိုင်ငံအတွက် ပထမဦးဆုံး ရွှေတံဆိပ်ဆုကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရယူပေးနိုင်ခဲ့ခြင်းဖြစ်သည်။ အဆိုပါပြိုင်ပွဲတွင် ဖိလစ်ပိုင်နိုင်ငံက ဒုတိယဆု ငွေတံဆိပ်ရရှိပြီး အိမ်ရှင်ဗီယက်နမ်က တတိယဆု ကြေးတံဆိပ်တို့ကို အသီးသီး ဆွတ်ခူးရရှိခဲ့သည်။

ဧပြီလ ၂၉ ရက်နေ့က ကျင်းပခဲ့သည့် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အောင်နိုင်ရေးအလံပေးအပ်ပွဲအခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကိုယ်တိုင် အခမ်းအနားသို့တက်ရောက်၍ အောင်နိုင်ရေးအလံပေးအပ်ခဲ့ပြီး "အားကစားအောင်နိုင်ရေးသည် မြန်မာတစ်မျိုးသားလုံး၏ မျှော်လင့်ချက်ဖြစ်ကြောင်း၊ အနိုင်ရရှိသည့် ပြိုင်ပွဲတိုင်းတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအားလွှင့်ထူပြီး ကျန်ပြိုင်ပွဲဝင်နိုင်ငံများမှ အလေးပြုရသည့်မြင်ကွင်း၊ မြန်မာအားကစားသမားများ၏ နိုင်ငံတော်သီချင်းသီဆိုအောင်ပွဲခံနေသည့် မြင်ကွင်းများကို ပြည်သူတစ်ရပ်လုံးမြင်တွေ့လိုကြောင်း" ပြောကြားခဲ့သည်။

မြန်မာအားကစားသမားများသည် ပြည်သူတစ်ရပ်လုံး မြင်တွေ့လိုသည့် ဆန္ဒများကို ရေကုန်ရေခန်း ကြိုးပမ်းယှဉ်ပြိုင်လျက်ရှိသည်။ ယခုအခါ အားကစားနည်းတစ်မျိုးတွင် ပြိုင်ပွဲအဆင့်ဆင့်နှင့်ဗိုလ်လုပွဲ၌ ပြိုင်ဘက် အားကစားသမားများကိုအနိုင်ယူပြီး နိုင်ငံတော်အတွက်ရွှေတံဆိပ်ဆုကိုပွဲဦးထွက်ဆွတ်ခူးပေးနိုင်ခဲ့ရာ နိုင်ငံတော်အတွက် ဂုဏ်ယူစရာဖြစ်ပြီး ပြည်သူများအားလုံးလည်း ဝမ်းမြောက်ဝမ်းသာဖြစ်နေကြလိမ့်မည်ဖြစ်သည်။ (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အားကစားနည်းအမျိုး ၂၀ ၌ မြန်မာအားကစားသမား ၂၉၃ ဦးနှင့် အုပ်ချုပ်သူ၊ နည်းပြ၊ ထောက်ပံ့ရေးအဖွဲ့ဝင် စုစုပေါင်း ၄၂၈ ဦး ပါဝင်ပြီး နေ့စဉ် ပြိုင်ပွဲအမျိုးအစားအလိုက် ပါဝင်ယှဉ်ပြိုင်ကြသည်။

မြန်မာအားကစားသမားများအနေဖြင့် ပွဲမဝင်မီကတည်းက နိုင်ငံတော်နှင့်လူမျိုးအတွက် ပွဲဝင်အောင်ပွဲဆင်နိုင်အောင် အသင့်ပြင်ဆင်ထားခဲ့ကြပြီး နိုင်ငံတော်အနေဖြင့်လည်း စိတ်ဓာတ်ခွန်အားများနှင့် အထောက်အပံ့များကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးထားသည်။ ထို့အပြင် အောင်နိုင်ရေးအလံပေးအပ်ပွဲအခမ်းအနား၌ နိုင်ငံတော်အကြီးအကဲက ဆုရအားကစားသမားများအတွက် ရွှေတံဆိပ် (တစ်ဦးချင်း) ငွေကျပ်သိန်း ၃၀၀၊ ငွေတံဆိပ် (တစ်ဦးချင်း) ငွေကျပ်သိန်း ၂၀၀၊ ကြေးတံဆိပ်(တစ်ဦးချင်း)ငွေကျပ်သိန်း ၁၀၀၊ အသင်းလိုက် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်များနှင့် နည်းပြ၊ အုပ်ချုပ်မှုအဖွဲ့များပါမကျန် ဆုရမှုအဆင့်အလိုက် နိုင်ငံတော်က ထိုက်ထိုက်တန်တန် ချီးမြှင့်ပေးမည်ဖြစ်ကြောင်း ပြောကြားထားသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် မြန်မာ့အားကစားကို တစ်ခေတ်ပြန်လည်ဆန်းသစ်လာစေရန်အတွက် အစဉ်တစိုက်အားပေးမြှင့်တင်ဆောင်ရွက်ပေးလျက်ရှိပြီး ထောက်ပံ့ချီးမြှင့်ပေးမှုများကိုလည်း ထူးထူးကဲကဲဆောင်ရွက်ပေးနေသည်ကိုတွေ့ရသည်။ ထို့ကြောင့် ပြိုင်ပွဲဝင်အားကစားသမားများအနေဖြင့် ယခင်ကရရှိခဲ့သော အောင်မြင်မှုများထက် ထူးကဲသာလွန်အောင် ရေကုန်ရေခန်းကြိုးပမ်းယှဉ်ပြိုင်ကြလိမ့်မည်ဟု ယုံကြည်ပါသည်။ နိုင်ငံတော်အပိုင်းမှ မြန်မာ့အားကစားကို အကောင်းဆုံးမြှင့်တင်အားပေးလျက်ရှိသကဲ့သို့ အားကစားသမားတစ်ဦးစီအနေဖြင့်လည်း နိုင်ငံတော်နှင့်လူမျိုး၏ ဂုဏ်သိက္ခာမြင့်မားလာရေးအတွက် မလျှော့သောဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် အစွမ်းကုန်ယှဉ်ပြိုင်နေကြသည်။ အားကစားသမားကောင်းစိတ်ဓာတ်ဖြင့် ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသားတို့၏ဂုဏ်ကို မြှင့်တင်နေကြပေသည်။

သို့ဖြစ်ရာ နိုင်ငံတကာအလယ်တွင် အမိနိုင်ငံတော်အလံ၊ အမိနိုင်ငံတော်သီချင်းကို ဂုဏ်ယူဝင့်ကြွားစွာ လွှင့်ထူသီဆိုကြသည့် မြင်ကွင်းများအား ခံစားကြရသည့် နိုင်ငံသူ နိုင်ငံသား တိုင်းရင်းသားပြည်သူအပေါင်းတို့၏ ဝမ်းမြောက်ဂုဏ်ယူမှုများမှာ အတိုင်းအဆမရှိ ဖြစ်ကြမည်ဖြစ်ပြီး နိုင်ငံတော်အတွက်လည်း ဂုဏ်မြင့်စရာဖြစ်၍ ပြိုင်ပွဲများတွင် မြန်မာအားကစားသမားများ ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်များ အမြောက်အမြားရရှိအောင် ကြိုးပမ်းယှဉ်ပြိုင်နိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း။ ။

## ပါဠိပထမပြန်စာမေးပွဲ ဆဋ္ဌမနေ့ကျင်းပ

**နေပြည်တော် မေ ၁၂**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနကကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၂ ခုနှစ် ပါဠိပထမပြန်စာမေးပွဲကို ယနေ့တွင် နိုင်ငံတစ်ဝန်းလုံးရှိစာဖြေဌာန ၂၃၉ ဌာနတို့၌(ဆဋ္ဌမနေ့)အဖြစ် ဖြေဆိုကြသည်။

ပါဠိပထမပြန်စာမေးပွဲ (ပထမကြီး၊ ပထမလတ်) ဆဋ္ဌမနေ့ကို စာရင်းသွင်းသံဃာနှင့် သီလရှင် စုစုပေါင်း ၁၄၆၇၄ ပါးအနက် ၁၁၂၄၅ ပါး ဖြေဆိုကြသဖြင့် ၇၆ ဒသမ ၆၃ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်လှူဒါန်း

**နေပြည်တော် မေ ၁၂**



ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ မြို့မကျောင်းတိုက်သို့လည်းကောင်း၊ ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ လေသာပရိယတ္တိစာသင်တိုက်သို့လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ ပဋ္ဌာနတာရုံကျောင်းတိုက်သို့လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်ရှိ ဗောဓိကုန်းစာသင်တိုက် သို့လည်းကောင်း၊ မွန်ပြည်နယ် မုဒုံမြို့နယ်ရှိ ဂျုံးဂျုံးကျတောရကျောင်းတိုက်သို့လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်ရှိ ရတနာစန်းကျောင်းတိုက်သို့လည်းကောင်း ဆရာတော်၊ သံဃာတော်များအား တာဝန်ရှိသူများကဆွမ်းဆန်တော်များ သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် မေ ၁၂**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများအား ရေကြောင်း၊ ဆိပ်ကမ်းအသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ မေ ၁၂ ရက်တွင် ရန်ကုန်ဆိပ်ကမ်းများမှ Spacer For Metered Dose Inhalation Aerosol အခု ၃၀၀ နှင့် ဆေးဝါးမျိုးစုံ ၄၅ မျိုး (၁၇၄၈၃၅ ဒသမ ၃၀ ကီလိုဂရမ်) တို့ကို ထုတ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၂ - ၅ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၇၀၀ | ၇,၇၀၀ | ၈ | ၆၁,၆၀၀ |
| MTSH | ၂,၆၀၀ | ၂,၆၅၀ | ၁,၂၉၇ | ၃,၄၂၂,၃၀၀ |
| MCB | ၇,၈၀၀ | ၇,၈၀၀ | ၀ | ၀ |
| FPB | ၁၈,၀၀၀ | ၁၈,၀၀၀ | ၀ | ၀ |
| TMH | ၂,၅၅၀ | ၂,၅၅၀ | ၀ | ၀ |
| EFR | ၂,၆၀၀ | ၂,၆၀၀ | ၇ | ၁၈,၂၀၀ |
| AMATA | ၄,၈၀၀ | ၄,၈၀၀ | ၄၉ | ၂၃၅,၂၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

**နေပြည်တော် မေ ၁၂**

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၈၅၀.၀ |
| ( ခ ) ဥရောပ | တစ်ယူရို | = | ၁၉၃၄.၀ |
| ( ဂ ) တရုတ် | တစ်ယွမ် | = | ၂၇၂.၄၁ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၃.၂၄၅ |
| ( င ) မလေးရှား | တစ်ရင်းဂစ် | = | ၄၂၁.၃၂ |
| ( စ ) အိန္ဒိယ | တစ်ရူပီး | = | ၂၃.၈၇၃ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၂၇၁.၅ |
| ( ဇ ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၃၂၅.၉ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၄၃၈.၆ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၃.၄၅ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်စွာလင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လာမည့် ဇွန်လတွင် အခြေခံပညာကျောင်းများကို ပုံမှန်အတိုင်းပြန်လည်ဖွင့်လှစ်ရန်ဆောင်ရွက်လျက်ရှိပြီး လိုအပ်လျက်ရှိသည့် ဆရာ ဆရာမများ ထပ်မံဖြည့်တင်းပေးနိုင်ရေးအတွက်လည်း ဆောင်ရွက်လျက်ရှိ

☆ ရှေ့ဖုံးမှ

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဦးသိန်းညွန့်၊ ဦးခင်မောင်ဆွေ၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်၊ ဒေါက်တာ ဗညားအောင်မိုး၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ဦးရွှေကြိမ်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ပြည်တွင်းငြိမ်းချမ်းရေး ရရှိရန်အတွက် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံ ဆွေးနွေးရန် ဆောင်ရွက်လျက်ရှိမှု

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာ၌ ငြိမ်းချမ်းရေးဖိတ်ခေါ်မှုနှင့် ပတ်သက်၍ ဧပြီ ၂၂ ရက်တွင် ငြိမ်းချမ်းရေးဖိတ်ခေါ်မှု ဆောင်ရွက်ခဲ့ကြောင်း၊ ယခုနှစ်တွင် စိန်ရတုပြည်ထောင်စုနေ့ ကျရောက်ခဲ့ပြီး ၂၀၂၃ ခုနှစ်တွင် စိန်ရတုလွတ်လပ်ရေးနေ့ ကျရောက်မည်ဖြစ်ကြောင်း၊ ယနေ့အချိန်အထိ ပြည်သူများအားလုံး ငြိမ်းချမ်းမှုအရသာ၊ ဒီမိုကရေစီ၏ အနှစ်သာရကို အပြည့်အဝ မခံစားရသေးကြောင်း၊ သဘောထားကွဲလွဲမှု အမျိုးမျိုးကြောင့် ပဋိပက္ခများဖြစ်ပေါ်ခဲ့ပြီး အဆိုပါပဋိပက္ခများကို ငြိမ်းငြိမ်းချမ်းချမ်းဖြင့် ဖြေရှင်းရန် မိမိအနေဖြင့် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့နှင့် (၇၇)နှစ်မြောက် တပ်မတော်နေ့ မိန့်ခွန်းတို့တွင် ထည့်သွင်းပြောကြားခဲ့ကြောင်း၊ ငြိမ်းချမ်းရေးရရှိရန်အတွက် သက်ဆိုင်ရာအဖွဲ့အစည်းများကလည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိသော်လည်း အချို့သော ကန့်သတ်ချက်ရှိမှုများကြောင့် ထိုက်သင့်သလောက် တိုးတက်မှုများမရှိသည်ကို တွေ့ရှိရကြောင်း၊ ထို့အတူ အချို့ EAO များအနေဖြင့် ၎င်းတို့နယ်မြေတွင် ရောက်ရှိနေသော PDF အကြမ်းဖက်သမားများကြောင့်လည်း အခက်အခဲတချို့ ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် ကိုယ်တိုင်ဖိတ်ခေါ် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ တွေ့ဆုံရန် ဆောင်ရွက်ရာတွင်လည်း အမြန်ဆုံးတွေ့ဆုံနိုင်ရေး စီမံဆောင်ရွက်ထားကြောင်း။

တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအလိုက် တိုတောင်းသည့်ကာလအတွင်း အဖြေတစ်ခုခုရရှိစေရန်အတွက် အဖွဲ့အစည်းများအလိုက် ဥက္ကဋ္ဌနှင့် ညှိနှိုင်းတိုင်ပင်နိုင်ရန် နှစ်ဦးတို့ကို မိမိနှင့် သီးခြားစီတွေ့ဆုံရန် စီမံဆောင်ရွက်ခဲ့ကြောင်း၊ လွတ်လပ်စွာဆွေးနွေးနိုင်ရန်အတွက် ထိုသို့ ဖိတ်ခေါ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့တွေ့ဆုံဆွေးနွေးမှုကြောင့် ရသင့်သည့် အဖြေတစ်ခုရရှိလာမည်ဖြစ်ပြီး ထပ်မံတွေ့ဆုံဆွေးနွေးမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်ရာတွင်လည်း နှစ်ဖက်ညှိနှိုင်းမှုများပြုလုပ်၍ ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ ညှိနှိုင်းမှုများ ဆောင်ရွက်ရာတွင်လည်း ဒီမိုကရေစီ၏ အနှစ်သာရကို ပျက်ယွင်းမှုမရှိစေရန်နှင့် ရသင့်ရထိုက်သည့် အခွင့်အရေးများရရှိစေရေး နှစ်ဖက်မျှတမှုရှိအောင် ဆောင်ရွက်ရန်လိုကြောင်း၊ သို့မှသာ နိုင်ငံတော်၏ အဓိကလိုအပ်ချက်ဖြစ်သည့် လွတ်လပ်မှု၏အရသာ၊ ဒီမိုကရေစီ၏ အနှစ်သာရကို ခံစားနိုင်မည်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် ပြည်သူများ၏ဆန္ဒဖြစ်သည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ တပ်မတော်သည် ပြည်သူများမှ ပေါက်ဖွားလာခြင်းဖြစ်သကဲ့သို့ နိုင်ငံတော်၏ အစိတ်အပိုင်းတစ်ခုလည်းဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်ဆိုသည်မှာ အများဆန္ဒနှင့်အညီ ရွေးချယ်တင်မြှောက်သည့် အစိုးရစနစ်ဖြစ်ပြီး ပြည်သူ့အုပ်ချုပ်ရေးစနစ်ဖြစ်ကြောင်း၊ တိုင်းရင်းသား နယ်မြေများအလိုက် လိုအပ်ချက်များ၊ တောင်းဆိုချက်များနှင့် အခွင့်အာဏာများ ခွဲဝေခံစားခြင်း၊ မျှဝေခံစားခြင်းများရရှိစေရန် ဆောင်ရွက်ရန်လိုကြောင်း၊ ထို့ကြောင့် ပါတီစုံဒီမိုကရေစီစနစ်၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ်ကို သွားရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် ၁၈၈၆ ခုနှစ်တွင် လွတ်လပ်ရေးမဆုံးရှုံးမီအချိန်အထိ ဘုရင့်နိုင်ငံအဖြစ် တည်ရှိခဲ့ကြောင်း၊ ကျယ်ပြန့်သော နိုင်ငံတော်အဖြစ် တည်ထောင်ခဲ့သည့် အနော်ရထာ၊ ဘုရင့်နောင်နှင့် အလောင်းမင်းတရားကြီး ဦးအောင်ဇေယျတို့၏ ခေတ်သုံးခေတ်ရှိကြောင်း၊ အဆိုပါခေတ်သုံးခေတ်တွင် မိမိတို့နိုင်ငံ၏ နယ်နိမိတ်သည် ယခုထက် ပိုမိုကျယ်ဝန်းကြောင်း၊ သို့သော် နယ်ချဲ့လက်အောက် ကျရောက်ခဲ့ချိန်တွင် နယ်နိမိတ်များ ပြန်လည်ဆုံးရှုံးခဲ့ကြောင်း၊ ဘုရင်ခေတ်တွင် အုပ်ချုပ်မှုနယ်ပယ်များအလိုက် အဆင့်ဆင့်အုပ်ချုပ်ခဲ့ကြပြီး တစ်နိုင်ငံလုံးကို ဘုရင့်ဩဇာ သက်ရောက်မှုရှိသည်ကို သမိုင်းများအရ သိရှိရကြောင်း၊ နယ်ချဲ့များ အုပ်ချုပ်ခဲ့ချိန်တွင်လည်း ပြည်မဒေသကို တိုက်ရိုက်အုပ်ချုပ်၍ တောင်တန်းဒေသများကို ပုံစံတစ်မျိုးဖြင့်ခွဲခြား၍ အုပ်ချုပ်ခဲ့သော်လည်း အုပ်ချုပ်မှုအားလုံးသည် နယ်ချဲ့အစိုးရ လက်အောက်တွင်သာ ရှိကြောင်း၊ မြန်မာပြည်လွတ်လပ်ရေးရရှိရန် ကြိုးပမ်းချိန်တွင် နယ်ချဲ့များက တောင်တန်းဒေသနှင့် ပြည်မခွဲ၍ လွှပ်လပ်ရေးပေးရန် ဆောင်ရွက်ခဲ့ကြောင်း၊ သို့သော် တောင်တန်းဒေသမှ စော်ဘွားများက လက်ခံမှုမရှိခြင်းကြောင့် ပင်လုံအစည်းအဝေးကျင်းပ၍ ပင်လုံစိတ်ဓာတ်ဖြင့် ပြည်ထောင်စုစိတ်ဓာတ်ကို တည်ဆောက်၍ တစုတစည်းတည်းသော ပြည်ထောင်စုအဖြစ် နိုင်ငံလွတ်လပ်ရေးကိုရရှိအောင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း ဒီမိုကရေစီစနစ်၊ ဆိုရှယ်လစ်စနစ်စသည့် ဖွဲ့စည်းအုပ်ချုပ်မှုပုံစံအမျိုးမျိုးဖြင့် ကျင့်သုံးအုပ်ချုပ်ခဲ့မှုများရှိခဲ့ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ကို ပြန်လည်ကြည့်မည်ဆိုပါက လုပ်ပိုင်ခွင့်အာဏာများကို ခွဲဝေထားပြီးဖြစ်သဖြင့် ဖက်ဒရယ်စနစ်သဘောတရားများ အတိုင်းသာ ရေးဆွဲထားခြင်းဖြစ်သည်ကို တွေ့ရမည်ဖြစ်ကြောင်း။

တွေ့ဆုံဆွေးနွေးရာတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ ခေါင်းဆောင်များနှင့်အတူ ညှိနှိုင်းတိုင်ပင်ဆွေးနွေးနိုင်ရေးအတွက် အဖွဲ့ဝင်နှစ်ဦးကိုပါ ဖိတ်ခေါ်ထားပါကြောင်း၊ လက်ရှိအချိန်ထိ အကြောင်းပြန်ခဲ့သည်မှာ NCA လက်မှတ်ရေးထိုးပြီးသည့်အဖွဲ့ ခုနစ်ဖွဲ့နှင့် NCA လက်မှတ်ရေးထိုးခြင်း မပြုသေးသည့် အဖွဲ့ သုံးဖွဲ့ လာရောက်မည်ဟု အကြောင်းပြန်ခဲ့ကြောင်း။

တွေ့ဆုံဆွေးနွေးရာတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ခေါင်းဆောင်များ ကိုယ်တိုင်တက်ရောက်နိုင်ရေး ဖိတ်ကြားခြင်းဖြစ်သော်လည်း အချို့သောအဖွဲ့များမှ ဥက္ကဋ္ဌများ ကျန်းမာရေးဆိုင်ရာ အခက်အခဲများရှိခြင်းကြောင့် ဥက္ကဋ္ဌကိုယ်စားပြုသူများကို စေလွှတ်ခြင်းများရှိကြောင်း၊ ၎င်းတို့အနေဖြင့် အာမခံချက်များရှိရန် လိုပါကြောင်း၊ ယခုငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် ထိရောက်သည့် အဖြေတစ်ခုထွက်လာစေရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ EAO များ၏ အလိုဆန္ဒများ၊ တိုင်းပြည်၏ အလိုဆန္ဒများဖြင့် နှစ်ဖက်လိုအပ်ချက်များကို ညှိနှိုင်းဆွေးနွေးသွားမည်ဖြစ်ပြီး အကျိုးရှိသည့် ဆွေးနွေးပွဲဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဆွေးနွေးချက်များနှင့် ပတ်သက်၍လည်း ဖြစ်သင့်သည်၊ မဖြစ်သင့်သည်ကိုကောင်စီအစည်းအဝေး၌ ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုပြောကြားနေခြင်းသည် ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ တိုင်ပင်နေခြင်းသာဖြစ်ပြီး ထပ်မံ၍လည်း သီးသန့်ဆွေးနွေးသွားမည်ဖြစ်ကြောင်း။

### ကျောင်းသား ကျောင်းသူများအားလုံး ပညာသင်ကြားရန်လိုအပ်မှု

ဧပြီ ၂၄ ရက်တွင် အခြေခံပညာကျောင်းများအားလုံး၏ အောင်စာရင်းကိုထုတ်ပြန်ပေးခဲ့ကြောင်း၊ လာမည့် ဇွန်လတွင်လည်း အခြေခံပညာကျောင်းများကို ပုံမှန်အတိုင်း ပြန်လည်ဖွင့်လှစ်ရန် ဆောင်ရွက်လျက်ရှိပြီး လိုအပ်လျက်ရှိသည့် ဆရာ ဆရာမများ ထပ်မံဖြည့်တင်းပေးနိုင်ရေးအတွက်လည်း ဆောင်ရွက်လျက်ရှိကြောင်း။

အလားတူ တက္ကသိုလ်များနှင့် ကောလိပ်များကိုလည်း ပြန်လည်ဖွင့်လှစ်၍ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ တက္ကသိုလ်နည်းပြ ဆရာ ဆရာမများ လုံလောက်စွာ ခန့်အပ်နိုင်ရေးအတွက်လည်း အရည်အချင်းပြည့်ဝသည့် ဆရာ ဆရာမများ မွေးထုတ်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ဆရာ ဆရာမများအားလုံး အရည်အချင်းများ ပြည့်ဝနေရန် လိုကြောင်း၊ အခြေခံပညာနှင့် အဆင့်မြင့်ပညာ သင်ကြားမည့် ကျောင်းသား ကျောင်းသူများ အားလုံး ကျောင်းနေရန်လိုကြောင်း၊ ပညာပြီးမြောက်အောင် သင်ကြားမှုမရှိပါက ကျောင်းသား ကျောင်းသူများ၊ မိဘများ သာမက နိုင်ငံတော်အတွက်ပါ ဆုံးရှုံးနစ်နာမှုများရှိကြောင်း၊ နိုင်ငံတော်အတွက် အလုပ်လုပ်နိုင်မည့် လုပ်အားများဆုံးရှုံးခြင်းများ ဖြစ်ပေါ်လျက်ရှိပြီး နိုင်ငံသားတစ်ဦးချင်း၏ ဆုံးရှုံးနစ်နာမှုလည်းဖြစ်ကြောင်း၊ ထို့ကြောင့် ကျောင်းသား ကျောင်းသူများအားလုံး ပညာသင်ကြားနိုင်ရေး တိုက်တွန်းဆောင်ရွက်ကြရန်လိုကြောင်း၊ ယခုအခါ ဆေးတက္ကသိုလ်တက်ရောက်ရန်အတွက် ကျောင်းလာရောက်အပ်နှံသူ ၅၀ ရာခိုင်နှုန်းကျော်ခန့်ရှိပြီး ဆက်လက်လာရောက်သင်ကြားမည့်သူများရှိကြောင်း။

### ပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှုနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးမှု

ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ကျန်းမာရေးဝန်ထမ်းများ ပြန်းတီးမှုဖြစ်ပေါ်ခဲ့ကြောင်း၊ ထို့ကြောင့် ကျန်းမာရေးဝန်ထမ်း လိုအပ်လျက်ရှိသည့်ဒေသများတွင် တပ်မတော်မှ ဆေးဝန်ထမ်းတပ်ဖွဲ့များကို တွဲဖက်တာဝန်ပေးအပ်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ သင်တန်းဆင်း ကျန်းမာရေး ဝန်ထမ်းများကိုလည်း နိုင်ငံတော် တာဝန်များထမ်းဆောင်နိုင်ရေး ခန့်အပ်ဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ ပြည်သူများ ကျန်းမာရေးဝန်ဆောင်မှု ပြည့်ဝစွာရရှိစေရန်အတွက် ဆေးရုံများကို တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်လျက်ရှိကြောင်း။

ကိုဗစ်- ၁၉ ရောဂါနှင့် ပတ်သက်၍လည်း ၂၀၂၁ ခုနှစ်အတွင်း ကူးစက်မှုနှုန်းမြင့်မားခဲ့မှုအတွက် ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုနှင့် အားလုံးမှ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ခဲ့မှုများကြောင့် အခက်အခဲများကို ကျော်လွှားနိုင်ခဲ့ကြောင်း၊ ယခုအခါ သုည ဒသမ ၂ ရာခိုင်နှုန်းအောက်အထိ ရောက်ရှိလာပြီဖြစ်ကြောင်း၊ နိုင်ငံတကာတွင် ကူးစက်မှုနှုန်း ၅ ရာခိုင်နှုန်းအောက် ရောက်ရှိပါက ထိန်းသိမ်းနိုင်သည့်အဆင့်သို့ ရောက်ရှိပြီဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ထုတ်ပြန်ပေးထားကြောင်း၊ သို့သော် မိမိတို့အနေဖြင့် ရောဂါကူးစက်မှုများ ထပ်မံမဖြစ်ပေါ်စေရေးအတွက် အချို့သော ကိုဗစ်စည်းကမ်းချက်များကို ဆက်လက်လိုက်နာရန် လိုအပ်နေသေးကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုတွင်လည်း ယခုအခါ အသက် ၁၈ နှစ်နှင့်အထက် လူဦးရေ၏ ၉၂ ရာခိုင်နှုန်းကျော်ကို တစ်ကြိမ်နှင့်အထက် ထိုးနှံပေးပြီးဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ထိုးနှံမှုနည်းပါးနေသေးသဖြင့် တတ်နိုင်သမျှ ထိုးနှံပေးနိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါအသက် ၁၅ နှစ်နှင့်အထက်ကို ဆက်လက်ထိုးနှံပေးလျက်ရှိပြီး ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများကိုလည်း ထိုးနှံပေးပြီးဖြစ်ကြောင်း။

- ❖ တက္ကသိုလ်များနှင့် ကောလိပ်များကိုလည်း ပြန်လည်ဖွင့်လှစ်၍ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနိုင်ရေး ဆောင်ရွက်လျက်ရှိ
- ❖ အခြေခံပညာနှင့် အဆင့်မြင့်ပညာသင်ကြားမည့် ကျောင်းသား ကျောင်းသူများ အားလုံး ကျောင်းနေရန်လို
- ❖ ပညာပြီးမြောက်အောင် သင်ကြားမှုမရှိပါက ကျောင်းသား ကျောင်းသူများ၊ မိဘများသာမက နိုင်ငံတော်အတွက်ပါ ဆုံးရှုံးနစ်နာမှုများရှိ
- ❖ နိုင်ငံတော်အတွက် အလုပ်လုပ်နိုင်မည့် လုပ်အားများဆုံးရှုံးခြင်းများ ဖြစ်ပေါ်လျက်ရှိပြီး နိုင်ငံသားတစ်ဦးချင်း၏ ဆုံးရှုံးနစ်နာမှုလည်းဖြစ်
- ❖ ကျောင်းသား ကျောင်းသူများအားလုံး ပညာသင်ကြားနိုင်ရေး တိုက်တွန်းဆောင်ရွက်ကြရန်လို
- ❖ ယခုအခါ ဆေးတက္ကသိုလ်တက်ရောက်ရန်အတွက် ကျောင်းလာရောက်အပ်နှံသူ ၅၀ ရာခိုင်နှုန်း ကျော်ခန့်ရှိပြီး ဆက်လက်လာရောက်သင်ကြားမည့်သူများရှိ

စာမျက်နှာ ၄ သို့ »»»

- **တရားဥပဒေစိုးမိုးရေးကို ထိခိုက်အောင်လုပ်ဆောင်မှုများကို ထိထိရောက်ရောက် အရေးယူဆောင်ရွက်လျက်ရှိ၊ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ EAO များနှင့် တစ်ဖွဲ့ချင်းစီ တွေ့ဆုံဆွေးနွေးသွားမည်၊ အစိုးရနှင့်တပ်မတော်အနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်နှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်ကို အခြေခံသော ပြည်ထောင်စုစနစ်ကို အာမခံထားပြီးဖြစ်**
- **မြို့အဝင်စစ်ဆေးရေးဂိတ်များ၌ လုံခြုံရေးဂရုပြုဆောင်ရွက်သွားမည်ဖြစ်ပြီး Online Banking စနစ်ဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကာ အခြေခံပြည်သူများ ဝင်ငွေရရှိရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန်လိုအပ်**
- **တစ်နိုင်ငံလုံးလွှမ်းခြုံသည့် ကျန်းမာရေးစောင့်ရှောက်မှုစနစ် ဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိ**

»» **စာမျက်နှာ ၃ မှ**

### စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်လိုအပ်မှု

မိမိတို့ စတင်တာဝန်ယူချိန်တွင် ကုန်သွယ်မှုလိုငွေများ ဖြစ်ပေါ်ခဲ့သဖြင့် သွင်းကုန်များလျှော့ချ၍ ပြည်တွင်းထုတ်ကုန်များကို ဦးစားပေးဆောင်ရွက်ခဲ့ကြောင်း၊ ယခုအခါ ကုန်သွယ်မှုပိုငွေများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ်တွင် ကိုဗစ်ရောဂါ ဖြစ်ပွားမှုကြောင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများ မျှော်မှန်းသလောက် မရရှိခဲ့ကြောင်း၊ သွင်းကုန်၊ ထုတ်ကုန်များလည်း ပုံမှန်နှစ်များထက် နည်းပါးခဲ့ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ဝင်ငွေများ ရရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ သွင်းကုန်များဖြစ်သည့် စက်သုံးဆီများ ချွေတာသုံးစွဲရန်နှင့် စားသုံးဆီများ လျှော့ချသုံးစွဲနိုင်မည်ဆိုပါက ပြည်ပမှတင်သွင်းမှုကို လျှော့ချနိုင်ပြီး နိုင်ငံခြားငွေသုံးစွဲမှုများ လျော့ကျလာမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ဆီထွက်သီးနှံများ စိုက်ပျိုးနိုင်သည့် မြေသယံဇာတများစွာရှိကြောင်း၊ သီးထပ်၊ သီးညှပ်များ စိုက်ပျိုး၍ စိုက်ပျိုးရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံ၏ GDP သည် တိုးတက်လာမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးတောင်သူများ အပြည့်အဝ စိုက်ပျိုးနိုင်ရေး လိုအပ်သည်များကို နိုင်ငံတော်အစိုးရမှလည်း ဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုကြောင်း၊ စိုက်ပျိုးမှုတစ်ကေချင်း အထွက်နှုန်းများ တိုးတက်မှုရှိစေရေး ဆောင်ရွက်ရန်လိုသကဲ့သို့ လေလွင့်ဆုံးရှုံးမှုများ မရှိစေရေး စနစ်တကျဖြင့် ရိတ်သိမ်းခြင်းများ ဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့်သွင်းအားစုများ ရရှိရေးအတွက် တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် ဇီဝမြေဩဇာများ လုံလောက်စွာရရှိနိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ စိုက်ပျိုး၊ မွေးမြူရေးကို အခြေခံပြီး နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း မှာကြားသည်။

ထို့နောက် ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဦးသိန်းညွန့်၊ မန်းငြိမ်းမောင်၊ ဦးခင်မောင်ဆွေ၊ Jeng Phang နော်တောင်၊ ဒေါ်အေးနုစိန်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်နှင့် ဒေါက်တာဗညားအောင်မိုးတို့က ဒီမိုကရေစီနှင့် ဖက်ဒရယ်ဆိုင်ရာအခွင့်အရေးများနှင့်စပ်လျဉ်း၍ ဆွေးနွေးပွဲများ ကျင်းပနိုင်ရေး၊ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့အဝင်ဂိတ်များတွင် လက်နက်ခဲယမ်း စစ်ဆေးနိုင်သည့် စက်ကိရိယာများတပ်ဆင်ပေးရေး၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲတက်ရောက်ရန် ကျန်ရှိနေသည့် EAO များအား ဆွေးနွေးပွဲတက်ရောက်နိုင်ရန် ငြိမ်းချမ်းရေးလမ်းကြောင်း ဆက်လက်ဖွင့်လှစ်ပေးထားရေး၊ ဒစ်ဂျစ်တယ်ငွေကြေးစနစ် အသုံးပြုနိုင်ရန် ဆောင်ရွက်ပေးရေး၊ ပြည်တွင်းစားသုံးမှုကို မထိခိုက်စေရန် ပြည်ပသို့ ကျွဲ၊ နွားတင်ပို့မှုများ ထိန်းချုပ်၍ ပြည်ပမှ မျိုးသန့်အသားစားနွားများ မွေးမြူနိုင်ရေး၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ တက်ရောက်လာကြမည့် EAO များအား အသိအမှတ်ပြုကြိုဆိုနိုင်ရေး၊ ဂုဏ်ထူးဆောင်ဘွဲ့များပေးအပ်ချီးမြှင့်ခဲ့ရာတွင် ရသင့်ရထိုက်သူများ မကျန်ရှိစေရေး စိစစ်ဆောင်ရွက်ပေးရေး၊ မြေယာစီမံခန့်ခွဲမှုများ၌ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့် အညီဖြစ်စေရေး၊ စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ဝန်ကြီးဌာနအလိုက် အားကစားပြိုင်ပွဲများ ကျင်းပပေးရေး၊ ရခိုင်ပြည်နယ် စစ်တွေမြို့တွင် အခြေခံကျန်းမာရေးသင်တန်းကျောင်း ဖွင့်လှစ်ပေးရေး၊ ချင်းပြည်နယ်၌ ကျောင်းဖွင့်ရာသီတွင် ကျောင်းသား ကျောင်းသူများ ပုံမှန်ကျောင်းတက်နိုင်ရန် စီမံဆောင်ရွက်ပေးရေး၊ အချို့လေကြောင်းလိုင်းများတွင် ကိုဗစ် – ၁၉ ရောဂါ စစ်ဆေးဆောင်ရွက်မှုများကို စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ရေး၊ မြေယာကိစ္စများတွင် ဝန်ထမ်းအချို့ မသမာမှုများရှိနေသည့်အတွက် စိစစ်ဖော်ထုတ်အရေးယူရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

### ငြိမ်းချမ်းရေးနှင့်ပတ်သက်၍

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တင်ပြဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ တရားဥပဒေစိုးမိုးရေးကို ထိခိုက်အောင်လုပ်ဆောင်မှုများကို ထိထိရောက်ရောက် အရေးယူဆောင်ရွက်လျက်ရှိကြောင်း၊ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ EAO များနှင့် တစ်ဖွဲ့ချင်းစီ တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ အစိုးရနှင့်တပ်မတော်အနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်နှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်ကို အခြေခံသော ပြည်ထောင်စုစနစ်ကို အာမခံထားပြီးဖြစ်ကြောင်း၊ မြို့အဝင်စစ်ဆေးရေးဂိတ်များ၌ လုံခြုံရေးဂရုပြုဆောင်ရွက်သွားမည်ဖြစ်ပြီး Online Banking စနစ် ဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကာ အခြေခံပြည်သူများ ဝင်ငွေရရှိရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန်လိုအပ်ကြောင်း။

တစ်နိုင်ငံလုံးလွှမ်းခြုံသည့် ကျန်းမာရေးစောင့်ရှောက်မှုစနစ် ဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် လိုအပ်သည့် ကျန်းမာရေးဝန်ထမ်းများ ဖြည့်ဆည်းခန့်အပ်ပေးရန် ဆောင်ရွက်နေပြီး ကျန်းမာရေးဝန်ထမ်း ခန့်ထားစေလွှတ်နိုင်ရန် ဒေသငြိမ်းချမ်းရေးသည် အရေးကြီးသည့်အတွက် ငြိမ်းချမ်းရေးကို ဦးစားပေး ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အစိုးရလက်ထက်တွင် ငြိမ်းချမ်းရေးအုတ်မြစ်တစ်ခုချမှတ်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ငြိမ်းချမ်းရေးအတွက် ဆွေးနွေးရာတွင် ယုံကြည်မှု၊ ရိုးသားမှုနှင့် ပြည်ထောင်စုအကျိုးကို ရှေးရှုဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို စဉ်းစားဆောင်ရွက်ရာတွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ချိန်ထိုးစဉ်းစား ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ "ခုနက ကျွန်တော်တို့ ဆွေးနွေးတဲ့အချိန်မှာ အုပ်စုနှစ်ခု ကျွန်တော်တို့ တွေ့ပါတယ်။ တစ်ခုကတော့ NCA လက်မှတ်ရေးထိုးထားတဲ့အဖွဲ့၊ ဒုတိယကတော့ NCA လက်မှတ် ရေးထိုးထားခြင်းမပြုရသေးတဲ့အဖွဲ့၊ NCA လက်မှတ်ရေးထိုးထားတဲ့အဖွဲ့ထဲမှာ ၇ ဖွဲ့တက်ဖို့ ရှိပါတယ်။ လက်မှတ်ရေးထိုးထားခြင်း မပြုရသေးတဲ့အဖွဲ့ထဲမှာ ၃ ဖွဲ့တက်ပါမယ်။ လက်မှတ်ရေးထိုးပြီးတော့မှ အကြောင်းပြပြီး မတက်တဲ့အဖွဲ့ ၃ဖွဲ့ရှိပါတယ်။ လက်မှတ်ရေးထိုးထားခြင်းမရှိတဲ့ အဖွဲ့ထဲက မတက်ဘူးလို့ ကြေညာထားတာ ၃ ဖွဲ့ ရှိပါတယ်။ ဒီမှာ မူလက တက်မယ်လို့ ဆန္ဒရှိနေပြီးတော့မှ လာမတက်ဘူးဆိုပြီးတော့ ဆုံးဖြတ်ချက်ချခဲ့တာ KNU အဖွဲ့ဖြစ်ပါတယ်။ KNU ရယ်၊ နောက်တစ်ခါ KIA ရယ်၊ KNPP ကတော့ အဲဒီနယ်မြေတွေမှာရှိတဲ့ တချို့သောသူတို့ဆီက အဖွဲ့အစည်းတွေက ကျွန်တော်တို့ဆီမှာ လက်ရှိအကြမ်းဖက်လို့ သတ်မှတ်ထားတဲ့ PDF နောက်တစ်ခါ CRPH သူတို့နဲ့ ဆက်နွှယ်နေတဲ့ဟာတွေ ရှိတာတွေ့တယ်။ နောက်တစ်ခါ ဒီအဖွဲ့တွေက ပြည်ပနိုင်ငံရဲ့ ပတ်သက်မှုနဲ့ ဆက်နွှယ်နေတယ်လို့လည်း ကျွန်တော်တို့ သိထားပါတယ်။ ဒါကြောင့်လည်း သူတို့က ကျွန်တော်တို့ရဲ့ ဆွေးနွေးပွဲနဲ့ ပတ်သက်ပြီးတော့ မတက်ဘူးဆိုတဲ့ အကြောင်း ထုတ်ပြန်ခဲ့တာဖြစ်တယ်လို့ ကျွန်တော်တို့ တွေ့ရှိရပါတယ်။

### မြန်မာနိုင်ငံရဲ့အရေးကို မြန်မာနိုင်ငံသားတွေပဲ ဆုံးဖြတ်ဖို့ဖြစ်

"နိုင်ငံအရေးမှာ ကိုယ့်ပြည်တွင်းအရေးမှာ ပြည်ပကပါဝင်နေသမျှကာလပတ်လုံး တိုင်းပြည်တည်ငြိမ်အေးချမ်းဖို့ဆိုတာ တော်တော်ခက်ပါတယ်။ မြန်မာနိုင်ငံရဲ့အရေးကို မြန်မာနိုင်ငံသားတွေပဲ ဆုံးဖြတ်ဖို့ဖြစ်ပါတယ်။ တခြားပြည်ပနိုင်ငံတွေကနေပြီးတော့ ဝင်ရောက်စွက်ဖက်ပြီး ဆုံးဖြတ်ရအောင် ဆောင်ရွက်ပေးလို့ ဘယ်လိုမှမဖြစ်နိုင်ဘူး။ မြန်မာနိုင်ငံရဲ့အရေးကို မြန်မာနိုင်ငံသားတွေပဲ ဆုံးဖြတ်ဖို့ဖြစ်မယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ ကျွန်တော်တို့အားနဲ့ပဲ ရအောင်ဆွေးနွေးပြီးတော့မှ ကျွန်တော်တို့ သွားချင်တဲ့၊ ပြည်သူကနေသွားချင်တဲ့ နိုင်ငံရေးရည်မှန်းချက်ပန်းတိုင်ကို မရောက်ရောက်အောင် ကျွန်တော်တို့ ချီတက်ပါမယ်။ ကျွန်တော်တို့ ရှေ့လုပ်ငန်းစဉ် (၅)ရပ်လည်း ချမှတ်ထားတာ ဖြစ်ပါတယ်။ ဒီရှေ့လုပ်ငန်းစဉ် (၅)ရပ်ကို အောင်မြင်အောင်လို့ဆိုတာလည်း ငြိမ်းချမ်းရေးကိစ္စရပ်တွေကလည်း များစွာဆက်နွှယ်နေပါတယ်။ ဒါကြောင့် ဒီငြိမ်းချမ်းရေးကို ကျွန်တော်တို့အနေနဲ့ ကျွန်တော်တို့ရဲ့ ပြည်သူများရဲ့ဆန္ဒနဲ့အညီ ဆောင်ရွက်ဖို့ဖြစ်ပါတယ်။ ဒေသတစ်ခုတည်း၊ အုပ်စုတစ်ခုတည်းကို သွားပြီးတော့မှ အလေးထားဆောင်ရွက်သွားမယ်ဆိုလို့ရှိရင်တော့ ပြည်သူအများရဲ့ဆန္ဒနဲ့ ကိုက်ညီဖို့ကတော့ ခဲယဉ်းတယ်ဆိုတာလေးလည်း ကျွန်တော်တို့ တွေ့ရမှာဖြစ်ပါတယ်။ တကယ်ငြိမ်းချမ်းရေးလိုချင်လို့ရှိရင် ငြိမ်းချမ်းရေးလိုချင်တဲ့စိတ်နဲ့ လာကြဖို့ရယ်၊ ကျွန်တော်တို့သွားနေတဲ့ ဒီမိုကရေစီလမ်းကြောင်းမှာ ဒီမိုကရေစီ တကယ်မှန်မှန်ကန်ကန် ဖြစ်ချင်တယ်ဆိုလို့ရှိရင် ဒီမိုကရေစီလိုချင်တဲ့ဆန္ဒရယ်၊ ပြည်ထောင်စုအတွင်းမှာ နေထိုင်ကြတဲ့ ပြည်ထောင်စုတိုင်းရင်းသားအားလုံး ပြည်ထောင်စုစိတ်ဓာတ်နဲ့ လုပ်မယ်ဆိုရင်၊ တိုင်းပြည်အတွက် ကျွန်တော်တို့ ရည်မှန်းချက်ပန်းတိုင်ကို ဘယ်လိုပဲဖြစ်ဖြစ် အောင်မြင်မယ်ဆိုတဲ့ အမြင်ရှိတယ်ဆိုရင်၊ ပြည်ထောင်စုစိတ်ဓာတ်နဲ့ လုပ်ကြမယ်ဆိုရင် ဒီငြိမ်းချမ်းရေးဆွေးနွေးပွဲသည် မအောင်မြင်စရာအကြောင်းမရှိဘူးလို့ ကျွန်တော်တော့ မြင်ပါတယ်" ဟု ပြောကြားသည်။

### ပြည်သူကရွေးချယ်သည့် အုပ်ချုပ်ရေးစနစ်

ယင်းနောက် ဒီမိုကရေစီစနစ်ဆိုသည်မှာ ပြည်သူကရွေးချယ်သည့် အုပ်ချုပ်ရေးစနစ်ဖြစ်ပြီး ဖက်ဒရယ်စနစ်ဆိုသည်မှာ လုပ်ပိုင်ခွင့်အာဏာနှင့် ရပိုင်ခွင့်များကို မျှဝေခွဲဝေခံစားစေခြင်းဖြစ်ကြောင်း၊ ဖက်ဒရယ်ဆိုသည်မှာ မတူကွဲပြားနေသည့် တိုင်းဒေသကြီးများ၊ ပြည်နယ်များ၊ လူမျိုးများ၊ လူမျိုးစုများကို စုစည်းလုပ်ကိုင်ရာမှ လုပ်ကိုင်နိုင်ခွင့်များကို ခွဲဝေကျင့်သုံးသည့် အယူအဆသဘောတရားဖြစ်ပြီး ပေါင်းစည်းနေထိုင်ခြင်း၊ မျှဝေခံစားခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ အဓိကလိုအပ်ချက်သည် တိုင်းပြည်သာယာဝပြောရေး၊ စားရေရိက္ခာပေါများရေးပင်ဖြစ်ကြောင်း၊ သာယာဝပြောရေးဆိုသည်မှာ ငြိမ်းချမ်းရေးကိုအခြေခံ၍ အလုပ်အကိုင် အခွင့်အလမ်းများ အားလုံးကို ဒီမိုကရေစီနည်းလမ်းနှင့်အညီ ဆောင်ရွက်နိုင်မည်ဆိုပါက တိုင်းပြည်သာယာဝပြောမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်ကို ဦးဆောင်နေသည့် အစိုးရက ဖန်တီးဆောင်ရွက်ပေးနေရမည်ဖြစ်ကြောင်း၊ ထိုသို့ ဖန်တီးပေးနိုင်မှသာ စားရေရိက္ခာများလည်း ပေါများလာမည်ဖြစ်ကြောင်း၊ အဆိုပါ ကိစ္စရပ်နှစ်ခုသည် အပြန်အလှန်ချိတ်ဆက်လျက်ရှိပြီး ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် ငြိမ်းချမ်းရေးရရှိရေး မျှော်မှန်းချက်ထား ဆောင်ရွက်ကြရန်လိုကြောင်းဖြင့် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**ဒီငြိမ်းချမ်းရေးကို ကျွန်တော်တို့အနေနဲ့ ကျွန်တော်တို့ရဲ့ ပြည်သူများရဲ့ဆန္ဒနဲ့အညီ ဆောင်ရွက်ဖို့ဖြစ်ပါတယ်။ ဒေသတစ်ခုတည်း၊ အုပ်စုတစ်ခုတည်းကို သွားပြီးတော့မှ အလေးထားဆောင်ရွက်သွားမယ်ဆိုလို့ရှိရင်တော့ ပြည်သူအများရဲ့ဆန္ဒနဲ့ ကိုက်ညီဖို့ကတော့ ခဲယဉ်းတယ်ဆိုတာလေးလည်း ကျွန်တော်တို့တွေ့ရမှာဖြစ်ပါတယ်။ တကယ်ငြိမ်းချမ်းရေးလိုချင်လို့ရှိရင် ငြိမ်းချမ်းရေးလိုချင်တဲ့စိတ်နဲ့ လာကြဖို့ရယ်၊ ကျွန်တော်တို့သွားနေတဲ့ ဒီမိုကရေစီလမ်းကြောင်းမှာ ဒီမိုကရေစီ တကယ်မှန်မှန်ကန်ကန် ဖြစ်ချင်တယ်ဆိုလို့ရှိရင် ဒီမိုကရေစီလိုချင်တဲ့ဆန္ဒရယ်၊ ပြည်ထောင်စုအတွင်းမှာ နေထိုင်ကြတဲ့ ပြည်ထောင်စုတိုင်းရင်းသားအားလုံး ပြည်ထောင်စုစိတ်ဓာတ်နဲ့ လုပ်မယ်ဆိုရင်၊ တိုင်းပြည်အတွက် ကျွန်တော်တို့ရည်မှန်းချက်ပန်းတိုင်ကို ဘယ်လိုပဲဖြစ်ဖြစ် အောင်မြင်မယ်ဆိုတဲ့ အမြင်ရှိတယ်ဆိုရင်၊ ပြည်ထောင်စုစိတ်ဓာတ်နဲ့ လုပ်ကြမယ်ဆိုရင် ဒီငြိမ်းချမ်းရေးဆွေးနွေးပွဲသည် မအောင်မြင်စရာအကြောင်းမရှိဘူးလို့ ကျွန်တော်တော့ မြင်ပါတယ်**

# ဘွဲ့လွန်စာကြည့်တိုက်စီမံခန့်ခွဲမှုပညာ ဒီပလိုမာသင်တန်းဖွင့်ပွဲ အခမ်းအနား ကျင်းပ



**နေပြည်တော် မေ ၁၂**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနနှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ်(ရန်ကုန်/မန္တလေး)တို့ ပူးပေါင်း၍ အမျိုးသားစာကြည့်တိုက်(ရန်ကုန်/နေပြည်တော်) တို့တွင် ဖွင့်လှစ်သင်ကြားသည့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ် ဘွဲ့လွန်စာကြည့်တိုက်စီမံခန့်ခွဲမှုပညာ ဒီပလိုမာသင်တန်းများ၏ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အမျိုးသားစာကြည့်တိုက် (နေပြည်တော်) ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပသည်။

**တတ်မြောက်ထားရန် အရေးကြီး**

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက စာကြည့်တိုက်ဆိုသည်မှာ လွတ်လပ်စွာပညာရှာနိုင်သော တက္ကသိုလ်၊ ပညာဘဏ်တိုက်တစ်ခု (True University is Library) ဖြစ်ကြောင်း၊ ယနေ့ခေတ်ကာလ စာကြည့်တိုက်များမှာ ခေတ်ဟောင်းစာပေ၊ ခေတ်သစ်စာပေများသာမက ခေတ်မီ အီလက်ထရွန်နစ် နည်းပညာကို အသုံးပြုပြီး ဖတ်ရှုနိုင်သည့် အီလက်ထရွန်နစ်စာအုပ်များ၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများကို စုဆောင်းထားရှိသည့်အပြင် မိမိအလိုရှိရာ ပညာရပ်များကို လွယ်ကူစွာရှာဖွေနိုင်သော ခေတ်မီနည်းစနစ်များနှင့် ချိတ်ဆက်ထားရှိလာကြကြောင်း၊ ထို့အတူ စာကြည့်တိုက်လုပ်ငန်းအနေဖြင့်လည်း သမားရိုးကျ စာကြည့်တိုက်စနစ်မှ ခေတ်မီသတင်းအချက်အလက် နည်းပညာများကို အသုံးပြုပြီး လျင်မြန်သော အရှိန်အဟုန်ဖြင့် ခေတ်မီလာကြသည့်အပြင် သတင်းအချက်အလက် စုဆောင်းထိန်းသိမ်းခြင်းနှင့် ပညာရပ်ဖြန့်ချိမှုနယ်ပယ် နည်းပညာရပ်များသည် လည်းကျယ်ပြန့်လာကြောင်း၊ စာကြည့်တိုက်တစ်ခု တည်ထောင်ရန် စာပေပစ္စည်းများကို ကောင်းမွန်စွာ စနစ်တကျ ကိုင်တွယ်ထိန်းသိမ်းရန်အတွက် စာကြည့်တိုက်များ၊ သတင်းအချက်အလက် စင်တာများကို တာဝန်ယူရမည့်သူ၊ ကြီးကြပ်ရမည့်သူတစ်ဦး အနေဖြင့် စာကြည့်တိုက်ပညာကို စာတွေ့သာမက လက်တွေ့ပါ တတ်မြောက်ထားရန် အရေးကြီးကြောင်း၊ ယခုဖွင့်လှစ်သည့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ် ဒီပလိုမာသင်တန်းများတွင် အရည်အချင်းမီ အောင်မြင်သူများအနေဖြင့် မဟာဘွဲ့သင်တန်းများသို့ ဆက်လက်ပညာ ဆည်းပူးခွင့်ရစေရန်အတွက် ပညာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းသဘောတူထားပြီး ဖြစ်ကြောင်း၊ ထို့ကြောင့် ဒီပလိုမာ သင်တန်းသားများကို မှာကြားလိုသည်မှာ ယခုသင်တန်းသည် မဟာဘွဲ့/ပါရဂူဘွဲ့ရရှိနိုင်သည့် လမ်းကြောင်းကို စတင်ဖောက်ပေးသော သင်တန်းဖြစ်သည့်အပြင် အသက်မွေးဝမ်းကျောင်းပညာရပ်လည်း ဖြစ်သည့်အတွက် စိတ်ပါဝင်စားစွာ လေ့လာကြရန် တိုက်တွန်းလိုပါကြောင်းနှင့် သင်တန်းကာလတစ်လျှောက် သင်ကြားပေးသော ပညာရပ်များအပြင် ဆရာ ဆရာမများထံမှ အတွေ့အကြုံဗဟုသုတများကို လေ့လာမှတ်သားပြီး စာကြည့်တိုက်ပညာရပ် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ကြပါစေကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်က သင်တန်းဖွင့်လှစ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ပြီး သင်တန်းသား သင်တန်းသူများက တစ်ဦးချင်း မိတ်ဆက်စကား ပြောကြားသည်။

ယခုဖွင့်လှစ်သည့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ် ဘွဲ့လွန်စာကြည့်တိုက် စီမံခန့်ခွဲမှုပညာ ဒီပလိုမာ သင်တန်းများသို့ အမျိုးသားစာကြည့်တိုက်(ရန်ကုန်)၌ သင်တန်းသား သင်တန်းသူ ၂၈ ဦးနှင့် အမျိုးသားစာကြည့်တိုက်(နေပြည်တော်)၌ သင်တန်းသား သင်တန်းသူ ၂၆ ဦး တက်ရောက်ကြမည်ဖြစ်ပြီး သင်တန်းကာလမှာ တစ်နှစ်ခွဲ ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တောင်ကြီးခရိုင်အတွင်းရှိ အကျဉ်းထောင်၊ အချုပ်ထောင်၊ စိုက်/မွေးစခန်းများနှင့် တောင်ကြီးမြို့မနှင့် နယ်မြေရဲစခန်းအချုပ်ခန်းတို့ကို ကြည့်ရှုစစ်ဆေး



**နေပြည်တော် မေ ၁၂**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့် ဦးဆောင်သော အဖွဲ့သည် မေ ၉ ရက်နှင့် ၁၀ ရက်တို့တွင် တောင်ကြီးမြို့နယ်ရှိ တောင်လေးလုံး စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်းနှင့် ညောင်ရွှေအကျဉ်းထောင်ကိုလည်းကောင်း၊ မေ ၁၁ ရက်တွင် ရပ်စောက်မြို့နယ်ရှိ ဘန်းကန်နှင့်ထီးခမ်း စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်းများကို လည်းကောင်း၊ မေ ၁၂ ရက်တွင် တောင်ကြီးမြို့ပေါ်ရှိ မြို့မရဲစခန်း အချုပ်ခန်း၊ နယ်မြေရဲစခန်း အချုပ်ခန်းနှင့် တောင်ကြီးအချုပ်ထောင်တို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

အကျဉ်းထောင်၊ အချုပ်ထောင်နှင့် ရဲစခန်းအချုပ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးစဉ် ကော်မရှင်ဥပဒေပြဋ္ဌာန်းချက်များ၊ ကော်မရှင်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ အကျဉ်းသား၊ အချုပ်သားများကို အုပ်စုလိုက်ခွဲ၍ တွေ့ဆုံကာ အကျဉ်းသား၊ အချုပ်သားတစ်ဦး၏ အနိမ့်ဆုံးရရှိမည့် အခွင့်အရေးဖြစ်သော နေထိုင်စားသောက်မှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ထောင်ဝင်စာပစ္စည်း စုံလင်စွာရရှိခြင်း ရှိ၊ မရှိ၊ ရသင့်ရထိုက်သော အသုံးအဆောင်ပစ္စည်းများရရှိခြင်း ရှိ၊ မရှိနှင့် ညှဉ်းပန်းနှိပ်စက်မှု ရှိ၊ မရှိ စသည်တို့ကို မေးမြန်းမှတ်တမ်းတင်ခြင်းနှင့် ယခင်က ကြည့်ရှုစစ်ဆေးခဲ့သည့် အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ထားမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

အကျဉ်းထောင်၊ အချုပ်ထောင်နှင့် စိုက်/မွေးစခန်းများကို ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများ၏ အိပ်ဆောင်များ၊ ထောင်တွင်းဆေးခန်း၊ တိုက်ခန်းများ၊ စာကြည့်တိုက်၊ စားဖိုကြီး၊ ရိက္ခာဂိုထောင်၊ ရေသန့်စက်၊ သောက်ရေနှင့် သုံးရေကန်များ၊ မိလ္လာများ သန့်ရှင်းမှု ရှိ၊ မရှိကို လည်းကောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် အကျဉ်းထောင်၊ အချုပ်ထောင်နှင့် စိုက်/မွေးစခန်းများရှိ အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများအတွက် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း မြန်မာပြန်စာသားများပါရှိသော မှတ်စုစာအုပ်များနှင့် ဗဟုသုတရဖွယ်ရာ စာအုပ်စာပေ ၇၀၀ တို့ကို ကော်မရှင်မှ လှူဒါန်းခဲ့ရာ တာဝန်ခံအရာရှိများမှ လက်ခံရယူသည်။

ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို လိုအပ်သလို အရေးယူဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာသို့ ပေးပို့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် မြရည်နန္ဒာငွေစုငွေချေး သမဝါယမအသင်း အမှုဆောင်သစ် ရွေးချယ်တင်မြှောက်

**နေပြည်တော် မေ ၁၂**

နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်အစည်းအဝေးခန်းမ(၂)တွင် မြရည်နန္ဒာငွေစုငွေချေးသမဝါယမအသင်း၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်နှင့် ၂၀၂၁-၂၀၂၂ ခြောက်လဘဏ္ဍာနှစ်အတွက် အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်တင်မြှောက်ခြင်း အခမ်းအနားကို မေ ၁၁ ရက် မွန်းလွဲ ၂ နာရီတွင် ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဇေယျာသီရိမြို့နယ် သမဝါယမဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ မြရည်နန္ဒာ သမဝါယမအသင်းသူ အသင်းသားများ တက်ရောက်ခဲ့ပြီး အမှုဆောင်သစ် ရွေးချယ်တင်မြှောက်ခြင်း၊ ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းအစီရင်ခံစာနှင့် စာရင်းစစ်အဖွဲ့၏ အစီရင်ခံစာများအား ရှင်းလင်းတင်ပြခြင်းတို့ဆောင်ရွက်ခဲ့ပြီး ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များနှင့် မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိများက အသင်းကိုယ်စား အသင်းသားများအား စားသုံးဆီ ထောက်ပံ့ချီးမြှင့်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ခရိုင်စိုက်ပျိုးထုတ်လုပ်မှု ကြီးကြပ်ရေးအဖွဲ့နှင့် နွေစပါးစိုက်တောင်သူများ တွေ့ဆုံပွဲ ကျင်းပ

**ငပုတော မေ ၁၂**

ငပုတောမြို့နယ်တွင် ခရိုင်စိုက်ပျိုးထုတ်လုပ်မှုကြီးကြပ်ရေးအဖွဲ့နှင့် နွေစပါးစိုက်တောင်သူများ တွေ့ဆုံပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ငပုတောမြို့နယ်အတွင်းရှိ အုပ်ပင်စုကျေးရွာ၊ ကံစုကျေးရွာနှင့် ဖျန်ရေကျော်ကျေးရွာတို့တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ရှင်းလင်းဆွေးနွေး**

ရှေးဦးစွာ ခရိုင်စိုက်ပျိုးထုတ်လုပ်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလင်းကိုကိုက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဝင်းစိုးက စိုက်ပျိုးရေးနှင့် ပတ်သက်သည့် တောင်သူများ သိသင့်သိထိုက်သည့် အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးပြောကြားခဲ့သည်။



ဆက်လက်ပြီး ခရိုင်စိုက်ပျိုးထုတ်လုပ်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် နွေစပါးစိုက်ပျိုးနိုင်ရန်အတွက် ရေရရှိနိုင်ရေး၊ ရေသိုလှောင်နိုင်ရေးအတွက် အုန်းပင်စု၊ သက်ကယ်ချောင်းရေမြောင်းအား ပြန်လည်တူးဖော်နိုင်ရေးနှင့် စပါးကြီးချောင်းအတွင်း ရေတံခါးဆောက်လုပ်နိုင်မည့်နေရာများသို့ လိုက်လံကြည့်ရှုခဲ့ကြပြီး သက်ဆိုင်ရာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ခေတ်အဆက်ဆက် နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေးကြိုးပမ်းမှုများ

**"ရင်းနှီးနွေးထွေးခြင်းနဲ့ ဆုံကြမယ်၊ ငြိမ်းချမ်းအေးမြခြင်းကို အတူခံစားမယ်၊ စေတနာတရားရဲ့အဓိပ္ပာယ် ရင်းနှီးတဲ့အခါသိလိမ့်မယ်၊ ရန်ငြိုးခြင်းရဲ့အဓိပ္ပာယ် ငြိမ်းချမ်းတဲ့အခါ သိလိမ့်မယ်"တစ်ခေတ်တစ်ခါက မြန်မာ့အသံနှင့်ရုပ်မြင်သံကြားၓ မကြာခဏထုတ်လွှင့်သော "ငြိမ်းချမ်းရေးပန်းခင်း" တေးသီချင်းကား လက်ရှိကာလအထိ မရိုးနိုင်ပေ။ ခေတ်မီနေဆဲ။**

ဇာနည်ဘွား

### ၇၅ နှစ်ရှိခဲ့ပြီ

အဘယ်ကြောင့်ဆိုသော် မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခ အရှည်ကြာဆုံးနိုင်ငံတစ်နိုင်ငံ ဖြစ်နေသောကြောင့်ပင်။ ၇၅ နှစ်ရှိခဲ့ပြီ။

မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် လွတ်လပ်ရေး ရရှိခဲ့သည်။ ထိုအချိန်တွင် မူဂျာဟစ်များနှင့် အလံနီကွန်မြူနစ်များက သူပုန်ထ၍ အတော်ပင်အရှိန်ရနေခဲ့ချေပြီ။ ထို့နောက် ၁၉၄၈ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် သခင်သန်းထွန်းခေါင်းဆောင်သော ဗမာပြည် ကွန်မြူနစ်ပါတီ တောခိုသွားသည်။ စင်စစ်အားဖြင့် မြန်မာနိုင်ငံသည် လွတ်လပ်ရေးရသည့်အချိန်မှစပြီး နှစ်လကျော်ကျော်မျှသာ သက်သောင့်သက်သာနေလိုက်ရရှာသည်။

ထိုစဉ်က ကြေကွဲဖွယ်ရာ နိုင်ငံ့အရေးနှင့်ပတ်သက်၍ ဝန်ကြီးချုပ်ဟောင်း ဦးနုက "အဲဒီအချိန်မှာ ပြည်ထောင်စုရဲ့နောင်ရေးဟာ အတော်လေးမှောင်နေပြီဆိုတာကို သိပ်ပြီးတောင် အကဲခတ်ဖို့ မလိုပါဘူး။ ခပ်လွယ်လွယ်နဲ့မြင်နိုင်ပါတယ်။ ပြည်တွင်းမှာထတဲ့ သူပုန်တွေကလည်း ထကုန်ပြီ၊ နောက်လာမယ့် သူပုန်လောင်းတွေကလည်း သူပုန်ထတမ်းကစားကြဖို့ အရှိန်ယူနေကြတယ်"ဟု အတိတ်အကြောင်းကို အမှတ်တရ ပြန်ပြောင်းရေးသားခဲ့သည်။

တကယ်တော့ ထိုစဉ်က ဝန်ကြီးချုပ်သခင်နုခေါင်းဆောင်သော ပါလီမန်ဒီမိုကရေစီအစိုးရသည် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခကို ရှောင်လွှဲနိုင်ရေးအတွက် အစွမ်းကုန်ကြိုးပမ်းခဲ့ပါသည်။ ၁၉၄၈ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် ဝန်ကြီးချုပ် ဦးနုသည် အာဇာနည်ကုန်း၌ ကျင်းပသည့် တော်လှန်ရေးနေ့အထိမ်းအမှတ် လူထုအစည်းအဝေးတွင် သွေးထွက်သံယိုဖြစ်မည့်လမ်းစဉ်ကို မလိုက်ကြရန်၊ ငြိမ်းချမ်းရေးလမ်းစဉ်ကိုသာ လိုက်ကြရန်နှင့် ကွန်မြူနစ်၊ ဆိုရှယ်လစ်၊ ပြည်သူ့ရဲဘော် အစရှိသည့်နိုင်ငံရေးသမားများ ညီညွတ်နိုင်ကြလျှင် ဝန်ကြီးချုပ်ရာထူးကရော ဖဆပလဥက္ကဋ္ဌရာထူးကပါ ထွက်ပေးမည်ဖြစ်ပြီး အများလက်ခံသူတစ်ဦးကို တင်မြှောက်ပေးပါ့မည်ဟု ပြောကြားခဲ့သည်။

သို့ရာတွင် ထိုတစ်ရက်တည်းမှာပင် ဗန္ဓုလပန်းခြံ၌ကျင်းပသည့် တော်လှန်ရေးနေ့အခမ်းအနားတွင် သခင်သန်းထွန်းက ဖဆပလအစိုးရကို လက်နက်နှင့် ဖြုတ်ချရမည်၊ ဗားကရာချောက်ကြီးကို ဖဆပလအရိုးနှင့်ဖို့ပစ်မည် စသဖြင့်ဖဆပလအစိုးရကို ခြိမ်းခြောက်စိန်ခေါ်ခဲ့လေသည်။

မြန်မာနိုင်ငံလွတ်လပ်ရေးမှာ အစစ်အမှန်မဟုတ်၊ အတုအယောင်သာ ဖြစ်သည်။ လွတ်လပ်ရေးကိုလက်ခံသော ဖဆပလအစိုးရနှင့် ခေါင်းဆောင်များသည် တိုင်းပြည်၏သစ္စာဖောက်များဖြစ်၍ အစိုးရကိုတိုက်ဖျက်ကာ အမျိုးသား လွတ်မြောက်ရေးတိုက်ပွဲ ဆက်လက်ဆင်နွှဲရမည်ဖြစ်ကြောင်း ဗမာပြည်ကွန်မြူနစ်ပါတီက မူလကတည်းက ကြေညာခဲ့သည်။



၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်က တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲအခမ်းအနား ကျင်းပစဉ်။

### ပေါက်ကုန်းကြီးတိုက်ပွဲမှ အစပြုခဲ့သည့် သေနတ်သံ

ထိုသို့ ဗမာပြည်ကွန်မြူနစ်ပါတီ၏ တစ်ယူသန်ဝါဒစွဲကြောင့် ဖဆပလသည် ငြိမ်းချမ်းရေးအတွက်ဆွေးနွေးရန် လမ်းစမပေါ်နိုင်တော့၍ မတ်လ ၂၈ ရက်နေ့တွင် ကွန်မြူနစ်ခေါင်းဆောင်များကို ဖမ်းဆီးရန် စီစဉ်ဆောင်ရွက်လေတော့သည်။ သို့သော် နောက်ကျသွားခဲ့လေပြီ။ ကွန်မြူနစ် ခေါင်းဆောင်ပိုင်းသည် မြေလျှိုး၍တောခိုသွားခဲ့ကြပြီ ဖြစ်သည်။ ဤသို့ဖြင့် ၁၉၄၈ ခုနှစ် ဧပြီလ ၂ ရက်နေ့တွင် ပဲခူးခရိုင် ပေါက်ကုန်းကြီးတိုက်ပွဲမှ အစပြုခဲ့သည့်သေနတ်သံဖြင့် မြန်မာနိုင်ငံ၏ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခသည် စတင်လေတော့သည်။

ဖဆပလအစိုးရသည် ကွန်မြူနစ်၊ ဆိုရှယ်လစ်၊ ပြည်သူ့ရဲဘော်အဖွဲ့အစည်းများနှင့် လက်ဝဲညီညွတ်ရေးကို တည်ဆောက်နိုင်ရန် အချက် ၁၅ ချက်ပါဝင်သော လက်ဝဲညီညွတ်ရေးလမ်းစဉ် တစ်ခုကိုရေးဆွဲပြီး ၁၉၄၈ ခုနှစ် မေလ ၂၅ ရက်နေ့တွင်ကျင်းပသည့် လူထုအစည်းအဝေးကြီးတွင် ကြေညာခဲ့ပြန်ပါသည်။ သို့ရာတွင် နောက်ဆုံးအချက်ဖြစ်သည့် မာ့စ်ဝါဒစည်းပင်ပြန့်ပွားရေးဟူသည့်အချက်မှာ အငြင်းပွားဖွယ်ရာ ဖြစ်လာခဲ့သည်။ အင်္ဂလန်နှင့် အမေရိကန် သတင်းစာတချို့က မြန်မာနိုင်ငံသည် ကွန်မြူနစ်နိုင်ငံဖြစ်သွားပြီဟု ရေးသားခဲ့ကြရုံမက ဗြိတိန်ကလည်း မြန်မာနိုင်ငံသည် ကွန်မြူနစ်ဖြစ်သွားပါလျှင် ဗြိတိသျှအစိုးရ၏သဘောထားကို ပြောင်းလဲရလိမ့်မည်ဟု တင်းတင်းမာမာကြေညာပြန်သည်။

သို့နှင့် နောက်ဆုံးအချက်ကို ပယ်ဖျက်၍ နောင်တွင် သမိုင်းတွင်မည့် နု-မူ ၁၄ ချက်ကိုသာ ထုတ်ပြန်ခဲ့ရသည်။ ထိုသို့ ဝန်ကြီးချုပ်သခင်နုက ကွန်မြူနစ်များနှင့် လက်ဝဲညီညွတ်ရေးကို တည်ဆောက်နိုင်ရန် နု-မူ ၁၄ ချက်ကို စေတနာမှန်ဖြင့် ထုတ်ပြန်ကြေညာခဲ့သော်လည်း ဖွတ်မရ ဓားမဆုံး ပြည်သူ့ရဲဘော်တို့နှစ်ခြမ်းကွဲသွားခဲ့ပြီး ရဲဘော်ဖြူတို့က ၁၉၄၈ ခုနှစ် ဇူလိုင်လ ၁၆ ရက်နေ့တွင် တောခိုသွားခဲ့ကြပြန်သည်။

### အန်တု ပုန်ကန်တိုက်ခိုက်

ထိုစဉ် အတောအတွင်းမှာပင် ကေအင်န်ဒီအိုတို့က သထုံ၊ မော်လမြိုင်တို့ကိုသိမ်းပိုက်ပြီး ၁၉၄၉ ခုနှစ် ဇန်နဝါရီလ ၂၉ ရက်နေ့တွင် စောဘဦးကြီးခေါင်းဆောင်သော ကေအင်န်ဒီအိုများက အင်းစိန်မြို့ကို စီးနင်းသိမ်းပိုက်၍ ဖဆပလအစိုးရကို အတိအလင်းအန်တု ပုန်ကန်တိုက်ခိုက်လာတော့သည်။

ဆက်လက်၍ ၁၉၅၈ ခုနှစ် မေလ ၂၁ ရက်နေ့တွင် N.S.H ခေါ် နွံစစ်ဟန် (ရဲရင့်သောလူငယ်များအဖွဲ့)အမည်ဖြင့် ရှမ်းလက်နက်ကိုင်အဖွဲ့အစည်းတစ်ရပ် ထပ်မံပေါ်ပေါက်လာပြန်သည်။ ၁၉၅၉ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် စိုင်းနွဲ့ ဦးစီးသောအဖွဲ့သည် "ရှမ်းတော်လှန်ရေးစပြီ"ဟု ကြွေးကြော်၍ တပ်မတော်၏ ပုံပါကျင်စခန်းကို တိုက်ခိုက်လေတော့သည်။

ယင်းနောက် ၁၉၆၁ ခုနှစ် ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် အချုပ်အခြာအာဏာပိုင်သည့် သီးခြားလွတ်လပ်သော ကချင်သမ္မတနိုင်ငံ ထူထောင်ရန်ဟုဆိုကာ ကွတ်ခိုင်နယ်မြေ၌ ကချင်လွတ်မြောက်ရေးတပ်မတော်(ကေအိုင်အေ)နှင့် ကချင်လွတ်မြောက်ရေးကောင်စီ (ကေအိုင်စီ)တို့ ပေါ်ပေါက်လာပြန်သည်။

"ဗမာနိုင်ငံမှာ လယ်တွေအများကြီးရှိတယ်။ ဒီလယ်တွေကြောင့် ဗမာနိုင်ငံဟာ ကမ္ဘာပေါ်မှာ ဆန်အများဆုံးတင်ပို့ရောင်းချနိုင်တဲ့ နိုင်ငံဖြစ်နေတယ်။ ဒီလယ်တွေအပြင် အဖိုးတန်ကျွန်းသစ်တွေထွက်တဲ့ သစ်တောတွေလည်း အများကြီးရှိတယ်။ သတ္တုမျိုးစုံရှိတယ်။ ပတ္တမြားတွင်းတွေရှိတယ်။ ရေနံတွင်းတွေရှိတယ်။ ပြည်ထောင်စုသားတွေ လူချမ်းသာတွေဖြစ်အောင် အဘက်ဘက်က ကူညီထောက်ပံ့နိုင်တဲ့ ရေဝတီမြစ်ကြီးကလည်း ပြည်ထောင်စုကို အရှေ့နဲ့အနောက် နှစ်ခြမ်းခွဲပြီး မြောက်ဘက်က တောင်ဘက်ကို စီးဆင်းနေတယ်။ မိုးလေဝသလည်း အထူးကောင်းတယ်။ လူဦးရေကျတော့ အင်မတန်နည်းတယ်။ အဲဒါကြောင့် ကျွန်တော်တို့ ပြည်ထောင်စုထဲမှာ ပြည်တွင်းစစ်မဖြစ်ရဘဲ စိတ်ချမ်းချမ်းသာသာနဲ့အလုပ်လုပ်ခွင့်ရကြမယ်ဆိုရင် ပြည်ထောင်စုမြန်မာနိုင်ငံဟာ မိသားစုတိုင်းကို အိမ်တစ်ဆောင်၊ မော်တော်ကားတစ်စီး၊ လစဉ်ဝင်ငွေကျပ် ၈၀၀ ကနေ ကျပ် ၁၀၀၀ ရအောင် လုပ်ပေးနိုင်တဲ့အထိ ချမ်းသာတဲ့နိုင်ငံဖြစ်မယ်"ဟူ၍ ဝန်ကြီးချုပ် ဦးနုက ၁၉၅၂ ခုနှစ် အာဇာနည်နေ့ မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။ သို့ရာတွင် ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများသည် ပို၍ပြင်းထန်လာခဲ့ပေသည်။

တော်လှန်ရေးကောင်စီ အစိုးရခေတ်တွင်လည်း ပြည်တွင်းငြိမ်းချမ်းရေးဆွေးနွေးပွဲနှင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးလုပ်ငန်းများကို ဦးစားပေးဆက်လက်ဆောင်ရွက်ခဲ့ပါသည်။

### တွေ့ဆုံဆွေးနွေး

အမျိုးသား စည်းလုံးညီညွတ်မှုကို ထူထောင်ရာ၌ တော်လှန်ရေးကောင်စီသည် လက်နက်ကိုင်လမ်းစဉ်ကျင့်သုံးနေသော တောတွင်းလက်နက်ကိုင်အဖွဲ့အစည်းများကို ဥပဒေဘောင်အတွင်းသို့ ဖိတ်ခေါ်၍ လူသစ်စိတ်သစ်ဖြင့် နိုင်ငံတော်ထူထောင်ရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်အမိန့်ကို ၁၉၆၃ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

အထွေထွေ လွတ်ငြိမ်းချမ်းသာခွင့်အမိန့် ထုတ်ပြန်ပြီးနောက် တောတွင်းလက်နက်ကိုင်အဖွဲ့အစည်းများမှ အဖွဲ့ဝင်များစွာတို့သည် ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြသည်။ သို့သော် ဗမာပြည်ကွန်မြူနစ်ပါတီကဲ့သို့သော တောတွင်းလက်နက်ကိုင် အဖွဲ့အစည်းအချို့ကမူ အထွေထွေ လွတ်ငြိမ်းချမ်းသာခွင့်ကို လက်မခံနိုင်ဟုဆိုကာ တွေ့ဆုံဆွေးနွေးရေးကို တောင်းဆိုခဲ့ကြသည်။ ထို့ကြောင့် တော်လှန်ရေးကောင်စီသည် ပြည်တွင်းငြိမ်းချမ်းရေးကို ပြန်လည်တည်ဆောက်ရန်အတွက် တွေ့ဆုံဆွေးနွေးရန် ကမ်းလှမ်းချက်ကို ၁၉၆၃ ခုနှစ် ဇွန်လ ၁၁ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။

တွေ့ဆုံဆွေးနွေးရန် ကမ်းလှမ်းချက်တွင်-

- တောတွင်းလက်နက်ကိုင် အဖွဲ့အစည်းများသည် ပြည်တွင်းငြိမ်းချမ်းရေးတည်ဆောက်လို၍ အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်သည် မလုံလောက်ဟုဆိုပါက တော်လှန်ရေးကောင်စီသည် ပြဿနာအဝဝကို ကူညီဖြေရှင်းလိုပါသည်။
- တွေ့ဆုံဆွေးနွေးရာ၌ ကြိုတင်စည်းကမ်းသတ်မှတ်ချက်မျိုး မထားဘဲ တိုင်းပြည်၏ ပကတိအခြေအနေကို လက်တွေ့ကျကျ ဆွေးနွေးဖြေရှင်းမည်။
- ဆွေးနွေးရာတွင် အမြတ်မထုတ်ကြဘဲ လုပ်သားပြည်သူတို့အကျိုးကိုသာ အာရုံစိုက်ဆွေးနွေးမည်။
- မည်သည့်အကြောင်းနှင့် ဖြစ်စေ တောတွင်း၌ ရောက်ရှိနေကြသော မည်သည့် လက်နက်ကိုင်အဖွဲ့အစည်းနှင့်မဆို တွေ့ဆုံဆွေးနွေးမည်။
- လာရောက်ဆွေးနွေးသော တောတွင်းအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၏ လုံခြုံရေးကို တော်လှန်ရေးကောင်စီက တာဝန်ယူမည်။
- အကယ်၍ဆွေးနွေးပွဲ မအောင်မြင်သဖြင့် တောတွင်းမှကိုယ်စားလှယ်များ တောတွင်းသို့ပြန်သွားလိုပါလျှင် သွားလိုရာဒေသအထိ လိုက်ပို့ပေးမည်သာမက သုံးရက်အတွင်း ဖမ်းဆီးခြင်း၊ တိုက်ခိုက်ခြင်း လုံးဝပြုလုပ်မည်မဟုတ်ဟူသည့် အချက်များ ပါရှိသည်။

**စာမျက်နှာ ၇ သို့●**

● စာမျက်နှာ ၆ မှ

**စုစုပေါင်း ရှစ်ဖွဲ့တက်ရောက်**

တော်လှန်ရေးကောင်စီ၏ ထိုသို့ ပြည်တွင်းငြိမ်းချမ်းရေး ဆွေးနွေးပွဲ ကမ်းလှမ်းချက်အရ ကွန်မြူနစ်ပါတီ (ဗမာပြည်)ကိုယ်စားလှယ်အဖွဲ့၊ ရခိုင်ကွန်မြူနစ်ပါတီကိုယ်စားလှယ်အဖွဲ့၊ ရှမ်းအမျိုးသားတပ်ပေါင်းစုနှင့် ရှမ်းပြည်နယ်လွတ်မြောက်ရေးတပ်မှ ကိုယ်စားလှယ်အဖွဲ့၊ ကချင်လွတ်လပ်ရေးကောင်စီကိုယ်စားလှယ်အဖွဲ့၊ ရဲဘော်ဌေး ခေါင်းဆောင်သော ဗမာပြည်ကွန်မြူနစ်ပါတီကိုယ်စားလှယ်အဖွဲ့၊ မန်းဘဇံခေါင်းဆောင်သော ကေအင်န်ယူပါတီ၊ မွန်ပြည်သစ်ပါတီနှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီတို့ပါဝင်သော သုံးပါတီ ကိုယ်စားလှယ်အဖွဲ့၊ မန်းဘဇံခေါင်းဆောင်သော အမျိုးသားဒီမိုကရေစီ ညီညွတ်ရေးတပ်ပေါင်းစု(မဒညတ)ကိုယ်စားလှယ်အဖွဲ့နှင့် မုဆိုးကော်ကဆာ ဟန်တာသာမွှေးခေါင်းဆောင်သော ကရင်တော်လှန်ရေးကောင်စီကိုယ်စားလှယ်အဖွဲ့ အပါအဝင် စုစုပေါင်း ရှစ်ဖွဲ့တို့ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

သို့ရာတွင် မုဆိုး ကော်ကဆာ ဟန်တာသာမွှေး ခေါင်းဆောင်သော ကရင်တော်လှန်ရေးကောင်စီအဖွဲ့ တစ်ဖွဲ့တည်းနှင့်သာ ငြိမ်းချမ်းရေးသဘောတူညီချက်ရရှိခဲ့ပြီး ၁၉၆၄ ခုနှစ် မတ်လ ၁၂ ရက်နေ့တွင် လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ကျန်အဖွဲ့များနှင့် သဘောထားချင်း မတိုက်ဆိုင်၍ ငြိမ်းချမ်းရေးဆွေးနွေးမှုကို ၁၉၆၃ ခုနှစ် နိုဝင်ဘာလတွင် ရပ်ဆိုင်းခဲ့ရသည်။

တော်လှန်ရေးကောင်စီက ကျန်တောတွင်းလက်နက်ကိုင် အဖွဲ့အစည်းများသည် တော်လှန်ရေးကောင်စီ၏ ပြည်တွင်းငြိမ်းချမ်းရေးအတွက် ထားရှိသော စိတ်ရင်းစေတနာမှန်ကို သဘောပေါက်နားလည်ခြင်းမရှိဘဲ တွေ့ဆုံဆွေးနွေးမှုအပေါ် အခွင့်ကောင်းယူကာ နိုင်ငံရေး၊ စည်းရုံးရေးအမြတ်ထုတ်ခြင်း၊ တော်လှန်ရေးကောင်စီအစိုးရကို နိုင်ငံရေးအရ၊ စစ်ရေးအရ အကျပ်ကိုင်ရန်ကြိုးပမ်းခြင်း၊ ပြည်ထောင်စုကြီးပြိုကွဲမည့်အချက်ကိုသာ ဦးစားပေးဆွေးနွေးခြင်း စသည်များကို ပြုလုပ်ခဲ့ကြသောကြောင့် ယင်းအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးပွဲများမှာ ပျက်ပြားခဲ့ရလေသည်ဟု သတင်းထုတ်ပြန်သည်။ ၁၉၆၃ ခုနှစ် ပြည်တွင်းငြိမ်းချမ်းရေး ဆွေးနွေးပွဲပျက်ပြားပြီးနောက် ဗမာပြည်ကွန်မြူနစ်ပါတီ ကိုယ်စားလှယ်များ နဝင်းချောင်းကိုဖြတ်၍ ပဲခူးရိုးမတောတွင်းသို့ ပြန်လည်ထွက်ခွာခဲ့သည့်ပုံရိပ်များကို "သူတို့ပြန်ကြလေပြီ" ခေါင်းစဉ်ဖြင့် ထိုခေတ်က ရှုဒေါင့်ဂျာနယ်တွင် မျက်နှာဖုံး သတင်းဓာတ်ပုံအဖြစ် ဖော်ပြခဲ့ရာ ငြိမ်းချမ်းရေးကိုလိုလားသူ ပြည်သူအပေါင်း ဝမ်းနည်းပက်လက်ဖြစ်ခဲ့ကြရသည်။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ပါတီခေတ်တွင်လည်း နိုင်ငံတော်ကောင်စီသည် အထွေထွေလွတ်ငြိမ်းချမ်းသာခွင့် အမိန့်(၂/၈၀)ကို ၁၉၈၀ ပြည့်နှစ် ဇူလိုင်လ ၁၅ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပြန်သည်။

**အိမ်ပြန်လာကြဖို့ ဖိတ်ခေါ်**

ထိုစဉ်က နိုင်ငံတော်အကြီးအကဲ ဦးနေဝင်းကလည်း "ကျွန်တော်တို့ အဝေးရောက်နေသူတွေကို အိမ်ပြန်လာကြဖို့ ဖိတ်ခေါ်ပါတယ်။ ခဏတာခွဲခွာပြီး အိမ်ကိုပြန်လာတဲ့ ဆွေမျိုးသားချင်းတွေကို ကြိုဆိုသလို ကျွန်တော်တို့ သူတို့ကို ကြိုဆိုကြရအောင်။ ပြီးခဲ့တာတွေ မေ့ဖျောက်ခွင့်လွှတ်ပြီး ကျွန်တော်တို့တိုင်းပြည်ကောင်းကျိုးအတွက် ရှေ့ဆက်လက်တွဲအလုပ်လုပ်ကြရအောင်"ဟု ၁၉၈၀ ပြည့်နှစ် မေလအတွင်းကကျင်းပခဲ့သော စုံညီအစည်းအဝေးတစ်ရပ်၌ ဖိတ်ခေါ် ပြောကြားခဲ့သည်။

> **တော်လှန်ရေးကောင်စီသည် ပြည်တွင်းငြိမ်းချမ်းရေးကို ပြန်လည်တည်ဆောက်ရန်အတွက် တွေ့ဆုံဆွေးနွေးရန် ကမ်းလှမ်းချက်အရ ကွန်မြူနစ်ပါတီ (ဗမာပြည်) ကိုယ်စားလှယ်အဖွဲ့နှင့် မုဆိုးကော်ကဆာဟန်တာသာမွှေးခေါင်းဆောင်သော ကရင်တော်လှန်ရေးကောင်စီကိုယ်စားလှယ်အဖွဲ့အပါအဝင် စုစုပေါင်း ရှစ်ဖွဲ့တို့ တက်ရောက်ဆွေးနွေးခဲ့ကြသည်။ သို့ရာတွင် မုဆိုးကော်ကဆာဟန်တာသာမွှေးခေါင်းဆောင်သော ကရင်တော်လှန်ရေးကောင်စီအဖွဲ့ တစ်ဖွဲ့တည်းနှင့်သာ ငြိမ်းချမ်းရေးသဘောတူညီချက်ရရှိခဲ့ပြီး ၁၉၆၄ ခုနှစ် မတ်လ ၁၂ ရက်နေ့တွင် လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ကျန်အဖွဲ့များနှင့် သဘောထားချင်း မတိုက်ဆိုင်၍ ငြိမ်းချမ်းရေးဆွေးနွေးမှုကို ၁၉၆၃ ခုနှစ် နိုဝင်ဘာလတွင် ရပ်ဆိုင်းခဲ့ရ**

နိုင်ငံတော်ကောင်စီ၏ လွတ်ငြိမ်းချမ်းသာခွင့် အမိန့် (၂/၈၀)အရ ဝန်ကြီးချုပ်ဟောင်း ဦးနုနှင့်ဇနီး ဒေါ်မြရီ၊ ဗိုလ်မှူးချုပ်ဟောင်း စောကြာဒိုး၊ ဗိုလ်ရန်နိုင်၊ ဇာလီမော်၊ စခန်းမှူး ဦးလှိုင်နှင့် မိသားစုဝင် ၁၁ ဦး၊ သခင်သင်းကြည်၊ ဒေါက်တာမန်းမြင့်ဆိုင်၊ ရန်ကုန်ဘဆွေနှင့်မိသားစု၊ ကျားနက်တပ်ရင်းမှူး ထွန်းမြိုင်နှင့် ၁၀ ဦး၊ တောင်ပိုင်းတိုင်းမှ ပြည်သိမ်းတပ်ရင်းမှူးဖေတင်၊ တပ်မမှူး တင်ငွေ၊ ဒုတိယတပ်ရင်းမှူးအောင်နိုင်၊ မြဝတီရဲခေါင်၊ တွဲဖက်အတွင်းရေးမှူး ဦးသုဝေနှင့်ဇနီးအပါအဝင် ပြည်ပြေးအဖွဲ့မှ ၄၅၈ ဦး ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာခဲ့ကြ၍ ပြည်ပြေးအဖွဲ့၏လှုပ်ရှားမှုလည်း ချုပ်ငြိမ်းသွားခဲ့လေသည်။

၁၉၈၈ ခုနှစ်နောက်ပိုင်း တပ်မတော်အစိုးရခေတ်တွင်မူ ငြိမ်းချမ်းရေးစာချုပ်၌ တရားဝင် လက်မှတ်မရေးထိုးနိုင်ခဲ့သော်လည်း Gentlemen agreement အရ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း ၁၇ ဖွဲ့နှင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲနိုင်ခဲ့သဖြင့် တစ်နိုင်ငံလုံးနီးပါး အေးချမ်းလာသည်။

၁၉၈၉ ခုနှစ်မှစတင်၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီများဖွဲ့စည်းပြီး ဒေသဖွံ့ဖြိုးရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ခဲ့၍ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေသော နယ်စပ်ဒေသများ မျှမျှတတ တိုးတက်ဖွံ့ဖြိုးလာခဲ့သည်။

၂၀၁၀ ဒီမိုကရေစီအစိုးရ ပထမ သက်တမ်းကာလတွင်မူ သမ္မတ ဦးသိန်းစိန်အစိုးရသည် "ငြိမ်းချမ်းရေး မရှိဘဲ ဒီမိုကရေစီစနစ်မထွန်းကားနိုင်သလို ငြိမ်းချမ်းရေးမရှိဘဲ ဖွံ့ဖြိုးတိုးတက်မှု မဖြစ်နိုင်"ဟုခံယူကာ ၂၀၁၁ ခုနှစ် ဩဂုတ်လ ၁၈ ရက်နေ့တွင် ငြိမ်းချမ်းရေး ကမ်းလှမ်းမှုတစ်ရပ်ကို ထုတ်ပြန်ကြေညာခဲ့ပြန်သည်။

**ငြိမ်းချမ်းရေးဆွေးနွေး**

ငြိမ်းချမ်းရေး ဆွေးနွေးရာတွင် ပြည်နယ်အဆင့်သဘောတူညီချက်နှင့် ပြည်ထောင်စုအဆင့် သဘောတူညီချက်ဟူ၍ လုပ်နိုင်သည့်အဆင့်များဖြင့် စတင်ခဲ့ခြင်းဖြစ်သည်။ နောက်ပိုင်းတွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ဖြစ်ပေါ်လာရေးအတွက် အဖွဲ့ပေါင်းစုံမှ ညှိနှိုင်းရေးဆွဲခဲ့ကြသည်။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ပေါင်း ၁၆ ဖွဲ့နှင့်ဆွေးနွေးခဲ့ပြီး အားလုံးသဘောတူညီမှုဖြင့် ၂၀၁၅ ခုနှစ် ဩဂုတ်လ ၇ ရက်နေ့တွင် အချောသပ်နိုင်ခဲ့ကြသည်။ သို့သော် ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် ကျင်းပသည့် သမိုင်းဝင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးပွဲတွင်မူ အကြောင်းကြောင်းကြောင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ရှစ်ဖွဲ့နှင့်သာ တရားဝင်လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ NCA ငြိမ်းချမ်းရေး ခရီးစဉ်အစအဆုံး ရက်ပေါင်း ၁၄၅၀ ကြာမြင့်ခဲ့ပြီး အစည်းအဝေးပေါင်း ၅၀၀၀ ခန့်ရှိခဲ့သည်။

၂၀၁၅ ခုနှစ် ဒီမိုကရေစီအစိုးရ ဒုတိယသက်တမ်းကာလတွင်မူ NLD အစိုးရသည် ယခင်ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံအမည်အစား ၂၁ ရာစု ပင်လုံ ငြိမ်းချမ်းရေးညီလာခံအမည်ဖြင့် လေးကြိမ်တိုင်တိုင် ဆက်လက်ကျင်းပခဲ့ရာ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ နှစ်ဖွဲ့နှင့် ထပ်မံသဘောတူညီချက် ရရှိခဲ့ပါသည်။

သို့ဖြင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)တွင် ကရင်အမျိုးသားအစည်းအရုံး(KNU)၊ သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS)၊ ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော် (DKBA)၊ ကရင်အမျိုးသားအစည်းအရုံး/ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် ငြိမ်းချမ်းရေးကောင်စီ(KNU-KNLA/PC)၊ ရခိုင်အမျိုးသား လွတ်မြောက်ရေးပါတီ (ALP)၊ ချင်းအမျိုးသားတပ်ဦး(CNF)၊ ပအိုဝ်းလွတ်မြောက်ရေး အဖွဲ့ချုပ် (PNLO)၊ မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများ ဒီမိုကရေစီတပ်ဦး(ABSDF)၊ မွန်ပြည်သစ်ပါတီ(NMSP)နှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDC) စသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း စုစုပေါင်း ၁၀ ဖွဲ့တို့နှင့် သဘောတူ လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ သို့ရာတွင် ငြိမ်းချမ်းရေးခရီးလမ်းကား မပြီးဆုံးသေးပါ။ ခရီးဆုံးကို ဆက်လက်လျှောက်လှမ်းနိုင်ရေးအတွက် လိုအပ်နေဆဲ။ မပြီးဆုံးသေးသော ခရီးရှည်ကြီးအတွက် ခေါင်းဆောင်အဆက်ဆက်တို့၏ ပခုံးထက်ဝယ် သမိုင်းပေးတာဝန်က ရှိနေသေးသည်။

၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၂ ရက်။

**တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနဲ့ မိဘပြည်သူများခင်ဗျား။**

**"နိုင်ငံတော်အစိုးရနဲ့ တပ်မတော်အနေနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ အစဉ်အဆက် တောင်းဆိုလာခဲ့တဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုနိုင်ငံ တည်ဆောက်ရေးကို ခိုင်ခိုင်မာမာအာမခံထားပြီးဖြစ်ပါတယ်။ လာမယ့် ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ဟာ စိန်ရတုလွတ်လပ်ရေးနေ့ဖြစ်ပါတယ်။ ၇၅ နှစ်ကာလကြာပြီဖြစ်တဲ့ လွတ်လပ်ရေးရဲ့ အနှစ်သာရများကို တိုင်းရင်းသားပြည်သူများ အပြည့်အဝမခံစားရသေးတာကိုလည်း လက်ရှိပကတိဖြစ်ရပ်များက ပြဆိုနေပါတယ်။ အဓိကအကြောင်းအရာကတော့ သဘောထားကွဲလွဲမှုများအပေါ်မှာ အခြေခံပြီး ဖြစ်ပေါ်လာတဲ့ တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများကြောင့်ပဲ ဖြစ်ပါတယ်။**

**ဒါကို ကျွန်တော်တို့ဖြေရှင်းနိုင်မှသာ ဒီမိုကရေစီရဲ့အနှစ်သာရ လွတ်လပ်ရေးအနှစ်သာရကို အပြည့်အဝခံစားနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ဒီ ၂၀၂၂ ခုနှစ်ဟာ ငြိမ်းချမ်းရေးနှစ်ဖြစ်ကြောင်းနဲ့ တစ်နိုင်ငံလုံးမှာ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးကို ဆောင်ရွက်သွားမယ်လို့ ကျွန်တော်ပြောခဲ့ပါတယ်။**

**ဒါကို လက်တွေ့ကျကျ ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ဖို့ လိုအပ်တဲ့အတွက်ကြောင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များရဲ့ခေါင်းဆောင်များကို တွေ့ဆုံဆွေးနွေးဖို့အတွက် ဖိတ်ခေါ်ပါတယ်။ အဖွဲ့များအားလုံးကို ကျွန်တော်ကိုယ်တိုင်တွေ့ပါမယ်။ ပြီးရင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်ကိုယ်စားလှယ်များနဲ့ ဆွေးနွေးမှုများ ပြုလုပ်သွားပါမယ်။**

**လိုအပ်ရင်လည်း ထပ်မံဆွေးနွေးမှုတွေကိုလည်း ပြုလုပ်သွားပါမယ်။ ဒီဆွေးနွေးမှုကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အသီးသီးရဲ့ ခေါင်းဆောင်များကိုယ်တိုင်နဲ့ အဖွဲ့ဝင် နှစ်ဦးစီ တက်ရောက်ပေးကြပါ။ တက်ရောက်မယ့်ပုဂ္ဂိုလ်များရဲ့အမည်ကို ၂၀၂၂ ခုနှစ် မေလ ၉ ရက်နေ့ နောက်ဆုံးထားပြီး ပြန်ကြားပေးကြစေလိုပါတယ်။**

**နှစ်ဖက်ညှိနှိုင်းပြီးတော့မှ ရက်သတ်မှတ်ဆွေးနွေးသွားမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။ တိုင်းရင်းသားပြည်သူအားလုံး ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်မှုအရသာကို ခံစားနိုင်ရေး ကျွန်တော်တို့အားလုံးလက်တွဲပြီး ရိုးသားပွင့်လင်းစွာ ဆွေးနွေးသွားကြပါမယ်။**

**ပြည်ထောင်စုသားအားလုံးရဲ့အကျိုးကိုရှေးရှုပြီး ပူးပေါင်းဆောင်ရွက်ပေးကြဖို့ တိုက်တွန်းလိုပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။"**

**ထပ်မံဖိတ်ခေါ်ကမ်းလှမ်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မပြီးဆုံးသေးသော ငြိမ်းချမ်းရေးခရီးတွင် အားလုံးအတူတကွ ဆက်လက်လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများကို ယခုထပ်မံဖိတ်ခေါ် ကမ်းလှမ်းခဲ့ပြန်ပါသည်။

ငြိမ်းချမ်းရေးတေးသံများကား တစ်ကျော့ပြန်လွင့်ပျံ့လာခဲ့ချေပြီ။ ဒေသခံတိုင်းရင်းသားပြည်သူများ၊ တိုက်ပွဲများကြောင့် နေရပ်စွန့်ခွာတိမ်းရှောင်နေကြရသူများ ကြားမိပါလေစ။

"ကမ်းလက်လှမ်းသော လက်တွေဆုံတွေ့ပြီ x x x ဘေးစကားအတွေးမှား သိမြင် တူညီဖယ်ရှားမည် x x x မှောင်မိုက်ခြင်းရဲ့အဓိပ္ပာယ် အလင်းတန်းတွေ့ရင် သိလိမ့်မယ် x x x ဟန်ဆောင်ကင်းတဲ့ အဓိပ္ပာယ် အပြုံးများသက်သေသိလိမ့်မယ် x x x ငြိမ်းချမ်းရေးပန်းခင်းထဲမှာ ပျော်မွေ့မယ်"

တစ်ခေတ်တစ်ခါက "ငြိမ်းချမ်းရေးပန်းခင်း" တေးသံကို ပြန်လည်ကြားယောင်လာမိသည်။ ကမ်းလက်လှမ်းသော လက်တွေ ဆုံတွေ့နိုင်စေသား။ ။

# (၅)ကြိမ်မြောက် အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာ ခေါင်းဆောင်မှုအရည်အချင်း ဆုပေးပွဲအခမ်းအနားကျင်းပ

**နေပြည်တော် မေ ၁၂**

(၅)ကြိမ်မြောက် အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာ ခေါင်းဆောင်မှုအရည်အချင်း ဆုပေးပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ဖိလစ်ပိုင်နိုင်ငံ ဆင်းရဲမှုပပျောက်ရေးကော်မရှင်နှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးတို့ ပူးပေါင်း၍ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။



အခမ်းအနားသို့ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့နှင့် မြန်မာနိုင်ငံမှ ဆုရရှိသော Mega Global Green Automation ကုမ္ပဏီနှင့် Techno-Hill Engineering ကုမ္ပဏီတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ကျင်းပခြင်းဖြစ်**

အဆိုပါ (၅)ကြိမ်မြောက်အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာ ခေါင်းဆောင်မှု အရည်အချင်း ဆုပေးပွဲအခမ်းအနားကို အာဆီယံနိုင်ငံများရှိ NGO/CSO များနှင့် Private Sectors များမှ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး အခန်းကဏ္ဍများတွင် ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်မှုများအား အသိအမှတ်ပြုရန်နှင့် အစိုးရ-ပုဂ္ဂလိက-ပြည်သူအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်မှုများ တိုးတက်မြင့်မားလာစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

အခမ်းအနားတွင် အာဆီယံဒုတိယအတွင်းရေးမှူးချုပ် His Excellency EKKAPHAB PHANTAVONG နှင့် ဖိလစ်ပိုင်နိုင်ငံ ဆင်းရဲမှုပပျောက်ရေးကော်မရှင်မှ Lead Convener His Excellency NOEL K. FELONGCO တို့က အဖွင့်အမှာစကားပြောကြားကြပြီး အာဆီယံနိုင်ငံအသီးသီးမှ ဆုရရှိသော NGO/CSO များနှင့် Private Sectors များက ၎င်းတို့၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြသည်။

မြန်မာနိုင်ငံမှ ပုဂ္ဂလိကကဏ္ဍအနေဖြင့် ဆုရရှိသည့် Mega Global Green Automation ကုမ္ပဏီနှင့် Techno-Hill Engineering ကုမ္ပဏီတို့ကလည်း ကျေးလက်မီးလင်းရေးလုပ်ငန်းဆောင်ရွက်ခဲ့မှုများအား PowerPoint ဖြင့် ရှင်းလင်းတင်ပြခဲ့ပြီး အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာ ခေါင်းဆောင်မှုအရည်အချင်းဆုများအား အသီးသီးလက်ခံရယူကြသည်။

ထို့နောက် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ဂုဏ်ပြုစကားပြောကြားရာတွင် ခေါင်းဆောင်မှုအရည်အချင်းဆုရရှိသည့် အာဆီယံနိုင်ငံအသီးသီးမှ NGO/CSO များနှင့် Private Sectors များအတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ မြန်မာနိုင်ငံမှ ဆုရရှိသော Mega Global Green Automation ကုမ္ပဏီနှင့် Techno-Hill Engineering ကုမ္ပဏီတို့ကိုလည်း ချီးကျူးဂုဏ်ပြုလိုပါကြောင်း၊ ယခုလိုဆုရရှိခြင်းဟာ တစ်ဦးတည်း တစ်ဖွဲ့တည်း၏ ဆောင်ရွက်ချက်ကြောင့်မဟုတ်ဘဲ သက်ဆိုင်သူအားလုံး ပူးပေါင်းဆောင်ရွက်မှုကြောင့် ရရှိခဲ့ခြင်းဖြစ်ပါကြောင်း၊ ဆုရရှိသောအဖွဲ့အစည်းများအနေဖြင့်လည်း မိမိသက်ဆိုင်ရာနိုင်ငံအသီးသီးနှင့် အာဆီယံဒေသတွင်းကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးလုပ်ငန်းများတွင် ယခုထက်ပို၍ အစွမ်းကုန်ပူးပေါင်း ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း တိုက်တွန်းပြောကြားပြီး မြန်မာနိုင်ငံမှ အာဆီယံခေါင်းဆောင်မှုအရည်အချင်းဆုရရှိသော Mega Global Green Automation ကုမ္ပဏီနှင့် Techno-Hill Engineering ကုမ္ပဏီတို့ကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။ **သတင်းစဉ်**

# လူမှုရေးပညာဆိုင်ရာ သင်ရိုးညွှန်းတမ်းရေးဆွဲရေးနှင့် လူ့စွမ်းအားအရင်းအမြစ်မွေးထုတ်ရေးလုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် မေ ၁၂**

လူမှုရေးပညာတက္ကသိုလ် တည်ထောင်ဖွင့်လှစ်နိုင်ရေးအတွက် ဖွဲ့စည်းထားရှိသည့် သင်ရိုးညွှန်းတမ်းရေးဆွဲရေးနှင့် လူ့စွမ်းအားအရင်းအမြစ်မွေးထုတ်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က လူမှုရေးပညာမဟာဌာန (Faculty of Social Work) တစ်ခု ပေါ်ထွန်းလာစေရေးသည် မိမိတို့ဝန်ကြီးဌာနအတွက် မဖြစ်မနေလိုအပ်သည့် လုပ်ငန်းရပ်တစ်ခုဖြစ်ပါကြောင်း၊ Nay Pyi Taw State Academy ကို နိုဝင်ဘာလတွင် ဖွင့်လှစ်သွားမည်ဟု သိရှိရပါကြောင်း၊ အဆိုပါ Nay Pyi Taw State Academy ၏အောက်တွင် လူမှုရေးပညာမဟာဌာနအပါအဝင် မဟာပညာဌာန ခုနစ်ခုကို ဖွင့်လှစ်သွားရန် လျာထားပါကြောင်း၊ Nay Pyi Taw State Academy တည်ထောင်ဖွင့်လှစ်သွားနိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ မိမိတို့လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အပါအဝင် ဝန်ကြီးဌာန လေးခုပါဝင်ပြီး ပညာရေးဝန်ကြီးဌာနက ဦးဆောင်ဆောင်ရွက်နေပါကြောင်း၊ ယခုလို Nay Pyi Taw State Academy ပေါ်ထွက်လာစေရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ရာတွင် သင်ရိုးညွှန်းတမ်းရေးဆွဲရေးဆိုင်ရာ၊ လူ့စွမ်းအားအရင်းအမြစ်မွေးထုတ်ခြင်းဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များအတွက် အခြားသောဝန်ကြီးဌာနသုံးခုက အဆင်သင့်ဖြစ်နေပြီး အတွေ့အကြုံရှိပြီးသားဖြစ်ကြသော်လည်း မိမိတို့ဝန်ကြီးဌာနအနေဖြင့် အဆိုပါကိစ္စရပ်များ အားလုံးအတွက် ယခုအချိန်မှ အတွေ့အကြုံရယူရမည့် ဝန်ကြီးဌာနတစ်ခုဖြစ်ကြောင်း၊ ထို့အပြင် Nay Pyi Taw State Academy စတင်ဖွင့်လှစ်မည့် နိုဝင်ဘာလမတိုင်မီ အဆင်သင့်ဖြစ်နေရမည်ဖြစ်သည့်အတွက်ကြောင့် ပြင်ဆင်ချိန်ကာလအကန့်အသတ်ရှိသော်လည်း ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားရန် လိုအပ်သည်များကို သတ်မှတ်သည့်အချိန်တွင် ပြီးစီးအောင်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ တက်ရောက်လာကြသူများအနေဖြင့် မိမိတို့ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြစေလိုပါကြောင်း ပြောကြားသည်။



ယင်းနောက် ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်က Nay Pyi Taw State Academy ၏ အစိတ်အပိုင်းတစ်ခုဖြစ်လာမည့် လူမှုရေးပညာမဟာဌာန (Faculty of Social Work) အောင်မြင်စွာ ပေါ်ထွန်းလာစေရေးနှင့် စပ်လျဉ်း၍ လိုအပ်သည့်အကြောင်းအရာများအား ဖြည့်စွက်ပြောကြားသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာနမှ လက်ထောက်အတွင်းဝန် ဦးအောင်သန်းက ဘွဲ့သင်တန်းအသစ်များ ဖွင့်လှစ်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ပြီး လူမှုဝန်ထမ်းဦးစီးဌာနမှ ဘာသာရပ်တာဝန်ခံ ညွှန်ကြားရေးမှူးက ဆောင်ရွက်ထားရှိမှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ငါးသိုင်းချောင်းမြို့၌ ပိုက်ဆံလျှော်မျိုးစေ့ပေးအပ်ပွဲနှင့် ကြဲပက်ခြင်းအခမ်းအနားကျင်းပ

**ငါးသိုင်းချောင်း မေ ၁၂**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့ မအူကုန်းကျေးရွာအုပ်စုရှိ စိုက်ပျိုးရေးဦးစီးဌာန နည်းပညာပြန့်ပွားရေးစင်တာ၌ ယနေ့ နံနက်ပိုင်းက တောင်သူများသို့ တောင်သူနည်းပညာပေးဆွေးနွေးပွဲ၊ ပိုက်ဆံလျှော် (သစ်စိမ်းမြေသြဇာ)မျိုးစေ့ပေးအပ်ပွဲနှင့် ကြဲပက်ခြင်း ကွင်းသရုပ်ပြပွဲကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြို့အုပ်ချုပ်ရေးမှူး ဦးရဲထက်အောင်က အခမ်းအနားအဖွင့်အမှာစကားပြောကြားခဲ့ပြီး အခမ်းအနားတက်ရောက်လာသော ဒေသခံတောင်သူများသို့ ရေကြည်မြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဦးလှမျိုးနွယ်က စိုက်ပျိုးရေးနည်းပညာ အကြောင်းအရာများကို ဆွေးနွေးဟောပြောခြင်း၊ နည်းပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထို့နောက် မအူကုန်းစိုက်ပျိုးရေးအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာရှိ ကွင်းအမှတ် (၉၀၃-B)၌ ဒေသခံတောင်သူ ရှစ်ဦးသို့ ပိုက်ဆံလျှော်(သစ်စိမ်းမြေသြဇာ) မျိုးစေ့ တစ်ကေလျှင် လေးပြည်နှုန်းဖြင့် ဧက ၂၀ အတွက် ပေးအပ်ခဲ့ပြီး စိုက်ပျိုးရေးဦးစီးဌာနတာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ဒေသခံတောင်သူများက အဆိုပါကွင်းအတွင်း မျိုးစေ့ကြဲပက်ခြင်း ကွင်းသရုပ်ပြပွဲ စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**စိုက်ပျိုးထုတ်လုပ်လျက်ရှိ**

ငါးသိုင်းချောင်းမြို့တွင် ပိုက်ဆံလျှော် (သစ်စိမ်းမြေသြဇာ)မျိုးစေ့ထုတ်စိုက်ခင်း ဧက ၂၀ ကို တောင်သူ ၂၂ ဦးက စိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်း၊ ဌာနအနေဖြင့်လည်း စိုက်ပျိုးထုတ်လုပ်မှု၊ မျိုးစေ့ထောက်ပံ့မှု၊ နည်းပညာပြန့်ပွားရေးဆောင်ရွက်မှုများကို အဆက်မပြတ်



ဆောင်ရွက်လျက်ရှိပြီး သစ်စိမ်းမြေသြဇာ အသုံးပြု စပါးစိုက်ဧက စုစုပေါင်း ၂၇၁ ဧကရှိကြောင်း မြို့စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပို့ကုန်ရငွေပြန်လည်ဝင်ရောက်ရန် ကျန်ရှိသည့် ကုမ္ပဏီ (၁၉) ခုအား အရေးယူဆောင်ရွက်လျက်ရှိပြီး ဒါရိုက်တာအဖွဲ့ဝင်များအား အမည်မည်းစာရင်းထည့်သွင်းကြောင်း ကြေညာ

## အသိပေး ကြေညာချက်

၁။ နိုင်ငံတော်အတွင်းသို့ နိုင်ငံခြားသုံးငွေများ ဝင်ရောက်လာသည့် အဓိကလမ်းကြောင်းဖြစ်သော ပို့ကုန်တင်ပို့မှုမှ ရငွေများအပြည့်အဝရရှိရန်မှာ အဓိကကျသည့်အချက်ဖြစ်သဖြင့် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၃၈-ခ နှင့် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုစည်းမျဉ်း အပိုဒ် ၃၅ တို့တွင် ပို့ကုန်တင်ပို့သူသည် ကုန်စည်များကို သင်္ဘောတင်သည့်နေ့မှ ခြောက်လအတွင်း ((၁၀-၁၁-၂၀၂၁) ရက်နေ့မှစ၍ သုံးလအတွင်း) ယင်း၏ ဘဏ်စာရင်းသို့ နိုင်ငံခြားသုံးငွေဖြင့် ဝင်ရောက်ရန်ဖြစ်ကြောင်း ပြဋ္ဌာန်းသတ်မှတ်ထားပါသည်။

၂။ သို့ဖြစ်ပါ၍ ၂၀၁၆ ခုနှစ်၊ ၂၀၁၇ ခုနှစ် နှင့် ၂၀၁၈ ခုနှစ်တို့အတွင်း ပို့ကုန်တင်ပို့ခဲ့သည့် ပို့ကုန်လုပ်ငန်းရှင်များသည် ပို့ကုန်ရငွေများကို ပို့ကုန်တင်ပို့သည့်နေ့မှစ၍ ခြောက်လအတွင်း ယင်း၏ ဘဏ်ငွေစာရင်းသို့ နိုင်ငံခြားသုံးငွေဖြင့် မပျက်မကွက်ပြန်လည်ထည့်သွင်းစေရေးအတွက် ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးဗဟိုကော်မတီ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဥပဒေရေးရာဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့်လုပ်ငန်း(AD)လိုင်စင်ရဘဏ်များ ပူးပေါင်း၍ အောက်ပါတို့ကို ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်-

(က) AD လိုင်စင်ရဘဏ်များမှ ဆက်သွယ်ခေါ်ယူစာရင်းရှင်းလင်းခြင်း၊
(၃ နှစ်ကြာကာလအတွင်း)

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ ဆက်သွယ်ခေါ်ယူစာရင်းရှင်းလင်းခြင်း၊
(ရက်ပေါင်း ၆၀)

( ဂ ) သတင်းစာများနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ Website တွင် စာရင်းရှင်းလင်းရန် ကြေညာခြင်း၊
(ရက်ပေါင်း ၆၀)

(ဃ) စာရင်းရှင်းလင်းမှုမရှိသူများအား စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ် (ပသက)ပိတ်သိမ်းခြင်း၊
(ရက်ပေါင်း ၃၀)

( င ) ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးဗဟိုကော်မတီမှ ဦးဆောင်၍ ပို့ကုန်တင်ပို့သူများနှင့် အစည်းအဝေး (၅) ကြိမ်ပြုလုပ်၍ ရှင်းလင်းဆွေးနွေးခြင်း။

၃။ ပို့ကုန်တင်ပို့သူများအနေဖြင့် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၃၈-ခ ဖြစ်သော "မည်သူမျှ ပို့ကုန်ရငွေအားလုံးကို သတ်မှတ်ကာလအတွင်း နိုင်ငံတော်အတွင်းရှိ ယင်း၏ ဘဏ်ငွေစာရင်းသို့ နိုင်ငံခြားသုံးငွေဖြင့် ထည့်သွင်းရန် ပျက်ကွက်ခြင်းမရှိစေရ" ဟု လည်းကောင်း၊ အဆိုပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက အဆိုပါဥပဒေ ပုဒ်မ ၄၂-က အရ "ထိုသူကို တစ်နှစ်ထက်မပိုသည့် ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်" ဟု လည်းကောင်း ပြဋ္ဌာန်းချက်များကို လိုက်နာရမည်ဖြစ်ပါသည်။

၄။ ၂၀၁၆ ခုနှစ်၊ ၂၀၁၇ ခုနှစ်၊ ၂၀၁၈ ခုနှစ်တို့အတွင်း ပို့ကုန်တင်ပို့ခဲ့ပြီး ပို့ကုန်ရငွေ ပြန်လည်ဝင်ရောက်ရန် ကျန်ရှိသည့် ကုမ္ပဏီများအား အထက်အပိုဒ်(၂)ပါအတိုင်း အကြောင်းကြားခြင်း၊ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ် ပိတ်သိမ်းခြင်း၊ အစည်းအဝေးများပြုလုပ်၍ ဆွေးနွေးခြင်းတို့ကို အကြိမ်ကြိမ်ပြုလုပ်ပြီးသော်လည်း ပို့ကုန်ရငွေပြန်လည်ဝင်ရောက်ရန် ကျန်ရှိဆဲ ကုမ္ပဏီ (၁၇၇)ခု ကျန်ရှိပါသည်။ ယင်းကုမ္ပဏီ (၁၇၇)ခုအနက်မှ ကုမ္ပဏီ(၁၅၈)ခုအား နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၄၂-က အရ အရေးယူဆောင်ရွက်လျက်ရှိကြောင်းနှင့် ကုမ္ပဏီများနှင့် ပူးတွဲဖော်ပြထားသည့် ကုမ္ပဏီများ၏ ဒါရိုက်တာအဖွဲ့ဝင်များကို အမည်မည်းစာရင်းထည့်သွင်းကြောင်း (၁၀-၅-၂၀၂၂)ရက်နေ့ထုတ် သတင်းစာများတွင် ကြေညာချက် ထုတ်ပြန်ပြီး ဖြစ်ပါသည်။

၅။ ထပ်မံ၍ ကျန်ရှိသည့် ကုမ္ပဏီ(၁၉)ခု (ပူးတွဲစာရင်း)အား နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၄၂-က အရ အရေးယူဆောင်ရွက်လျက်ရှိပြီး ကုမ္ပဏီများနှင့် ပူးတွဲဖော်ပြထားသည့် ကုမ္ပဏီများ၏ ဒါရိုက်တာအဖွဲ့ဝင်များအား အမည်မည်းစာရင်းထည့်သွင်းကြောင်း ကြေညာပါသည်။ ကျန်ရှိနေသေးသည့် ပို့ကုန်ရငွေဝင်ရောက်ရန် ကျန်ကုမ္ပဏီများအားလည်း အရေးယူဆောင်ရွက်ရန် ဆက်လက်စိစစ်လျက်ရှိပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်
( ၁၂ - ၅ - ၂၀၂၂ )

### ၂၀၁၆ ခုနှစ်အတွင်း ပို့ကုန်တင်ပို့ပြီး ပို့ကုန်ရငွေပြန်လည်ဝင်ရောက်ရန် ကျန်ရှိသော ကုမ္ပဏီစာရင်း

| စဉ် | ကုမ္ပဏီအမည် | ဒါရိုက်တာအဖွဲ့ဝင်အမည် | ကုမ္ပဏီလိပ်စာ | မှတ်ပုံတင်အမှတ် |
|---|---|---|---|---|
| 1 | GOLDEN BATTERY RECYCLING COMPANY LIMITED. | U Zaw Lin Tun<br>U Tun Tun Mon | Nan Htay Mon Kyaung, Kyar Tawya Street, Myoma Ward, Bahan Township, Yangon | 10/La Ma Na (N)008174<br>10/Ya Ma Na (N)153643 |

### ၂၀၁၇ ခုနှစ်အတွင်း ပို့ကုန်တင်ပို့ပြီး ပို့ကုန်ရငွေပြန်လည်ဝင်ရောက်ရန် ကျန်ရှိသော ကုမ္ပဏီများစာရင်း

| စဉ် | ကုမ္ပဏီအမည် | ဒါရိုက်တာအဖွဲ့ဝင်အမည် | ကုမ္ပဏီလိပ်စာ | မှတ်ပုံတင်အမှတ် |
|---|---|---|---|---|
| 1 | DPS CO.,LTD. | U Tun Tun Htet<br>U Kyaw Kyaw Hlaing | No.(1), Yuzana Housing, Laydaungkan Street, (26) Ward, Dagon Myothit(South), Yangon<br>95-1-382781,09-73024888 | 12/Tha Ga Ka (N) 003675<br>12/0ua Ka Ta (N) 069050 |
| 2 | KHIN KYAW COMPANY LIMITED. | U Soe Thu Latt<br>U KHIN MAUNG LATT<br>U KYAW THU LATT | MYINTAWTHAR ROAD, NO.5 (B), HTUPARYONE (1) QUARTER, THAKETA TOWNSHIP, YANGON | 12/PAKHANA( N )353204<br>12/KATANA( PYU )002329<br>12/KATANA(PYU)001050 |
| 3 | PENG SHENG EXPORT & IMPORT YOU XIAN COMPANY LIMITED. | Daw Sandar Lin<br>Daw Ye Ye Cho | MYAWADDY MINGYI(2) STREET NO.765/ SHWE PAUKKAN 16 QUARTER/ NORTH OAKKALAPA TOWNSHIP, YANGON | 14/LAPATA(N)113341<br>14/ AHGAPA(N) 000991 |

### ၂၀၁၈ ခုနှစ်အတွင်း ပို့ကုန်တင်ပို့ပြီး ပို့ကုန်ရငွေပြန်လည်ဝင်ရောက်ရန် ကျန်ရှိသော ကုမ္ပဏီများစာရင်း

| စဉ် | ကုမ္ပဏီအမည် | ဒါရိုက်တာအဖွဲ့ဝင်အမည် | ကုမ္ပဏီလိပ်စာ | မှတ်ပုံတင်အမှတ် |
|---|---|---|---|---|
| 1 | DPS CO.,LTD. | U Tun Tun Htet<br>U Kyaw Kyaw Hlaing | No.(1), Yuzana Housing, Laydaungkan Street, (26) Ward, Dagon Myothit(South), Yangon<br>95-1-382781,09-73024888 | 12/Tha Ga Ka (N) 003675<br>12/Oua Ka Ta (N) 069050 |
| 2 | FATEMA TRADING COMPANY LIMITED. | U Mohammed Raffi<br>Daw Aisha Bi | No.(307), (41 x 42)Street, Mahabandula Street, (8)Ward, Botahtaung, Yangon<br>09-795296289,09-73241021 | KTDA-009106<br>12/Ka Ta Ta (N) 020854 |
| 3 | INTERNATIONAL BRILLIANT POWER COMPANY LIMITED. | U Kyaw Thein<br>Daw Hla Hla Win<br>U Thein Naing | No.(58/60), 3rd Floor, 55th Street, Pazundaung Yangon City, | 12/Pa Za Ta (N)004549<br>PZDG-008895<br>PZDG-008940 |
| 4 | JU XIAN COMPANY LIMITED. | U Aik Chwan<br>Daw Aye Shwe | No.(63),(3) Street, Zayar Mon Ward, Kyeikehto Kyeikhto | 13/Na Ma Ta (Pyu) 001070<br>13/Na Ma Ta (N) 058168 |
| 5 | MACRO TRADE LINK CO,LTD. | Daw Myat Thida Than Htay<br>U Myat Zaw | No.(128),(4th) Floor, Sayar San Road, Sayar San North East Quarter,BahanYangon City, | 12/La Ma Ta (N)000982<br>12/Ma Ya Ka (N)002376 |
| 6 | MAJESTIC GLORY CO.,LTD. | Daw Khaing Su Hlaing<br>U Min Zin Aung | No.(887/B), Badar Street(1), 8 Ward, Dagon Myothit (East) Twonship, Yangon | 12/SAKHANA (N)062848<br>12/MAGATA (N)104073 |
| 7 | MOUNT VEBHARA TRADING COMPANY LIMITED. | Daw Thida Aye<br>Daw Yin Yin Win | Building No(239), Room No.(3), Seinpanmyaing Street, (25) Ward,Thuwunna Thingangyun, Yangon City | 12/Tha Ga Ka(N) 083018<br>12/Ta Ta Na (N) 223184 |
| 8 | MYANMAR BALAJI COMPANY LIMITED. | U Kay Zin Soe<br>Daw Thin Thin Naing | No. (182),(4th) Street, Ward No. (93),Dagon Myothit (Seikkan)Yangon | 14/Ah Ga Pa (N) 221114<br>7/Da Ou Na (N) 001412 |
| 9 | OMDG (MYANMAR) COMPANY LIMITED. | U Htin Aung<br>Daw Khin Myat Thu<br>U Han Tun | Room.(108), (1st)Floor,San Pya Yankin Market, Sayar San Road, (2)Ward, Yankin Yangon City, | 12/Sa Kha Na (Pyu) 000078<br>12/Pa Ba Ta (Ei) 000701<br>13/Ka Ta Na (Ei) 000288 |
| 10 | PA DA MYARR NYI NAUNG COMPANY LIMITED. | U Ye Min Zin<br>U Kaung Myat Kyaw<br>U Khin Maung Win<br>U Soe Min Lwin<br>U Min Ko<br>U Aung Naing Oo<br>U Lin Bin Hu @ Win Naing | No.(106),Myothit, Asia Main Road (1), Thin Gan Nyi Naung,MyawaddiKayin State, | 8/Pa Kha Ka(N) 208046<br>9/Ma Kha Na(N) 149234<br>3/Ma Wa Ta(N) 024223<br>3/Ba Ah Na(N) 313829<br>8/Pa Ma Na(N) 107574<br>12/Ma Wa Ta(N) 041138<br>12/La Tha Na(Ei) 000309 |
| 11 | PHONE NAY HTUT KHAUNG COMPANY LIMITED. | U Phyo Min Shein<br>U Tin Htut | No.(93), (30)Street, Between (65 x 66 ) Street, Pyi Gyi Myat Shin Ward,Chan Aye Thar Zan, Mandalay | 12/Ya Ka Na (N) 067261<br>12/Pa Ba Ta (N) 024006 |
| 12 | PIXIO MYANMAR COMPANY LIMITED. | Mr.Wong Tooe Hawk<br>Mr.Tham Khai Wor<br>Ms.Wee Swee Neo Doris | No.(81),Yadanar Road, (8) Quarter,South Okkalapa, Yangon | Singaporean Passport No.E3103783J<br>Singaporean Passport No. E2932162L<br>Singaporean Passport No. E3302156K |
| 13 | SOE LWIN AUNG CO.,LTD. | U Soe Lwin | No. (243), Bogyoke Street, Zay Tan Ward, Yatsouth Yatsouth | 13/Ya Sa Na(N)007639 |
| 14 | THE SEA SMELL TRADING COMPANY LIMITED. | U Myo Ko Ko Oo<br>U Htut Htut Min | Block (63), No.(15), Nawadday Market Inner Street, (6) Ward, Hlaing Thar YarYangon | 7/Ka Ta Kha (N) 162277<br>14/ Ah Ga Pa (N) 149833 |
| 15 | U KAUNG TRADING CO.,LTD. | U Thar Oo<br>U Aung Zay Yar Oo | Building No.(10/12), Room No.(103/D),(35th) Street, Kyauktada, Yangon City | 12/Sa Kha Na (N)052851<br>12/Ka Ma Ya (N)011575 |

## ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စာအုပ်စာစောင်များပေးအပ်ရန် အသိပေးကြေညာခြင်း

၂၀၁၄ ခုနှစ် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေ၊ နည်းဥပဒေများအရ ပုံနှိပ်သူ၊ ထုတ်ဝေသူများသည် မိမိတို့ထုတ်ဝေသည့် စာအုပ်စာစောင် ခြောက်အုပ် သို့မဟုတ် ခြောက်စောင်ကို ပြန်ကြားရေးဝန်ကြီးဌာနသို့ အဖိုးအခလွတ်ပေးအပ်ရမည်ဖြစ်ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာနသည် အဆိုပါ စာအုပ်စာစောင်များကို အမျိုးသားစာကြည့်တိုက်၊ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနနှင့် အမျိုးသားစာပေဆုရွေးချယ်ရေးကော်မတီများသို့ ခွဲဝေပေးပို့လျက်ရှိပါသည်။ ထို့အပြင် ပေးပို့လာသော ထုတ်ဝေစာများကို ပြက္ခဒိန်နှစ်အလိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း ထုတ်ဝေသော စာအုပ်စာတမ်းများ စာရင်းတွင်လည်း ရေးသွင်းထားပြီး နှစ်စဉ်ထုတ်ပြန်လျက်ရှိပါသည်။

သို့ပါ၍ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေ ၁၅၊ နည်းဥပဒေခွဲ(က)ပါ ပြဋ္ဌာန်းချက်များအရ ထုတ်ဝေသူသည် မိမိထုတ်ဝေသော ထုတ်ဝေစာ ခြောက်အုပ် သို့မဟုတ် ခြောက်စောင်ကို ဖြန့်ချိသည့် နေ့ရက်မှစ၍ ခုနစ်ရက်အတွင်း ပုံနှိပ်သူထံပေးအပ်ပြီး ပုံနှိပ်သူသည် ၁၄ ရက်အတွင်း ပုံစံ ၁၁ ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲသို့ မပျက်မကွက်ပေးအပ်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

## ပုံနှိပ်ခြင်းလုပ်ငန်း၊ ထုတ်ဝေခြင်းလုပ်ငန်းနှင့် သတင်းအေဂျင်စီလုပ်ငန်းလုပ်ကိုင်သူများ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် အသစ်လဲလှယ်ရန် အသိပေးကြေညာခြင်း

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေထွက်ရှိသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း အသိအမှတ်ပြုလက်မှတ်များအား ငါးနှစ်သက်တမ်း ခွင့်ပြုပေးခဲ့ပါသည်။

အသိအမှတ်ပြုလက်မှတ် သက်တမ်းကုန်ဆုံးပါက နည်းဥပဒေ ၂၁ အရ သက်တမ်းကုန်ဆုံးသည့်ရက်မှစ၍ ရက်ပေါင်း ၆၀ အတွင်း သတ်မှတ်ပုံစံနှင့်အတူ အခကြေးငွေ ကျပ်တစ်သောင်းပေးသွင်း၍ ပြန်ကြားရေးဝန်ကြီးဌာနသို့ အသိအမှတ်ပြုလက်မှတ် အသစ်လဲလှယ်ရန် လာရောက်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

သက်တမ်းကုန်လွန်သော အသိအမှတ်ပြုလက်မှတ်များဖြင့် လုပ်ငန်းဆက်လက်လုပ်ကိုင်ခွင့် မရှိကြောင်းနှင့် သက်တမ်းကုန်ဆုံးပြီး လုပ်ငန်းဆက်လက်လုပ်ကိုင်ပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း ၀၁-၅၄၁၄၃၃ ၊ ၀၁-၅၄၄၅၈၂ ၊ ၀၁-၅၄၄၅၈၃၊ iprd.crd.ygn@gmail.com သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် လုံခြုံရေးကို ထိခိုက်စေနိုင်သော ထုတ်လွှင့်မှုများ မပြုလုပ်မိစေရေး ဂရုပြုရန်နှင့် မီဒီယာကျင့်ဝတ်များနှင့်အညီ လိုက်နာဆောင်ရွက်




နေပြည်တော် မေ ၁၂

ပြန်ကြားရေးဝန်ကြီးဌာန ရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်းများ ကြီးကြပ်မှုအဖွဲ့ (Broadcasting Governing Body–BGB) အစည်းအဝေး အမှတ်စဉ် (၃/၂၀၂၂)ကို ယနေ့ နံနက်ပိုင်းက နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးရုံးမှတစ်ဆင့် အွန်လိုင်းစနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ ဒုတိယဝန်ကြီး ဦးရဲတင့်၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့မှ တာဝန်ရှိသူများ၊ မြဝတီရုပ်မြင်သံကြားနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ရုပ်သံလွှင့်ကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးကြသည်။

အစည်းအဝေးတွင် အဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးရဲတင့်က အမှာစကားပြောကြားရာ၌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ရုပ်သံလွှင့်ကုမ္ပဏီများအနေဖြင့် နိုင်ငံတော်တည်ငြိမ်ရေးနှင့် လုံခြုံရေးကို ထိခိုက်စေနိုင်သော ထုတ်လွှင့်မှုများ မပြုလုပ်မိစေရန် ဂရုပြုဆောင်ရွက်ရေး၊ လုပ်ငန်းများဆောင်ရွက်ရာတွင် တည်ဆဲဥပဒေများ၊ ဌာနနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှု စာချုပ်ပါအချက်များ၊ မီဒီယာကျင့်ဝတ်များနှင့်အညီ လိုက်နာဆောင်ရွက်ရေး၊ နိုင်ငံတော်က ဖော်ဆောင်လျက်ရှိသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အပါအဝင် နိုင်ငံနှင့် ပြည်သူအတွက် အကျိုးရှိမည့် သတင်းအချက်အလက်နှင့် အစီအစဉ်များ ထည့်သွင်းထုတ်လွှင့်ရေး၊ သတင်းတု၊ သတင်းမှားများ ချေဖျက်နိုင်မည့် သတင်းမှန်များ အချိန်နှင့်တစ်ပြေးညီ ထုတ်လွှင့်နိုင်ရေး၊ ဝန်ထမ်းများနှင့် စက်ပစ္စည်းများ လုံခြုံရေးဆိုင်ရာများကို ဆွေးနွေးမှာကြားပြီး တက်ရောက်လာသူများ၏ ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်းများ ကြီးကြပ်မှုအဖွဲ့ကို ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဥက္ကဋ္ဌအဖြစ် ဦးဆောင်၍ ပြန်ကြားရေးဝန်ကြီးဌာနနှင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ တာဝန်ရှိသူများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော ရုပ်သံလွှင့်ကုမ္ပဏီများမှ တာဝန်ရှိသူများ စုစုပေါင်း ၂၁ ဦးဖြင့် ဖွဲ့စည်းထားရှိပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို လစဉ်ပြုလုပ်၍ ရုပ်သံထုတ်လွှင့်ခြင်းလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# e-Visa (Tourist) ကမ္ဘာလှည့်ဗီဇာ ပြန်လည်ခွင့်ပြုနိုင်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ



နေပြည်တော် မေ ၁၂

လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ Online e-Visa စနစ်ဖြင့် Tourist Visa (ကမ္ဘာလှည့်ဗီဇာ) ပြန်လည်ခွင့်ပြုထုတ်ပေးနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီက နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

### တက်ရောက်

အခမ်းအနားသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးလှိုင်၊ အမြဲတမ်းအတွင်းဝန် ဦးအောင်ကျော်စိုး၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန၊ ကျန်းမာရေး ဝန်ကြီးဌာန၊ ပို့ဆောင်ရေး ဝန်ကြီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာ့အာမခံလုပ်ငန်းနှင့် e-Visa စနစ်အား ဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်နေသည့် Myanmar Easenet ကုမ္ပဏီတို့မှ တာဝန်ရှိသူတို့က ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

### ကြိုတင်ပြင်ဆင်ဆောင်ရွက်

အစည်းအဝေးတွင် ဒုတိယဝန်ကြီး ဦးဌေးလှိုင်က မိမိတို့ဝန်ကြီးဌာနအနေဖြင့် Online e-Visa စနစ်ဖြင့် e-Visa (ကမ္ဘာလှည့်)ကို နိုင်ငံပေါင်း ၁၀၀၊ e-Visa (လုပ်ငန်း) ကို နိုင်ငံပေါင်း ၅၅ နိုင်ငံ ခွင့်ပြုဆောင်ရွက်နေရာမှ ကိုဗစ်-၁၉ ရောဂါ အခြေအနေကြောင့် ၂၀၂၀ ပြည့်နှစ် မတ် ၂၃ ရက်မှစ၍ ယာယီရပ်ဆိုင်းထားခဲ့ပါကြောင်း၊ ယခုအခါ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု သိသိသာသာ လျော့နည်းကျဆင်းလာမှုကြောင့် e-Visa ဖြင့် (Business) လုပ်ငန်းဗီဇာကို ဧပြီ ၁ ရက်မှ ပြန်လည်ခွင့်ပြုပေးလျက်ရှိပါကြောင်း၊ ဧပြီ ၁၇ ရက်မှ စ၍လည်း ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ နိုင်ငံတကာ လေကြောင်းလိုင်းများကိုပြန်လည် ဝင်/ထွက် ပျံသန်းခွင့်ပြုခဲ့ရာ e-Visa (Business) ဖြင့် လျှောက်ထား ဝင်ရောက်လာမှုများ ရှိပါကြောင်း၊ ယခု ထပ်မံ၍ e-Visa (Tourist) ကမ္ဘာလှည့်ဗီဇာကို ခွင့်ပြုချက်အရ ခွင့်ပြုဆောင်ရွက်ရန်ရှိရာ နိုင်ငံအတွင်း ဝင်ရောက်လာမည့် နိုင်ငံခြားသားများကို အဆင်ပြေစေရေးအတွက် လိုအပ်ချက်များကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန်နှင့် သတင်းအချက်အလက် ပြည့်စုံမှန်ကန်စွာ ချပြနိုင်ရေးသည် အရေးကြီးပါကြောင်း၊ ထို့ကြောင့် မိမိတို့ဌာနမှ e-Visa (ကမ္ဘာလှည့်) ဖြင့် ဝင်ရောက်လာမည့် နိုင်ငံခြားသားများ ခွင့်ပြုချက် လျှောက်ထားရာတွင် အချက်အလက် ပြည့်စုံ မှန်ကန်စေရေးအတွက် လိုအပ်ချက်များ ထုတ်ပြန်ပေးသကဲ့သို့ ပူးပေါင်းဆောင်ရွက်ကြမည့် ဆက်စပ်ဌာနများအနေဖြင့် လိုအပ်ချက်များ အဆင်သင့်ဖြစ်စေရေးနှင့် အသိပေးရန်လိုအပ်ချက်များ အချိန်မီ ထုတ်ပြန်ရေးအတွက် ယခုအစည်းအဝေးကို ဆောင်ရွက်ရခြင်း ဖြစ်ပါကြောင်း၊ e-Visa (ကမ္ဘာလှည့်) ခွင့်ပြုနိုင်ရေးအတွက် လုပ်ငန်းဆိုင်ရာလိုအပ်ချက်များကို စေ့စပ်သေချာစွာ ဆောင်ရွက်နိုင်ရန်နှင့် ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးကြရန်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

### ဆွေးနွေး

ထို့နောက် တက်ရောက်လာကြသူများက လက်ရှိလေကြောင်းလိုင်းများ ပြေးဆွဲမှုနှင့် ခရီးသည်များဝင်ရောက်မှု အခြေအနေ၊ ကျန်းမာရေးဆိုင်ရာစစ်ဆေးဆောင်ရွက်မှုနှင့် ကိုဗစ်-၁၉ စစ်ဆေးတွေ့ရှိမှု အခြေအနေ၊ e-Visa(Business) ဖြင့် ဝင်ရောက်နေမှုနှင့် (Tourist Visa) ဖြင့် လျှောက်ထားခွင့်ပြုဆောင်ရွက်ရာတွင် နိုင်ငံခြားသားဝင်ရောက်မှု ပိုမိုများပြားလာနိုင်သည့်အတွက် ကြိုတင်ပြင်ဆင်ထားရန်လိုအပ်ချက်များကို အကြံပြုဆွေးနွေးတင်ပြကြသည်။

ယင်းနောက် တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက ညှိနှိုင်းဆောင်ရွက်ပေးပြီး e-Visa (Toursit) ဖြင့် ဝင်ရောက်လာမည့်သူများ အဆင်ပြေချောမွေ့စေရေးအတွက် အဘက်ဘက်က ကြိုတင်မြော်တွေးဆောင်ရွက်ကြရေး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# လပြည့်နေ့ကဆုန်

ဘကြီးကောင်း



“လေးအသချေ်ကိန်း တစ်သိန်းကပ်ကြုံ၊ သုမေဓာလောင်း ညွှန့်ပျောင်းဖွက်အုံ၊ ဒီပင်ထံပါး ဝမ်းလျားမှောက်ခုံ၊ ဆုပန်နေ့ လပြည့်နွှေကဆုန်”

“ဘကြီးကောင်း၊ တရားနာနေတာလားဗျ”

“အေး၊ ဟုတ်တယ်ကွယ့်။ ကဆုန်လပြည့် ဗုဒ္ဓနေ့နီးလာတိုင်း ဘကြီးကောင်းက သီတဂူ ဆရာတော်ဘုရားကြီး ဟောကြားတော်မူခဲ့တဲ့ ‘ကဆုန်လပြည့်ဗုဒ္ဓနေ့’ တရားတော်ကို အမြဲနာယူ လေ့ရှိတယ် မောင်မြင့်အေးရဲ့၊ ဆရာတော်ကြီးစပ်ဆို ထားတဲ့ လင်္ကာပုဒ်လေးတွေကြားတိုင်း စိတ်ထဲမှာ အလွန်ကြည်နူးမိတယ်ကွယ့်”

“ဟုတ်တယ် ဘကြီးကောင်းရေ၊ ကျွန်တော် လည်း ခုနကကြားလိုက်ရတော့ စိတ်ထဲမှာ တအားကြည်နူးသွားတာပဲ။ ကဆုန်လပြည့်နေ့ တောင် ရောက်တော့မယ်နော်”

“အေးကွယ်၊ ကဆုန်လပြည့်နေ့ဆိုတာ တို့ဗုဒ္ဓ ဘာသာဝင်တို့အတွက် တကယ့်နေ့ထူးနေ့မြတ်ကြီး ပေါ့ကွယ်။ ကဆုန်လပြည့်နေ့ကို မြတ်ဗုဒ္ဓရဲ့ဘဝနဲ့ ဆက်စပ်ပြီး ပြောမယ်ဆိုရင် ဒီပင်္ကရာမြတ်စွာ ဘုရားထံမှာ သုမေဓာရသေ့ဘဝနဲ့ ဗျာဒိတ်ခံခဲ့ တာလည်း ကဆုန်လပြည့်နေ့ပဲ၊ နောက်ဆုံးဘဝမှာ ဖွားတော်မူတာလည်း ကဆုန်လပြည့်နေ့ပဲ၊ ဘုရား အဖြစ်သို့ရောက်တော်မူတာလည်း ကဆုန်လပြည့် နေ့ပဲ၊ ဘဝအဆုံးသတ်ပြီး ပရိနိဗ္ဗာန်စံတာလည်း ကဆုန်လပြည့်နေ့ပဲ။ ဒါကြောင့် ကဆုန်လပြည့်နေ့ ကို “ဗျာဒိတ်တော်ခံ၊ ဖွား၊ ပွင့်၊ စံ”လို့ အကျဉ်းချုပ် မှတ်သားကြတယ်ကွယ့်။ “ဗျာဒိတ်၊ ဖွားမြင်၊ ဗောဓိပင်၊ စံဝင်နိဗ္ဗာန်နန်း”လို့လည်း မှတ်သားကြ တယ်ကွယ့်။

### ကမ္ဘာ့ရုံးပိတ်ရက်အဖြစ် အသိအမှတ်ပြု

မြတ်ဗုဒ္ဓရဲ့ဘဝနဲ့ ဒီလိုထူးထူးခြားခြား ဆက်စပ် တဲ့နေ့ဖြစ်တဲ့အတွက် ကုလသမဂ္ဂမှာ ဗုဒ္ဓဟာ အင်မတန်မှထူးခြားတဲ့ ပုဂ္ဂိုလ်တစ်ဦးဖြစ်တယ်၊ ဗုဒ္ဓရဲ့အဆုံးအမတွေဟာ ထူးခြားတဲ့ အဆုံးအမတွေ ဖြစ်တယ်၊ ကမ္ဘာကြီးငြိမ်းချမ်းအောင်၊ လူတွေရဲ့ စိတ်နှလုံးပူလောင်မှုတွေကို ငြိမ်းချမ်းအောင် ဟောပြောနိုင်တဲ့ အင်မတန်မှထူးခြားတဲ့ပုဂ္ဂိုလ် ဖြစ်တယ်ဆိုပြီး ဗုဒ္ဓဖွားမြင်တဲ့နေ့ကို ကမ္ဘာ့ရုံးပိတ် ရက်အဖြစ် အသိအမှတ်ပြုသင့်တယ်လို့ အဆို တင်သွင်းကြတဲ့အတွက် ကုလသမဂ္ဂ(UN)က ကဆုန်လပြည့်နေ့ကို ဗုဒ္ဓနေ့အဖြစ် တစ်ကမ္ဘာလုံး က အသိအမှတ်ပြုတဲ့ရုံးပိတ်ရက်အဖြစ် ၁၉၉၉ ခုနှစ်က ဆုံးဖြတ်ချက်ချမှတ်ခဲ့တယ်ကွယ့်။

မြတ်ဗုဒ္ဓဟောကြားတော်မူတဲ့ ...

“ရန်ပြုသူကို ပြန်၍ရန်ပြုခြင်းဖြင့် ငြိမ်းချမ်း ရေးမရနိုင်၊

ရန်ငြိုးဖွဲ့သူကို ပြန်၍ရန်ငြိုးဖွဲ့ခြင်းဖြင့် ငြိမ်းချမ်းရေးမရနိုင်၊

အကြမ်းဖက်သူကို ပြန်၍အကြမ်းဖက်ခြင်း ဖြင့် ငြိမ်းချမ်းရေးမရနိုင်၊

မုန်းတီးသူကိုပြန်၍မုန်းတီးခြင်းဖြင့် အမုန်း ဇာတ်အဆုံးမသတ်နိုင်၊

ဆဲရေးပုတ်ခတ်သူကို ဆဲရေးပုတ်ခတ်ကာ တုံ့ပြန်ခြင်းဖြင့် ငြိမ်းချမ်းရေးမရနိုင်၊

လိမ်လည်လှည့်ဖြားမှုကို မုသာဝါဒနဲ့ တုံ့ပြန် ခြင်းဖြင့် သစ္စာတရားမထွန်းကားနိုင်၊

“ရန်ပြုလာသူ၊ ရန်ငြိုးဖွဲ့သူ၊ အကြမ်းဖက်သူ၊ မုန်းတီးသူ၊ ဆဲရေးသူ၊ ပုတ်ခတ်သူ၊ လိမ်လည်သူ တို့ကို မေတ္တာ၊ ခန္တီ၊ သစ္စာ၊ သမာဓိ၊ ပညာတို့ဖြင့်သာ ငြိမ်းချမ်းစေရာ၏”ဆိုတဲ့ အဆုံးအမကိုကြည့်ပြီး မြတ်ဗုဒ္ဓဟာ ကမ္ဘာကြီးငြိမ်းချမ်းအောင် လူတွေရဲ့ စိတ်နှလုံးပူလောင်မှုတွေကို ငြိမ်းချမ်းအောင် ဟောပြောနိုင်တဲ့ အင်မတန်မှထူးခြားတဲ့ပုဂ္ဂိုလ် ဆိုပြီး အဆိုတင်သွင်းကြတာဖြစ်မယ်လို့ ဘကြီးကောင်း စဉ်းစားနေမိတယ်”

“ဘကြီးကောင်းပြောမှပဲ တစ်ကမ္ဘာလုံးက ကဆုန်လပြည့်နေ့ကို ဗုဒ္ဓနေ့အဖြစ် တလေးတစား တန်ဖိုးထားအသိအမှတ်ပြုထားမှန်း သိရတော့တယ်။ ကျွန်တော်တို့ကတော့ ကဆုန်လပြည့်နေ့ရောက်ရင် ညောင်ရေသွန်းဖို့လောက်ပဲ သိပါတယ်”

“အေးပေါ့ကွယ်၊ ကဆုန်လ ညောင်ရေသွန်းပွဲ ဆိုတာကလည်း မြန်မာ့ရိုးရာ ၁၂ လ ရာသီပွဲတော် ထဲမှာလည်း အစဉ်အလာအဖြစ်သတ်မှတ်ထားခဲ့ကြ တာကိုး။ ထေရဝါဒဗုဒ္ဓသာသနာတော်ကို လက်ခံ ယုံကြည်ကိုးကွယ်ကြတဲ့ မြန်မာနိုင်ငံက ဗုဒ္ဓဘာသာ ဝင်တွေအနေနဲ့လည်း ကဆုန်လညောင်ရေသွန်းပွဲကို ပုဂံ၊ ပင်းယ၊ အင်းဝ၊ ကုန်းဘောင်ခေတ်ကနေ ကနေ့ အထိ အစဉ်အလာမပျက် ကျင်းပပြုလုပ်ကြတယ် ကွယ့်။ လက်ဝဲသုန္ဒရအမတ်ကြီးရဲ့ နာမည်ကျော် မဲဇာတောင်ခြေရတုမှာ ပွဲခါညောင်ရေဆိုတဲ့ စာပုဒ် ကလေးကို ဖတ်ကြည့်ရင်ပဲ မြင်နိုင်တယ်ကွယ့်။

### ဗောဓိပင်ကို ရေသွန်းလောင်းပူဇော်

ဒါပေမဲ့ ရှေးဘိုးဘွားမိဘတွေက ညောင်ရေ သွန်းပွဲတော်ကို ပွင့်ရာဗောဓိအား ရည်မှန်းခြင်း၊ ရေပြတ်ချိန်မှာ မညှိုးနွမ်းစေလိုခြင်းဆိုတဲ့ ရည်ရွယ် ချက်နှစ်ရပ်နဲ့ကျင်းပခဲ့ခြင်းဖြစ်တယ်ကွယ့်။ ဗုဒ္ဓ ဘာသာဝင်တို့ဟာ ဘုရားဖြစ်တဲ့နေ့ထူးနေ့မြတ်ကို အာရုံပြုပြီး ကဆုန်လပြည့်နေ့မှာ ပရိဘောဂစေတီ ထိုက်တဲ့ ဗောဓိပင်ကို ရေသွန်းလောင်းပူဇော်ကြတာ ဖြစ်တယ်။ သစ္စာလေးပါးတရားတို့ကို သိမြင်ရာဌာန ဖြစ်တာကြောင့် ပွင့်တော်မူရာ သစ်ပင်ကို ဗောဓိပင် လို့ ခေါ်တယ်။ ဥပမာ – ကံ့ကော်ပင်မှာ ဘုရားပွင့်ရင် ကံ့ကော်ပင်ဟာ ဗောဓိပင်ဖြစ်တယ်၊ ညောင်ပင်မှာ ဘုရားပွင့်ရင် ညောင်ပင်ဟာဗောဓိပင် ဖြစ်တယ်။ ဗောဓိပင်ဟာ ဖွားဖက်တော် ခုနစ်ပါး စာရင်းဝင်လည်း ဖြစ်တယ်ကွယ့်။

ဗောဓိပင်ကိုပူဇော်မှုနဲ့ပတ်သက်ပြီး အသန ဗောဓိယမထေရ်လောင်းဟာ တိဿဘုရားရှင်ရဲ့ ဗောဓိပင်ကို စိုက်ပျိုးပူဇော်ရတဲ့ကုသိုလ်ကြောင့် နတ်ပြည်၌ဖြစ်ရခြင်း၊ စကြာဝတေးမင်းဖြစ်ရခြင်း၊ အပါယ်ဘေးမှလွတ်ကင်းရခြင်း အကျိုးများကိုခံစား ရကြောင်း ထေရာပဒါန်ကျမ်းဂန်မှာ ဟောကြားခဲ့တယ် ကွယ့်။ ဂန္ဓောဒတတိယမထေရ်လောင်းဆိုလည်း ပဒုမုတ္တရာဘုရားရှင်ရဲ့ဗောဓိပင်ကို နံ့သာရေနဲ့ သွန်းလောင်းပူဇော်တဲ့ ကုသိုလ်ကြောင့် နတ်ပြည်မှာ ဖြစ်ရခြင်း၊ အနာရောဂါမရှိခြင်း၊ သောက ကင်းဝေးခြင်းစတဲ့ အကျိုးတွေကို ခံစားရတယ်လို့ လည်း စာပေကျမ်းဂန်တွေမှာ ဖော်ပြထားတယ် ကွယ့်။

ဗောဓိပင်ဟာ မြတ်စွာဘုရားရှင်နဲ့ တိုက်ရိုက် ဆက်စပ်တဲ့အတွက် ဗုဒ္ဓဘာသာဝင်တွေဟာ နှစ်စဉ် ကဆုန်လပြည့်နေ့ရောက်တိုင်း ဗောဓိပင်မှာ ညောင်ရေသွန်းခြင်း၊ ဗုဒ္ဓရုပ်ပွား ဥဒ္ဒိဿစေတီတော် များကိုအနေကဇာတင် ဗုဒ္ဓအဘိသေကမင်္ဂလာသဘင် ဆင်ယင်ကျင်းပခြင်း၊ ကျောင်းကန်ဘုရား သွားရောက် ပြီး ဒါန၊ သီလ၊ ဘာဝနာအမှုကုသိုလ်အထူးကို ဆည်းပူးခြင်း စတဲ့ကဆုန်လပြည့်ဗုဒ္ဓနေ့ကို အမှတ် တရဆင်နွှဲကြတယ်ကွယ့်”

“ဘကြီးကောင်းပြောမှပဲ ညောင်ရေသွန်းရခြင်း ရဲ့အဓိပ္ပာယ်ကို ကျယ်ကျယ်ပြန့်ပြန့်၊ နက်နက်ရှိုင်းရှိုင်း သဘောပေါက်လာမိတော့တယ်”

### ဝိသာခါဒေး “ဝေဆာခ်ဒေး”

“အေးကွယ့်၊ တို့မြန်မာနိုင်ငံမှာ ကဆုန်လပြည့် ဗုဒ္ဓနေ့ကို ညောင်ရေသွန်းလောင်း ပူဇော်ပွဲလောက်ပဲ ကျင်းပပေမယ့် အခြားနိုင်ငံတွေမှာတော့ ကဆုန် လပြည့်နေ့မှာ ထွက်ပေါ်လာတဲ့ လပြည့်ဝန်းကြီးဟာ ဝိသာခနက္ခတ်နဲ့ ယှဉ်တွဲပြီး ဖြစ်ပေါ်လာခြင်း၊ ကောင်းကင်က ကြယ်တွေဟာ တောက်ပနေခြင်း၊ မြတ်ဗုဒ္ဓဟာ ဝိသာခနက္ခတ်နဲ့ယှဉ်ပြီး ဖွားမြင်တော် မူခြင်း၊ ပရိနိဗ္ဗာန်စံတော်မူခြင်းတွေကို အကြောင်း ပြုပြီး ကဆုန်လပြည့်နေ့ကိုဝိသာခါဒေး “ဝေဆာခ်ဒေး” လို့လည်းခေါ်ကြပြီး ဝေဆာခ်ပွဲတွေလည်း ကျင်းပ ကြတယ်လို့ဆိုတယ်။ အခုရက်ပိုင်း မေလ ၈ ရက်နေ့ ကဆိုရင် တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ ဆော်ရှီ ဘုရားကျောင်းမှာ ထောင်နဲ့ချီတဲ့ မြို့သူမြို့သား တွေက ဗုဒ္ဓမွေးနေ့အခမ်းအနားကို ပါဝင်ဆင်နွှဲနေ ကြတာကိုတွေ့လိုက်ရတယ်။တောင်ကိုရီးယားဘုရား ကျောင်းတွေမှာလည်း ဧပြီလဆန်းပိုင်းကစပြီး မီးပုံး အလှပြပွဲ၊ မီးပုံးပျံပွဲ၊ အထူးဖျော်ဖြေပွဲတွေနဲ့ ဗုဒ္ဓ မွေးနေ့အခမ်းအနားကို ကျင်းပနေကြတယ်။

“ဟုတ်ကဲ့ ဘကြီးကောင်း၊ အင်မတန်မှတ်သား စရာတွေပါခင်ဗျာ”

“ဘကြီးကောင်းတို့လည်း အစကမသိခဲ့ပါဘူး။ ပါမောက္ခချုပ်ဆရာတော်ဘုရားကြီး ဟောကြား တော်မူတဲ့ ‘ဗျာဒိတ်တော်ကြားဘုရား ၂၄ ဆူ’ တရားတော်ကို ဖတ်မှတ်နာယူမှ သိရတာ။ ဒီတရား တော်မှာ ကဆုန်လပြည့်ဗုဒ္ဓနေ့နဲ့ပတ်သက်ပြီး အင်မတန် မှတ်သားနာယူစရာကောင်းတယ်ကွယ့်။

### လုပ်သင့်လုပ်ထိုက်တဲ့ပွဲ

ဆရာတော်ကြီးက ‘ကဆုန်လပြည့်နေ့ကို အိန္ဒိယမှာ ဘယ်လိုခေါ်တုန်းဆိုရင် ‘ဝေဆာခ်’လို့ ခေါ်တယ်၊ ဝေဆာခ်ဆိုတာ ဝိသာခကိုပြောတာ၊ ဝေသာခဆိုတဲ့စကားလုံးကို ပါဠိစကားလုံးမှာ ‘ဝေသာခ’ပဲ။ အိန္ဒိယကလူတွေရဲ့ အသံထွက်အရ ‘ဝေဆာခ်’ ဒီလို အသံထွက်တာ။ တချို့နိုင်ငံတွေမှာ ကုလသမဂ္ဂရဲ့ဆုံးဖြတ်ချက်အရ ဝေဆာခ်ပွဲတွေ ကျင်းပကြတယ်။ မြတ်စွာဘုရားရဲ့ဂုဏ်တော်၊ ကျေးဇူးတော်တွေကို အာရုံပြုပြီး လုပ်သင့် လုပ်ထိုက်တဲ့ပွဲပဲ။

ဘုန်းကြီးတို့ သီရိလင်္ကာနေတုန်းက သီရိလင်္ကာက ဝေဆာခ်ပွဲဟာ အလွန်ကြီးကျယ် တယ်။ အခု မြန်မာပြည်မှာကြီးကျယ်နေတာ သင်္ကြန်ပွဲဖြစ်တယ်။ ကဆုန်လမှာ သာမန်ညောင်ရေ သွန်းပွဲလောက်ပဲလုပ်ကြတယ်။ ဒီနေ့က ဘုရား ဖွားတော်မူတဲ့နေ့လည်းဖြစ်တယ်၊ ဘုရားအဖြစ်သို့ ရောက်တော်မူတဲ့နေ့လည်းဖြစ်တယ်၊ ပရိနိဗ္ဗာန် စံတော်မူတဲ့နေ့လည်းဖြစ်တယ်။ အင်မတန်မှ ထူးခြားတဲ့နေ့။ ဒီထဲမှာ ထပ်ထည့်မယ်ဆိုလို့ရှိရင် ဗျာဒိတ်ခံတဲ့နေ့လည်းဖြစ်တယ်။ ဒါကြောင့်မို့ ‘ကဆုန်လပြည့်ဗုဒ္ဓနေ့’ဆိုတာ အင်မတန်မှထူးခြား တယ်။ ဗုဒ္ဓဘာသာနိုင်ငံတွေမှာ ကဆုန်လပြည့် နေ့ဟာ တကယ့်ကိုအမှတ်တရလုပ်သင့်တဲ့ နေ့ပဲ။ သီရိလင်္ကာနိုင်ငံမှာ နှစ်လလောက်ကကြိုပြီး ‘ဝေဆာခ်ကတ်’ဆိုတာ (ခရစ္စမတ်ကတ်လို) ထုတ်ဝေကြတယ်။ မြတ်စွာဘုရားဟောတဲ့ဒေသနာ တွေ၊ ဘုရားပုံတော်တွေနဲ့ greeting ကတ်တွေ သူငယ်ချင်းတွေ တစ်ဦးနဲ့တစ်ဦး၊ ဗုဒ္ဓဘာသာတွေ တစ်ဦးနဲ့တစ်ဦး ပေးပို့ကြတယ်။

မြန်မာပြည်မှာ အဲဒါလုပ်သင့်တယ်၊ ညောင်ရေ သွန်းရုံလောက်တင် မဖြစ်သင့်ဘူး၊ ဗုဒ္ဓနေ့ညောင်ရေ သွန်းတာက ဗုဒ္ဓရဲ့ဖွားဖက်တော် ဗောဓိပင်ပဲ ရေလောင်းဖို့သတိရကြတယ်။ မြတ်စွာဘုရားရဲ့ ဘဝကို မေ့နေသလို ရှိတယ်ပေါ့၊ ကိုယ့်မွေးနေ့ပွဲ တွေလုပ်ကြတယ်၊ ဘုရားမွေးနေ့ကိုတော့ မေ့နေ ကြတယ်လို့ပြောစရာဖြစ်တယ်။

စာမျက်နှာ ၁၂ သို့ ✻

> “တို့မြန်မာနိုင်ငံမှာ ကဆုန်လပြည့်ဗုဒ္ဓနေ့ကို ညောင်ရေသွန်းလောင်း ပူဇော်ပွဲလောက်ပဲ ကျင်းပပေမယ့် အခြားနိုင်ငံတွေမှာတော့ ကဆုန်လပြည့်နေ့မှာ ထွက်ပေါ်လာတဲ့ လပြည့်ဝန်းကြီးဟာ ဝိသာခနက္ခတ်နဲ့ယှဉ်တွဲပြီး ဖြစ်ပေါ်လာခြင်း၊ ကောင်းကင်က ကြယ်တွေဟာ တောက်ပနေခြင်း၊ မြတ်ဗုဒ္ဓဟာ ဝိသာခနက္ခတ်နဲ့ ယှဉ်ပြီး ဖွားမြင်တော်မူခြင်း၊ ပရိနိဗ္ဗာန်စံတော်မူခြင်းတွေကို အကြောင်းပြုပြီး ကဆုန်လပြည့်နေ့ကို ဝိသာခါဒေး “ဝေဆာခ်ဒေး” လို့လည်းခေါ်ကြပြီး ဝေဆာခ်ပွဲတွေလည်း ကျင်းပကြတယ်”

✻ ကျောဖုံးမှ

တွေ့ဆုံပွဲတွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ (KNDP) ဥက္ကဋ္ဌ မန်းအောင်ပြည်စိုးတို့က နှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများက PR စနစ်ဖြင့် ပါတီစုံအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကိစ္စ၊ ရွေးကောက်ပွဲနှင့်ဆက်စပ်သော ငြိမ်းချမ်းရေးဆိုင်ရာ ကိစ္စရပ်များ၊ ကရင်ပြည်နယ်အတွင်း ငြိမ်းချမ်းရေးနှင့်ပတ်သက်သည့် ဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများ၊ လက်နက်ကိုင်ပဋိပက္ခများ လျှော့ချရေးနှင့် တိုက်ပွဲရှောင်ပြည်သူလူထု၏ အခက်အခဲများ ဖြေရှင်းဆောင်ရွက်သွားရေး ကိစ္စများကို အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ့ပညာရေးအဆင့်အတန်း နိုင်ငံတကာအဆင့်မီ တိုးတက်မြင့်မားလာစေရေးနှင့် ပညာတတ်လူငယ်များ ပေါ်များလာစေရေး ကြိုးပမ်းဆောင်ရွက်




**ရန်ကုန် မေ ၁၂**

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ကြီးကြပ်ကွပ်ကဲမှုဖြင့်ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)တွင် ဖွင့်လှစ်မည့် တက္ကသိုလ်၊ ကောလိပ်ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၂၅) ၏ သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ရတနာသိဃ်ခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးသန်းဆွေ၊ တာဝန်ခံအဖွဲ့ဝင် ဦးစိုးတင့်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ပါမောက္ခချုပ် ဦးဇော်ဇော်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးမြင့်ဆွေ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)မှ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ တက္ကသိုလ်သင်ကြားရေး/စီမံဌာနများမှ ပါမောက္ခဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးသန်းဆွေက ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများရှိ တက္ကသိုလ်၊ ကောလိပ်များတွင် သင်ကြားရေးတာဝန် ထမ်းဆောင်နေသည့် ဆရာ ဆရာမများ၏ စိတ်ဓာတ်၊ စည်းကမ်း ပိုမိုကောင်းမွန်လာစေရန်၊ အဆင့်မြင့်ပညာရေးနှင့် စပ်လျဉ်းသည့် ဗဟုသုတများ၊ နိုင်ငံ့ဝန်ထမ်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့် သက်ဆိုင်သည့် ဗဟုသုတနှင့် အတွေ့အကြုံများ တိုးပွားလာစေရန်၊ ချစ်ကြည်ရင်းနှီးမှုနှင့် စည်းလုံးညီညွတ်မှု ပိုမိုရရှိစေရန်၊ ယုံကြည်ချက်၊ ခံယူချက်၊ စိတ်နေစိတ်ထားများ ပိုမိုကောင်းမွန်လာစေရန်၊ ကျောင်းသားများနှင့်စပ်လျဉ်းသည့် စီမံခန့်ခွဲရေးနှင့် သင်ကြားရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို လေ့လာနိုင်စေရန်၊ ဆရာ့သိက္ခာနှင့် ဆရာ့ကျင့်ဝတ်များကို သဘောပေါက်တန်ဖိုးထားနားလည်စေရန်၊ အခြေခံစစ်ပညာကို နားလည်သဘောပေါက်စေရန်နှင့် ဆရာ ဆရာမများ၏ စိတ်ဓာတ်ခံယူချက်များ မြှင့်တင်ပြောင်းလဲကာ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ အခြေခံသဘောတရားများ သိရှိနားလည်လာရေး အထောက်အပံ့ပြုနိုင်ရန်အတွက် ရည်ရွယ်ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း။

ဆရာများသည် ပညာသင်ကြားပေးရုံသာမက တပည့်များ လေးစားလိုက်နာ အတုယူနိုင်အောင် ကျင့်ကြံနေထိုင်ကြရမည် ဖြစ်ကြောင်း၊ နိုင်ငံတော်မှာ ထူးချွန်ထက်မြက် ပညာတတ်သည့် အနာဂတ်မျိုးဆက်သစ်များ ပေါ်ထွန်းလာစေရေးအတွက် ဆရာ ဆရာမများ၏ အရည်အသွေးနှင့် စွမ်းဆောင်ရည်များ မြင့်မားနေရန် အထူးလိုအပ်ကြောင်း။

ဆရာ ဆရာမများအနေဖြင့် မြန်မာ့ပညာရေး အဆင့်အတန်း နိုင်ငံတကာအဆင့်မီ တိုးတက်မြင့်မားလာစေရေးနှင့် ပညာတတ်လူငယ်များ ပေါ်များလာစေရေးအတွက် ဆက်လက်အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် ၂၀၂၂ ခုနှစ် ကမ္ဘာ့ဆရာများနေ့ ဆောင်ပုဒ်၏ ဦးတည်ချက်ဖြစ်သည့် “ပညာရေးပြန်လည်အားကောင်းရေး ဆရာများက ပွဲကိုင်ပေး” ဆိုသည့်အတိုင်း ကြိုးစားလုပ်ကိုင်သွားကြရန် အလေးအနက်ထား တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

အထူးမွမ်းမံ သင်တန်းအမှတ်စဉ် (၂၅) သို့ သင်တန်းသား ၅၉ ဦး၊ သင်တန်းသူ ၁၉၄ ဦး စုစုပေါင်း ၂၅၃ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ မေ ၁၂ ရက်မှ ဇွန် ၁၀ ရက်အထိ ရက်သတ္တပါးပတ်ကြာ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌသည် ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)တွင် ဖွင့်လှစ်လျက်ရှိသော စာရေးဝန်ထမ်းကြီးကြပ်မှု တန်းမြင့်သင်တန်းအမှတ်စဉ် (၈၇) နှင့် စာရေးဝန်ထမ်း အခြေခံသင်တန်းအမှတ်စဉ် (၁၉၉) တို့မှ သင်တန်းသား သင်တန်းသူဦးရေ စုစုပေါင်း ၄၆၃ ဦးတို့၏ ကာကွယ်ရေးပညာ လေ့ကျင့်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မကွေးပညာရေးဒီဂရီကောလိပ်၌ ကျောင်းသား ကျောင်းသူ ၁၄၈ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိ

**မကွေး မေ ၁၂**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များအား မေ ၁၂ ရက်မှစတင်၍ ဖွင့်လှစ်လျက်ရှိရာ ဆရာအတတ်ပညာဦးစီးဌာန မကွေးပညာရေးဒီဂရီကောလိပ်၌ ကျောင်းသားကျောင်းသူ ၁၄၈ ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

**ဖွင့်လှစ်လျက်ရှိ**

ကျောင်းဖွင့်လှစ်မှုနှင့်ပတ်သက်၍ မကွေးပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မြင့်လှိုင်က ပညာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်ကောလိပ်အသီးသီးကို မေ ၁၂ ရက်မှစတင်၍ ပြန်လည်ဖွင့်လှစ်လျက်ရှိရာ မိမိတို့ မကွေးပညာရေးဒီဂရီကောလိပ်ကိုလည်း စတင်ဖွင့်လှစ်လျက်ရှိကြောင်း၊ ကျောင်းများဖွင့်လှစ်ရာတွင် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာန လမ်းညွှန်ချက်များနှင့်အညီ စာသင်ခန်းများအား ပြင်ဆင်ထားရှိကြောင်း၊ အတန်းများအနေဖြင့် လေးနှစ်သင် ပညာရေးဒီဂရီကောလိပ် ပထမနှစ် (ပထမနှစ်ဝက်) သင်တန်းနှင့် ပထမနှစ် (ဒုတိယနှစ်ဝက်) သင်တန်းတို့ကို ဖွင့်လှစ်ထားပြီး ဘာသာရပ် ကိုးမျိုးအပြင် ကာယနှင့်အနုပညာဘာသာရပ်များကိုပါ သင်ကြားပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ပညာရေး ဒီဂရီကောလိပ်များ ဖွင့်လှစ်ခြင်းဖြင့် အခြေခံပညာကျောင်းများတွင် လိုအပ်နေသော အရည်အသွေးပြည့်ဝသော ဆရာ ဆရာမများအား ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပြီး မကွေးပညာရေးဒီဂရီကောလိပ်အနေဖြင့် ယနေ့အချိန်ထိ ကျောင်းအပ်နှံထားရှိသူ ကျောင်းသား ကျောင်းသူ ၁၄၈ ဦးအား သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုစည်သူ(မကွေး)**



✻ စာမျက်နှာ ၁၁ မှ

ဗုဒ္ဓနေ့ကိုအမှတ်ရကြပါလို့ ဗုဒ္ဓဘာသာဝင်တွေကို ပြောချင်တယ်၊ ကိုယ်ကိုးကွယ်တဲ့ ဘုရားဟာ ကိုယ့်အပေါ် ဘယ်လောက်ကျေးဇူးရှိလဲ စဉ်းစားကြည့်။ ကုသိုလ်အကုသိုလ်၊ လုပ်သင့်တာနဲ့ မလုပ်သင့်တာ၊ အပြစ်ရှိတာနဲ့အပြစ်မရှိတာ၊ ဘဝခရီး ဘယ်လိုလျှောက်လှမ်းရမယ်ဆိုတဲ့ တရားဓမ္မတွေဟောပြောနေတာ ဘယ်သူတုန်းဆိုရင် ဘုရားပဲ။ ဘုန်းကြီးတို့ဟောတယ်ဆိုတာ ဘုရားရဲ့တရားတွေ ပြန်ဟောနေရတာ။ ကမ္ဘာကြီးကို ငြိမ်းချမ်းအောင်စွမ်းဆောင်နိုင်ပြီးတော့ လူတွေရဲ့ ဒုက္ခတွေလျော့ပါးအောင်ဟောပြောပေးတဲ့ကျေးဇူးရှင်ဟာ ဘယ်သူတုန်းဆိုရင် ဗုဒ္ဓပဲပေါ့။ အဲဒီတော့ မြတ်စွာဘုရားရဲ့ဖွားတော်မူတဲ့နေ့ဟာ မမေ့သင့်တဲ့ နေ့တစ်နေ့ပါပဲ။ ညောင်ရေသွန်းပွဲလေးနဲ့တင် အားမရဘဲနဲ့ မြတ်စွာဘုရားရဲ့ ဖွားတော်မူတဲ့နေ့မှာ အထူးတလည်မြတ်စွာဘုရားကို ပူဇော်သင့်တာပေါ့။

အဲဒီတော့ ဗုဒ္ဓနေ့ကိုအလေးအနက်ထားပြီး လုပ်သင့်တယ်၊ ကုလသမဂ္ဂဆုံးဖြတ်ချက်ကြောင့် တချို့နိုင်ငံတွေမှာဆိုရင် ‘ဝေဆာခ်ပွဲတော်’ ဆိုပြီး တော်တော်လေး ကြီးကြီးကျယ်ကျယ်လုပ်နေကြပြီ။ ခုမြန်မာပြည်မှာတော့ လုပ်တာသိပ်မတွေ့ရသေးဘူးပေါ့နော်၊ လုပ်သင့်လုပ်ထိုက်တယ်ပေါ့၊ သူများတွေလုပ်လုပ်၊ မလုပ်လုပ် ကိုယ့်ဗုဒ္ဓဘာသာဝင်တွေက နေပြီးတော့အထူးတလည်ကိုယ်တတ်နိုင်တဲ့ရှုထောင့်ကနေပြီး လုပ်သင့်တယ်။

**ကျေးဇူးဆပ်နည်း တစ်ခု**

ဒါကြောင့်မို့ အခုလို ‘ကဆုန်လပြည့်ဗုဒ္ဓနေ့’မှာ တရားဓမ္မဟောပြောနာယူကြပြီး ဘုရားကို ပူဇော်တယ်၊ ကျေးဇူးဆပ်တယ်။ ဒီလို ဓမ္မသဘင်အခမ်းအနားတွေဟာလည်းပဲ ဗုဒ္ဓကြိုက်တဲ့ကျေးဇူးဆပ်နည်းတစ်ခုပါပဲ။ အဲဒီနေ့မှာ သီလဆောက်တည်မယ်၊ တရားထိုင်မယ်၊ ဘုရားဂုဏ်တော်ပွားမယ်၊ ဒါ အကောင်းဆုံးပူဇော်ခြင်းပဲ’စသဖြင့် ဟောကြားတော်မူခဲ့တယ်ကွယ့်။ မောင်မြင့်အေးရော လာမယ့် ကဆုန်လပြည့် ဗုဒ္ဓနေ့မှာ မြတ်စွာဘုရားကို ဘယ်လို ပူဇော်မလဲကွယ့်။

“ခါတိုင်းနှစ်တွေကတော့ ညောင်ရေသွန်းလောင်း ပူဇော်တာပေါ့။ ဘကြီးကောင်း အခုလိုပြောပြတဲ့အတွက် လာမယ့်ကဆုန်လပြည့်ဗုဒ္ဓနေ့မှာ ညောင်ရေသွန်းလောင်း ပူဇော်တာအပြင် ဒါန၊ သီလဆောက်တည်ပြီး ဘုရားဂုဏ်တော်ကိုးပါးကို ပုတီးစိတ် ပူဇော်မယ်လို့စိတ်ကူးဖြစ်လာပါတယ်”

“အေးကွယ်၊ သာဓု သာဓု သာဓုပါ မောင်မြင့်အေးရော ဘကြီးကောင်းကတော့ ကိုးပါးသီလဆောက်တည်ပြီး ဘုရားကိုပူဇော်မယ်။ ‘ဗုဒ္ဓေါ ဗောဓေယျံ – မိမိကိုယ်တိုင် အမှန်အတိုင်းကိုသိအောင်ကြိုးစားပြီး လောကသားများအားလည်း အမှန်တရားသိရှိအောင်လည်း ကြိုးပမ်းအားထုတ်မည်။ တိဏ္ဏော တာရေယျံ – မိမိကိုယ်တိုင်ဒုက္ခပင်လယ်ကြီးကို ဖြတ်ကူးနိုင်အောင်ကြိုးစားပြီး လောကသားများအား ဒုက္ခပင်လယ်ကြီးကို ဖြတ်ကူးနိုင်အောင်လည်း ကြိုးပမ်းအားထုတ်မည်။ မုတ္တော မောစေယျံ – မိမိကိုယ်တိုင် ဘဝဒုက္ခမှလွတ်မြောက်အောင် ကြိုးစားပြီး လောကသားများအား ဘဝဒုက္ခမှ လွတ်မြောက်အောင် ကြိုးပမ်းအားထုတ်မည်’ဆိုတဲ့ မြတ်ဗုဒ္ဓရဲ့ မဟာကရုဏာတော်တွေ၊ ဂုဏ်တော်တွေကို ဗုဒ္ဓနုဿတိအဖြစ် ရင်ထဲနှလုံးသားထဲရောက်အောင် ကြည်ညိုပွားများမယ်။ ဓမ္မစာပေတွေ ဖတ်ရှုလေ့လာမယ်။ အခါအားလျော်စွာ ဝိပဿနာဘာဝနာကမ္မဋ္ဌာန်း နှလုံးသွင်းမယ်ကွယ့်။ မြတ်စွာဘုရားကိုတရားနဲ့ပူဇော်ခြင်းဟာ အကောင်းဆုံးပူဇော်ခြင်းပဲကွယ့်။ မြတ်စွာဘုရားရှင်ကိုယ်တော်တိုင်ကလည်း တရားနဲ့ပူဇော်ခြင်းဟာ အမြတ်ဆုံး၊ အကောင်းဆုံးပူဇော်ခြင်းပဲလို့ ဟောကြားတော်မူခဲ့တယ်ကွယ့်။ အေးကွယ်၊ ဘကြီးကောင်းလည်း သီတဂူဆရာတော်ကြီးရဲ့ ကဆုန်လပြည့် ဗုဒ္ဓနေ့တရားတော် ဆက်နာယူလိုက်ဦးမယ်ကွယ့်”

“မဟာသက္ကရာဇ် ၆၈ ကြုံ၊ လုမ္ဗိနီတောသာမောရဂုံ၊ မာယာလှည့်ဖြား ပတ္တမြား နှုတ်ငုံ၊ ဖွားမြင်နေ့ လပြည့်နွေကဆုန်”။ ။

## မြောက်ကိုရီးယားနိုင်ငံ၌ ဘီအေ-၂ အမျိုးအစား အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်ခံရသူများအား စတင်တွေ့ရှိ

ပြုံယမ်း မေ ၁၂

မြောက်ကိုရီးယားနိုင်ငံ၌ ဘီအေ-၂ အမျိုးအစား အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်ခံရသူများအား စတင်တွေ့ရှိခဲ့ကြောင်း ကိုရီးယားဗဟိုသတင်းအေဂျင်စီက ယနေ့ပြောကြားသည်။

**ပြောကြား**

ပြုံယမ်း၌ ကိုယ်အပူချိန်မြင့်တက်နေသည့်လူနာများထံမှသွေးနမူနာများကို ရယူစမ်းသပ်ခဲ့ရာမှ ၎င်းဗီဇပြောင်းဗိုင်းရပ်စ်အမျိုးအစား ကူးစက်ခံရကြောင်း တွေ့ရှိခဲ့သည်ဟု တာဝန်ရှိသူများက ပြောကြားသည်။

နိုင်ငံအတွင်း ယခုကဲ့သို့ ကိုရိုနာဗိုင်းရပ်စ် စတင်တွေ့ရှိခဲ့ခြင်းကြောင့် ဒေသအသီးသီးအား အသွားအလာကန့်သတ်မှုများချမှတ်၍ ကိုဗစ်-၁၉ ရောဂါ မပြန့်ပွားစေရန် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း မြောက်ကိုရီးယားအလုပ်သမားပါတီ အရေးပေါ်အစည်းအဝေးတွင် ခေါင်းဆောင်ကင်ဂျုံအန်က ပြောကြားသည်။

ထို့ပြင် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးဆိုင်ရာ အရေးပေါ်စနစ်တစ်ခုကိုလည်း အဆိုပါအစည်းအဝေးတွင် ချမှတ်ခဲ့ကြောင်း သိရသည်။ ယခုချမှတ်ခဲ့သည့် စနစ်အရ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အောင်မြင်စွာဆောင်ရွက်ရန်နှင့် ရောဂါစတင်ဖြစ်ပွားမှုဆိုင်ရာ ကွင်းဆက်များကိုလည်း စုံစမ်းဖော်ထုတ်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား-စီဂျီတီအင်န်၊**
**ဘာသာပြန်-စိုးသူရ**



## မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၃၂၁ ဦး ထပ်မံတွေ့ရှိ

ကွာလာလမ်ပူ မေ ၁၂

မလေးရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၃၂၁ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၄၄၆၇၀၆၁ ဦး ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

အဆိုပါရောဂါ ထပ်မံကူးစက်ခံရသူများအနက် ၁၀ ဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ပြီး ၃၃၁၁ ဦးသည် ဒေသတွင်းကူးစက်ခံရသူများ ဖြစ်ကြောင်း သိရသည်။

ထို့ပြင် လွန်ခဲ့သော ၂၄ နာရီအတွင်း ရှစ်ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၃၅၅၉၈ ဦး ရှိလာပြီဖြစ်သည်။

သို့သော် လူနာ ၁၄၁၆ ဦး ရောဂါမှ ပြန်လည်ကျန်းမာလာခဲ့သည့်အတွက် ကျန်းမာရေးပြန်လည်ကောင်းမွန်လာသူပေါင်း ၄၄၀၆၆၁၃ ဦးရှိကြောင်း သိရသည်။

လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၂၄၈၅၀ ရှိပြီး ယင်းတို့အနက် ၅၉ ဦးသည် ရောဂါပြင်းထန်စွာခံစားနေရပြီး ၃၄ ဦးသည် အသက်ရှူအထောက်အကူပြုကိရိယာများ တပ်ဆင်ထားရသည်။

လက်ရှိအချိန်အထိ ပြည်သူ ၈၅ ဒသမ ၂ ရာခိုင်နှုန်းအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အနည်းဆုံးတစ်ကြိမ် ထိုးနှံပေးပြီးဖြစ်သည်။ ၈၂ ဒသမ ၂ ရာခိုင်နှုန်းသည် ကာကွယ်ဆေး အပြည့်အဝထိုးနှံမှုခံယူပြီးဖြစ်ပြီး ၄၉ ဒသမ ၂ ရာခိုင်နှုန်းသည် ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**

## လန်ဒန်မြို့ရှိ ဖလောရင့်နိုက်တင်ဂေးလ်ပြခန်းအား ပြန်လည်ဖွင့်လှစ်ပြသ

လန်ဒန် မေ ၁၂

မေ ၁၂ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာသူနာပြုများနေ့အား ဂုဏ်ပြုသည့်အနေဖြင့် လန်ဒန်မြို့ရှိ ဖလောရင့်နိုက်တင်ဂေးလ်ပြခန်းအား ပြန်လည်ဖွင့်လှစ်ပြသလျက်ရှိကြောင်း သိရသည်။

မေ ၁၂ ရက်သည် ဖလောရင့်နိုက်တင်ဂေးလ်၏ မွေးနေ့ဖြစ်ပြီး အပြည်ပြည်ဆိုင်ရာသူနာပြုများနေ့လည်းဖြစ်သည့်အတွက် ကမ္ဘာတစ်ဝန်းရှိသူနာပြုများနှင့် ပြည်သူများက သူနာပြုအတတ်ပညာဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့သည့် ၎င်းအား ဂုဏ်ပြုရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း ဖလောရင့်နိုက်တင်ဂေးလ်ပြခန်းမှ ညွှန်ကြားရေးမှူး ဒေးဗစ်ဂရင်းက ပြောကြားသည်။ ဗြိတိန်နိုင်ငံတွင် ကိုဗစ် -၁၉ ရောဂါဖြစ်ပွားမှုများ ကြောင့် ၂၀၂၀ ပြည့်နှစ် မတ်လတွင် အဆိုပါပြခန်းအား ပိတ်ထားခဲ့ရသည်။

ယခုပြခန်းအား ပြန်လည်ဖွင့်လှစ်ခဲ့ခြင်းဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း ကမ္ဘာတစ်ဝန်း၌ သူနာပြုများ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးကြိုးပမ်းဆောင်ရွက်မှုများနှင့် သူနာပြုအတတ်ပညာ၏သမိုင်းကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိလာမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။ ၎င်းပြခန်းအတွင်း ၁၈၅၀ ပြည့်နှစ် ကရိုင်းမီးယားစစ်ပွဲအတွင်း ညအချိန် ဒဏ်ရာရစစ်သားများအား ကုသရာတွင် အသုံးပြုခဲ့သည့် မီးအိမ်ကိုပြသထားပြီး ၎င်းမီးအိမ်သည် ဖလောရင့်နိုက်တင်ဂေးလ်အား မီးအိမ်ရှင်အမျိုးသမီးအမည်ကို ရရှိစေခဲ့ကြောင်း သိရသည်။ ၎င်းပြခန်းတွင် ပစ္စည်းအမျိုးအစား၂၀၀ ကျော်ပြသထားပြီးသူနာပြုနိုက်တင်ဂေးလ်အား ကမ္ဘာပေါ်တွင်သူနာပြုအတတ်ပညာနှင့် ဆေးရုံများ အရည်အသွေးမြင့်မားရေး ကြိုးပမ်းဆောင်ရွက်ရာ၌ လမ်းပြသူအဖြစ် ထင်ရှားခဲ့သည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**



## တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၅၉၀၆ ဦး ထပ်မံတွေ့ရှိ

ဆိုးလ် မေ ၁၂



တောင်ကိုရီးယားနိုင်ငံ၌ ပြီးခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၅၉၀၆ ဦး ထပ်မံတွေ့ရှိရသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၇၆၉၄၆၇၇ ဦး ရှိလာကြောင်း ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများက ပြောကြားသည်။

**ကူးစက်မှုများမြင့်တက်လာ**

နိုင်ငံအတွင်း မတ်လလယ်က အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်မှုများ မြင့်တက်လာခဲ့ပြီးနောက် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ခဲ့သဖြင့် နေ့စဉ်ရောဂါကူးစက်မှုများ ပြန်လည်ကျဆင်းခဲ့သည်။

နိုင်ငံအတွင်း ပြည်ပမှ ပြန်လည်ရောက်ရှိလာသူ ၃၂၂၅၁ ဦးတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။ ထို့ပြင် ကိုဗစ်-၁၉ ရောဂါကြောင့် ၆၃ ဦး ထပ်မံသေဆုံးခဲ့သဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၃၅၅၄ ဦး ရှိကြောင်း သိရသည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပြီးစီးသူ ၄၄၅၅၈၇၉၁ ဦး (လူဦးရေ၏ ၈၆ ဒသမ ၈ ရာခိုင်နှုန်း) ရှိပြီး အပိုဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးစီးသူ ၃၃၂၀၃၉၄၈ ဦး (လူဦးရေ၏ ၆၄ ဒသမ ၇ ရာခိုင်နှုန်း) ရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

## တောင်အာဖရိကနိုင်ငံ၌ နေ့စဉ်ကူးစက်မှုအရေအတွက် ၁၀၀၀၀ ကျော်အထိ ပြန်လည်မြင့်တက်လာ

ဂျိုဟန်နက်စ်ဘာ့ဂ် မေ ၁၂

တောင်အာဖရိကနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်- ၁၉ ရောဂါ ကူးစက်ခံရသူ ၁၀၀၁၇ ဦး ထပ်မံစစ်ဆေးတွေ့ရှိပြီး အဆိုပါအရေအတွက်သည် ဇန်နဝါရီလမှစပြီး နေ့စဉ်ကူးစက်မှုအရေအတွက် ပထမဆုံးအကြိမ် ၁၀၀၀၀ ကျော်ခဲ့ခြင်းဖြစ်ကြောင်း တောင်အာဖရိက၏ကူးစက်ရောဂါများဆိုင်ရာ တက္ကသိုလ်က သတင်းထုတ်ပြန်သည်။

အိုမီခရွန်မျိုးကွဲဗီဇပြောင်းဗိုင်းရပ်စ် BA.4 နှင့် BA.5 တို့ ကူးစက်မှုကြောင့် နေ့စဉ်ရောဂါကူးစက်မှုအရေအတွက် မြင့်တက်ခြင်းဖြစ်ကြောင်းနှင့် တောင်အာဖရိကနိုင်ငံသည် ပဉ္စမလှိုင်းကူးစက်မှုအခြေအနေသို့ ရောက်ရှိနေပြီဖြစ်ကြောင်း ကျန်းမာရေးအာဏာပိုင်များက ဆိုသည်။

အာဖရိကဒေသ၌ တောင်အာဖရိကနိုင်ငံသည် ရောဂါကူးစက်မှုအရေအတွက်နှင့် သေဆုံးမှုအရေအတွက် အများဆုံးနိုင်ငံဖြစ်သည်။ တောင်အာဖရိကနိုင်ငံ၏ လူဦးရေ ၅၀ ရာခိုင်နှုန်းနီးပါးဖြစ်သည့် ပြည်သူ သန်း ၄၀ သည် ကာကွယ်ဆေး အနည်းဆုံးတစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်သည်။ ၄၅ ရာခိုင်နှုန်းသည် ကာကွယ်ဆေးအပြည့်အဝ ထိုးနှံမှုခံယူပြီးဖြစ်သည်။

**ကိုးကား- စီအင်န်အေ**
**ဘာသာပြန်- အောင်ကျော်ကျော်**

## တိုက်ချင်းပစ်ဒုံးကျည်တစ်စင်း ပြုံယမ်း ထပ်မံစမ်းသပ်ပစ်လွှတ်

ဆိုးလ် မေ ၁၂

မြောက်ကိုရီးယားနိုင်ငံက တိုက်ချင်းပစ်ဒုံးကျည်တစ်စင်း ယနေ့ထပ်မံစမ်းသပ်ပစ်လွှတ်ကြောင်း တောင်ကိုရီးယားပူးတွဲစစ်ဦးစီးချုပ်များက ယနေ့ပြောကြားသည်။

အဆိုပါဒုံးကျည်သည် ဂျပန်ပင်လယ်အတွင်းသို့ ဦးတည်ပစ်လွှတ်ခဲ့ခြင်းဖြစ်ကြောင်း ၎င်းတို့၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ပြုံယမ်းက ရေငုပ်သင်္ဘောပေါ်မှ တိုက်ချင်းပစ်ဒုံးကျည်တစ်စင်းကို မေ ၇ ရက်တွင် ပစ်လွှတ်ခဲ့ပြီးနောက် ငါးရက်အကြာတွင် အဆိုပါဒုံးကျည်ကို ယနေ့ ထပ်မံစမ်းသပ်ပစ်လွှတ်ခဲ့ခြင်းဖြစ်သည်။

ယခုနှစ်အတွင်း ပြုံယမ်းစမ်းသပ်ပစ်လွှတ်ခဲ့သည့် ဒုံးကျည်အစင်းပေါင်း ၁၆ ခုရှိပြီး မတ် ၂၄ ရက်တွင် Hwasongpho–17 အမျိုးအစားသစ် တိုက်ချင်းပစ် ပဲ့ထိန်းဒုံးကျည်ကို စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အောင်ကျော်ကျော်**



## စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ်၌ PDF အမည်ခံအကြမ်းဖက်သမားများက အနာဂတ်မျိုးဆက်သစ်လူငယ်များအတွက် စာပေသင်ကြားပေးလျက်ရှိသည့် စာသင်ကျောင်းအတွင်းသို့ ဝင်ရောက်၍ ရုံးခန်းနှင့် စာသင်ခန်းများအတွင်းရှိပစ္စည်းများ ဖျက်ဆီး

နေပြည်တော် မေ ၁၂

မြို့နယ်အချို့၌ အနာဂတ်မျိုးဆက်သစ်လူငယ်များနှင့် Human Resources (HR)လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာသင်ကြားမှုများ ဆောင်ရွက်ပေးလျက်ရှိသည့် စာသင်ကျောင်းများအား PDF အမည်ခံအကြမ်းဖက်သမားများက လက်လုပ်မိုင်း၊ လက်လုပ်စိန်ပြောင်းများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ စာသင်ကျောင်းများအတွင်း ဝင်ရောက်၍ သင်ကြားရေးပစ္စည်းများအား ဖျက်ဆီးခြင်း၊ နိုင်ငံ့ဝန်ထမ်းပီသစွာ စာပေသင်ကြားပေးလျက်ရှိသည့် ဆရာ ဆရာမများအား ရက်စက်စွာ လုပ်ကြံသတ်ဖြတ်ခြင်းများ မြို့နယ်အချို့၌ လုပ်ဆောင်လျက်ရှိနေသည်ကို တွေ့ရှိရသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ မေ ၁၁ ရက် ည ၁၀ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် တုန်းပေါကျေးရွာရှိ တုန်းပေါအခြေခံပညာအလယ်တန်းကျောင်းသို့ PDF အကြမ်းဖက်သမား သုံးဦးခန့် ရောက်ရှိလာပြီး ကျောင်းဝင်းအတွင်းသို့ ဝင်ရောက်၍ နှစ်ထပ် စာသင်ကျောင်းဆောင်ရှိ ကျောင်းအုပ်ကြီးရုံးခန်းနှင့် စာသင်ခန်းတစ်ခန်းအတွင်းမှ ပစ္စည်းများအား ဖျက်ဆီးခဲ့သဖြင့် ခဝတ်ဘူးတစ်လုံး၊ မိတ္တူစက်တစ်လုံး၊ ပြတင်းတံခါးမှန်နှစ်ချပ်တို့ ပျက်စီးခဲ့ပြီး ဗီရိုလေးလုံး၏ သော့များကို ဖျက်ဆီးဖွင့်လှစ်၍အတွင်းရှိ စာရွက်စာတမ်းများအား ဖြန့်ကြဲဆုတ်ဖြဲဖျက်ဆီးသွားကြောင်း သိရသည်။

ထိုကဲ့သို့ စာသင်ကျောင်းအတွင်းသို့ ဝင်ရောက်ဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမားများကို ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေခံတပ်မတော်စစ်ကြောင်းများနှင့် ပူးပေါင်း၍ လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့မှ ကြေညာထားသည့် အကြမ်းဖက်အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်းနှင့် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်သူအား ပြစ်ဒဏ်ချမှတ်

နေပြည်တော် မေ ၁၂

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၅၀) ရပ်ကွက်နေ နိုင်လင်းထွန်း(ခ) စောနိုင်လင်းထွန်း(ဘ)ဦးလှသောင်းသည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ မတ်လအထိ ကာလအတွင်း ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်အတွင်း ဆူပူဆန္ဒပြမှုများ၌ ပါဝင်ခဲ့ခြင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၁)ဖြင့် အကြမ်းဖက်အုပ်စုများ အဖြစ် သတ်မှတ်ကြေညာ ထားသည့် အဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်း သင်တန်းတက်ရောက်ခြင်း၊ ဖောက်ခွဲဖျက်ဆီးရေးပစ္စည်းများကို ဖြန့်ဝေခဲ့ခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို အပစ်အခတ်တိုက်ခိုက်ရာတွင် ပါဝင်ခဲ့ခြင်း၊ ဌာနဆိုင်ရာအဆောက်အအုံများနှင့် လမ်း၊ တံတားများ မိုင်းထောင်ဖောက်ခွဲခဲ့ခြင်းတို့ကြောင့် စစ်အုပ်ချုပ်ရေး (Martial Law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ-၅၀(ဈ) အရ ၎င်းအား ၂၀၂၂ ခုနှစ် မေ ၁၁ ရက်တွင် "ထောင်ဒဏ်တစ်သက်" အမိန့်ချမှတ်လိုက်ကြောင်း သိရသည်။

**အရေးယူ**

စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်ကြေညာထားသည့် မြို့နယ်များအတွင်း စစ်ခုံရုံးဖြင့်စစ်ဆေးမည့် ပြစ်မှုဆိုင်ရာ ၂၃ မျိုးကိုလည်း ပူးတွဲထုတ်ပြန်ထားကြောင်းနှင့် အဆိုပါပြစ်မှုများကိုဖောက်ဖျက်ကျူးလွန်ပါက စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများဆောင်ရွက်ကာ ထိထိရောက်ရောက် မြန်မြန်ဆန်ဆန် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



တရားခံ နိုင်လင်းထွန်း(ခ) စောနိုင်လင်းထွန်း

## တရားမဝင် သစ်မျိုးစုံ၊ ဓာတုပစ္စည်း၊ မော်တော်ဆိုင်ကယ်နှင့် အထည်အလိပ်များ သိမ်းဆည်းရမိ

နေပြည်တော် မေ ၁၂

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မေ ၁၀ ရက်တွင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် သစ်တောဦးစီးဌာနဦးဆောင်သော စစ်ဆေးရေး အဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျိုက်မရောမြို့နယ် ကျိုက်မရော-မုဒုံသွားကားလမ်း မိုင်တိုင်အမှတ်(၂/၆)အနီး တရားမဝင် ပျဉ်းကတိုးသစ် ၁၃ ဒသမ ၉၁၅၆ တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၈၃၁၂၀)**ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မေ ၁၁ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မြန်မာစက်မှုဆိပ်ကမ်း ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ တာဝန်ကျအကောက်ခွန်အဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာ(ID)နှင့် ကိုက်ညီမှုနှင့်ကန်မှုမရှိသော Thinner ဆေးရည်များ **(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၈၀၀၀၀)**ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။




ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မေ ၁၁ ရက်တွင် ပူးပေါင်းအဖွဲ့က စစ်ကိုင်းမြို့နယ်အတွင်း တရားမဝင် ကျွန်းခွဲသား ၁ ဒသမ ၄၂၄၄ တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၉၅၆၂၀)** ကို သစ်တောဥပဒေအရ လည်းကောင်း၊ မေ ၁၂ ရက်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က ရွှေဘိုမြို့နယ်အတွင်း Kawasaki Esterlla အမျိုးအစား လိုင်စင်မဲ့ဆိုင်ကယ်တစ်စီး**(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀)**ကို ပို့ကုန်သွင်းကုန် ဥပဒေအရ လည်းကောင်း၊ **(စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၉၅၆၂၀)**ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မေ ၁၂ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ်(တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အထည်အလိပ်များ **(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၆၂၅၀၀)**ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီးသစ်တောဦးစီးဌာနဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင် ဖြူးမြို့နယ်အတွင်း တရားမဝင် ကျွန်းခွဲသား ၂ ဒသမ ၉၃၂၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၇၉၆၆၀)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက် လျက်ရှိသည်။သို့ဖြစ်ပါ၍ မေ ၁၀ ရက်၊ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ခုနစ်မှု **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၅၀၀၉၀၀)** ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၃-၅-၂၀၂၂ သောကြာနေ့

### MRTV HD

| | |
|---|---|
| ၀၆:၀၀ | မေတ္တသုတ်၊ ရတနသုတ်၊ မောရွှေသုတ် အန္တရာယ်ကင်းပရိတ်တရားတော် |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၈:၃၅ | ပြည်သူအားလုံးနှင့်သက်ဆိုင်သော အနာဂတ်ဒီမိုကရေစီ |
| ၀၉:၁၀ | မျက်မှောက်ရေးရာအဖြာဖြာ |
| ၀၉:၄၅ | Soccer View |
| ၁၀:၀၀ | သတင်းထဲကသတင်း |
| ၁၀:၃၀ | လူမှုစီးပွားမြင်ကွင်းများ |
| ၁၁:၃၀ | MRTV National News |
| ၁၆:၃၅ | လူငယ်မျိုးဆက်သစ်အစီအစဉ် |
| ၁၇:၂၀ | လောကနန္ဒာစွယ်တော်မြတ်စေတီနှင့် လောကနန္ဒာဘေးမဲ့တောဥယျာဉ်တို့အား ရောဝတီမြစ်ရေတိုက်စားမှုမှ ကာကွယ်ထိန်းသိမ်းခြင်း |
| ၁၇:၄၅ | ကဆုန်လပြည့်ဗုဒ္ဓနေ့ ပါဝင်နွဲပျော်ညောင်ရေသွန်းပွဲတော် |
| ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၁၈:၃၀ | SEA Games Vietnam (Highlights) |
| ၁၈:၄၀ | သုတဝေဖြာသိရှိဖွယ်ရာ |
| ၁၉:၂၀ | ဟိုးတုန်းကရေဒီယိုအသံလွှင့်ဇာတ်လမ်း |
| ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၂၁:၀၀ | 'ငရဲဂူဓ' တေးဂီတဂျော်ဖြေပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် |
| ၂၂:၀၀ | ရုပ်မြင်သံကြားဇာတ်လမ်း 'ကျေးရွာရှင်' |

### mitv

| | |
|---|---|
| 07:01 | Evergreen Classic: Metta Inngyin Yagon (Sein Lei Lei) |
| 07:11 | The Ornithologist: Dr. Thein Aung |
| 07:42 | A Pilgrimage To Prominent Pagodas In Pakokku |
| 07:55 | The Art of Making Paper Toys |
| 08:01 | Children's Delight: The Ants and the Lazy Grasshopper |
| 08:17 | Excavation at Kawhmu |
| 08:27 | Faith & Worship (Part-1) |
| 08:46 | Travelogue: Chaung Tha at its peak period |
| 09:01 | News |
| 09:26 | Global Partnership for Brighter Future: Rwanda Pavilion at Expo 2020 Dubai |
| 09:33 | Fine Arts Podium (Conch Shell Wind Instrument) |
| 09:47 | Mt. Naw Bu Baw |

### MRTV NRC

**အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
သဘာဝရဲ့လက်ဆောင်အင်းရဲကျွန်း

**အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
အစာအိမ်ရောဂါအကြောင်းသိကောင်းစရာ

**ချင်း (လိုင်ဇို) (၀၈:၀၀ မှ ၀၉:၀၀)**
သွေးလွန်တုပ်ကွေးရောဂါအကြောင်းသိကောင်းစရာ

**ချင်း (ချိုး) (၀၉:၀၀ မှ ၁၀:၀၀)**
နေပြည်တော်အထိမ်းအမှတ်ဥယျာဉ်ထဲက ချစ်စရာချင်းရိုးရာအိမ်

**မွန် (၁၀:၀၀ မှ ၁၂:၀၀)**
ငါးနှပ်မရုပ်းပြားမွှန်ချက်

**ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)**
ရခိုင်ပြည်မှသဘာဝအလှများ

**ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)**
မောက်မယ်မြို့လေးတစ်နေရာက ပန်းတမော့လက်မှုပညာ

**ဝ (၁၆:၀၀ မှ ၁၈:၀၀)**
ဆွေညီနောင်များဘာသာစကားဖြင့် ချစ်ကြည်စေမည်(အပိုင်း-၁၁)

**ကချင် (၁၈:၀၀ မှ ၂၀:၀၀)**
ဒါကြက်ဥပုတင်းလုပ်ကြမယ်

**ကယား (၂၀:၀၀ မှ ၂၂:၀၀)**
ကယားဒေသမှအင်ဥရှာထွက်မယ်

**ဂေဘာကရင် (၂၂:၀၀ မှ ၂၃:၀၀)**
ဟံသာဝတီပဲခူးအလှ

### MRTV NEWS

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ တေးသီချင်း |
| ၀၆:၄၀ | အားကစားသတင်း |
| ၀၉:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၁၁:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၁:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၁၄:၀၀ | MRTV National News |
| ၁၅:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၇:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၁၈:၁၅ | 31st SEA Games Highlights |
| ၁၉:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၂၀:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၂၁:၀၀ | ပြည်တွင်းသတင်း (LIVE) |

### MRTV PARLIAMENT

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလဲ |
| ၀၉:၃၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အလည်လွန် အလွယ်လုပ် အလွဲဖြစ်' |
| ၁၀:၀၀ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ |
| ၁၀:၃၀ | ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၂) |
| ၁၁:၀၀ | ဒီမိုကရေစီဆိုသည်မှာ (အပိုင်း-၂) |
| ၁၁:၃၀ | အတွေးအမြင် (အပိုင်း-၂) |

### MRTV FARMERS'

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက် |
| ၀၆:၀၂ | တောင်သူလယ်သမားရေးရာသတင်း |
| ၀၆:၅၀ | လန်းဆေပို့ရာပန်းနေကြာ |
| ၀၇:၀၀ | စားသုံးသူများကျန်းမာရေး |
| ၀၇:၁၅ | သူသူငါငါနေရာတကာမှာရှိရတဲ့မျက်နှာ |
| ၀၈:၀၀ | ကျေးလက်တွန်ရက် |
| ၀၈:၅၀ | စနစ်တကျစိုက်ပျိုးမှု ကျန်းမာရေးအတွက်ထောက်ကူရ |
| ၀၉:၄၀ | လွယ်ကူသက်သာဝင်ငွေတိုးဖို့ ကောက်စိုက်စက်ဖြင့်စိုက်ကြစို့ |

### MRTV SPORTS

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၃၀ | အခြေခံအားကစားနည်းစနစ်များ |
| ၀၇:၀၀ | Sports News |
| ၀၇:၃၀ | Soccer View/ Weekly Sports Info |
| ၀၇:၄၅ | အားကစားလောကထဲက သူတို့အကြောင်း |
| ၀၈:၀၀ | ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ |
| ၂၀:၀၀ | ပြည်တွင်းသတင်း |

Education Channel ကို ဝနေ့တနင်္ဂနွေမှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ
## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၃-၅-၂၀၂၂ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း ) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၉၅ | ၂၀၄၀ | ၂၀၃၅ | ၂၀၀၀ | ၂၀၄၀ | ၂၀၆၀ | ၂၀၄၅ | ၂၀၂၅ | ၂၁၂၀ | ၂၁၃၅ | ၂၀၃၀ | ၂၀၄၀ | ၂၀၇၅ | ၂၀၇၅ | ၂၀၈၀ | ၂၂၉၅ | ၂၄၃၀ |
| 95 Ron | ၂၀၄၅ | ၂၀၉၀ | ၂၀၉၀ | ၂၀၅၅ | ၂၀၉၀ | ၂၁၁၅ | ၂၁၀၀ | ၂၀၇၅ | ၂၁၇၀ | ၂၁၈၅ | ၂၀၈၅ | ၂၁၀၀ | ၂၁၂၅ | ၂၁၂၅ | ၂၁၃၀ | ၂၃၅၀ | ၂၆၀၅ |
| HSD (500 ppm) | ၂၂၀၅ | ၂၂၅၀ | ၂၂၄၅ | ၂၂၁၅ | ၂၂၅၀ | ၂၂၇၅ | ၂၂၇၀ | ၂၂၃၅ | ၂၃၅၀ | ၂၃၄၅ | ၂၂၄၅ | ၂၂၅၀ | ၂၂၈၅ | ၂၂၈၅ | ၂၂၉၀ | ၂၅၁၀ | ၂၆၉၀ |
| HSD (50 ppm) | ၂၂၃၅ | ၂၂၈၀ | ၂၂၇၅ | ၂၂၄၀ | ၂၂၈၀ | ၂၃၀၀ | ၂၂၉၅ | ၂၂၆၅ | ၂၃၈၀ | ၂၃၇၅ | ၂၂၇၀ | ၂၂၈၀ | ၂၃၁၅ | ၂၃၁၅ | ၂၃၂၀ | ၂၅၃၅ | ၂၇၂၅ |
| HSD (10 ppm) | ၂၂၃၅ | ၂၂၈၀ | ၂၂၇၅ | ၂၂၄၀ | ၂၂၈၀ | ၂၃၀၀ | ၂၂၉၅ | ၂၂၆၅ | ၂၃၈၀ | ၂၃၇၅ | ၂၂၇၀ | ၂၂၈၀ | ၂၃၁၅ | ၂၃၁၅ | ၂၃၂၀ | ၂၅၃၅ | ၂၇၂၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း ) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၉၅ | ၁၉၆၆ |
| 95 Ron | ၁၉၄၅ | ၂၀၁၈ |
| HSD (500 ppm) | ၂၁၀၁ | ၂၁၇၂ |
| HSD (50 ppm) | ၂၁၂၈ | ၂၂၀၀ |
| HSD (10 ppm) | ၂၁၂၈ | ၂၂၀၀ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်းအသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၁၂**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှား စီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် အနောက်လက်ခုပ်ပင်ကျေးရွာနေ နောင်နောင်သည် ၎င်းအသုံးပြုသည့် "Naung Naung" Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ရသာကျေးရွာနေ ညိုတင်သည် ၎င်းအသုံးပြုသည့် "Nyo Tin" Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ညောင်ချိုင်းကျေးရွာနေ သန့်ဇင်ထွန်း၊ ကျားနေအိုင် ကျေးရွာနေ သန့်တင်ထွန်း(ခ)မွှေးနီ၊ စိုးရန်ရှင်းတို့သည် ၎င်းတို့အသုံးပြုသည့် "Thant Zin Htun" Facebook အကောင့်၊ "Thant Tin Htun" Facebook အကောင့်၊ "Soe Yan Shin" Facebook အကောင့်နှင့် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် အမှတ်(၈)ရပ်ကွက်နေ ကမ်းရှမ်းထန်သည် ၎င်းအသုံးပြုသည့် "Khan Shan Htan" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း များပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## ရွှေကျင်မြို့နယ်၌ တောင်သူစိုက်ပျိုးနည်းပညာပေး သင်တန်းပြုလုပ်

**ရွှေကျင် မေ ၁၂**

ရွှေကျင်မြို့နယ် ကံဘေးအိုင်ကျေးရွာတွင် သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် တောင်သူစိုက်ပျိုးနည်းပညာပေးသင်တန်းကို ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

တောင်သူစိုက်ပျိုးနည်းပညာပေးသင်တန်းတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးလှမင်းသူက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့လုပ်ငန်းများအား အရှိန်အဟုန်မပျက် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ကြရန်၊ ကုန်ထုတ်လုပ်မှုတိုးတက်မြင့်မားရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သီးနှံစိုက်ပျိုးထုတ်လုပ်ရန် ခေတ်မီနည်းပညာများ၊ သိပ္ပံနည်းကျစိုက်နည်းစနစ်များကို အကျယ်တဝင့် ပြောကြားဆွေးနွေးခြင်း၊ သဘာဝမြေဆွေးပုံပြုလုပ်သုံးစွဲနည်း၊ ဥယျာဉ်ခြံသီးနှံများအတွက် အရည်အသွေးကောင်းသီးနှံများထုတ်လုပ်နိုင်ရန် လိင်မဲ့နည်းဖြင့်မျိုးပွားခြင်းဖြစ်သည့် ကိုင်းကူး၊ ကိုင်းဆက်ခြင်း၊ အဖူးကူးခြင်းနည်းပညာများကို လက်တွေ့ပြသဆောင်ရွက်ခြင်းများဖြင့် တောင်သူနည်းပညာပေးသင်တန်းကို ပြုလုပ်ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ တောင်သူစိုက်ပျိုးနည်းပညာပေးသင်တန်းသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတောင်သူ ၇၀ တို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ထွန်းထွန်းဇော် (ပြန်/ဆက်)**

## တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များနှင့် ကောလိပ်များကို ပုံမှန်ပညာသင်နှစ်အတိုင်း စတင်ဖွင့်လှစ်သင်ကြား

နေပြည်တော် မေ ၁၂

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များနှင့် ကောလိပ်များကို မေ ၁၂ ရက်မှ ဩဂုတ် ၃၁ ရက် အထိ (စနေ၊ တနင်္ဂနွေမပါ) စာသင်ရက်ပေါင်း ၈၀ ဖြင့် ပုံမှန်ပညာသင်နှစ်ဝက်ကာလအတိုင်း ပြန်လည်ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ရာ ယနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များနှင့် ကောလိပ်များ၌ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ကျောင်းပြန်လည်တက်ရောက်လျက်ရှိသည်။



တောင်ကြီးဆေးတက္ကသိုလ်၌ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုကို တွေ့ရစဉ်။

**ဖွင့်လှစ်**

ယနေ့တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ် နှစ်ခုနှင့် စိုက်ပျိုးရေးသိပ္ပံကျောင်း ၁၃ ခု၊ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနအောက်ရှိ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်နှင့် ကောလိပ် ၄၇ ခု၊ ဆရာအတတ်ပညာဦးစီးဌာနအောက်ရှိ ပညာရေးဒီဂရီကောလိပ် ၂၅ ခု၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာနအောက်ရှိ တက္ကသိုလ် ၆၀၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိ အစိုးရနည်းပညာကောလိပ်လေးခုနှင့် အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း ၂၂ ခုတို့ကို စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

ယခုကဲ့သို့ တက္ကသိုလ်နှင့် ကောလိပ်များ စနစ်တကျ ဖွင့်လှစ်နိုင်ရေးအတွက် ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများက စာသင်ခန်းများတွင် ကိုဗစ် - ၁၉ စည်းကမ်းများနှင့်အညီ စာသင်ခုံများ နေရာချထားခြင်း၊ စာသင်ချိန်များအား စနစ်တကျ စီမံထားရှိခြင်း၊ ကျောင်းများအတွင်း ကိုဗစ် - ၁၉ ရောဂါကြိုတင်ကာကွယ်ရေး အစီအမံများ စီစဉ်ထားခြင်းနှင့် ကျောင်းများဥပဓိရုပ်ကောင်းမွန်စေရေး ပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်ပေးကြသည်။

**ဆောင်ရွက်ပေးလျက်ရှိ**

တက္ကသိုလ် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ ယာဉ်အန္တရာယ်နှင့် ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့များ၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့၊ ရပ်ရွာအခြေပြုပြည်သူ့လူထုလုံခြုံရေးအဖွဲ့များ ပူးပေါင်း၍ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်ပညာရေးတက္ကသိုလ် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းများ စတင်ဖွင့်လှစ်

ရန်ကုန် မေ ၁၂

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ရန်ကုန်ပညာရေးတက္ကသိုလ်၏ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် တက္ကသိုလ်များ စတင်ဖွင့်လှစ်ရာ ပါမောက္ခချုပ်၊ ဒု-ပါမောက္ခချုပ်များနှင့် ပါမောက္ခ(ဌာနမှူး)များသည် စာသင်ခန်းများသို့ သွားရောက်၍ ကျောင်းတက်ရောက်နေသော ကျောင်းသား ကျောင်းသူများအား နွေးထွေးစွာ ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ကျောင်းစတင်ဖွင့်လှစ်သော ယနေ့မှာပင် ပထမနှစ်မှ ပဉ္စမနှစ်အထိ ကျောင်းသား ကျောင်းသူ ၅၅၀ ကျော် တက်ရောက်လျက်ရှိပြီး မဟာပညာရေးဘွဲ့ (အရည်အချင်းစစ်)နှင့် မဟာပညာရေးဘွဲ့သင်တန်းများမှ သင်တန်းသူ သင်တန်းသားများ ကျောင်းဝင်ခွင့် မှတ်ပုံတင်ခြင်းများ လာရောက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



## ထိုင်းနိုင်ငံသို့ တရားဝင် ရွှေ့ပြောင်းလုပ်သားများ သွားရောက်နိုင်ခြင်းနှင့် တရားမဝင် ဝင်ရောက်လုပ်ကိုင်မှုများကြောင့် အန္တရာယ်ရှိကြောင်း သတင်းထုတ်ပြန်

နေပြည်တော် မေ ၁၂

မြန်မာ-ထိုင်း နှစ်နိုင်ငံ အလုပ်သမားရေးရာ ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာကို ၂၀၀၃ ခုနှစ် ဇွန် ၂၁ ရက်တွင်လည်းကောင်း၊ အလုပ်သမားများ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ကို ၂၀၁၆ ခုနှစ် ဇွန် ၂၄ ရက်တွင်လည်းကောင်း လက်မှတ်ရေးထိုးခဲ့ပြီး MoU စနစ်ဖြင့် တရားဝင် အလုပ်သမားစေလွှတ်ရေး လုပ်ငန်းစဉ်ကို ဆောင်ရွက်ခဲ့ရာ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် စေလွှတ်ရေးလုပ်ငန်းစဉ်များ ရပ်ဆိုင်းခဲ့သည့် ၂၀၂၀ ပြည့်နှစ် မတ် ၁၈ ရက် မတိုင်မီအထိ မြန်မာအလုပ်သမား ၉၁၅,၉၈၀ စေလွှတ်ခဲ့ပြီး ဖြစ်သည်။





**စဉ်ဆက်မပြတ်ဆောင်ရွက်သွားမည်**

အလုပ်သမားဝန်ကြီးဌာနအနေဖြင့် ထိုင်းနိုင်ငံသို့ တရားဝင်အလုပ်သမားစေလွှတ်ရေး လုပ်ငန်းစဉ်ကို နှစ်နိုင်ငံညှိနှိုင်း၍ ပြန်လည်စတင်နိုင်ရေး ဆောင်ရွက်ခဲ့ရာ မေ ၁၀ ရက်တွင် အလုပ်သမား ၂၈၇ ဦးကိုလည်းကောင်း၊ မေ ၁၁ ရက်တွင် အလုပ်သမား ၃၀၁ ဦး ကိုလည်းကောင်း မြဝတီ-မဲဆောက်မြို့မှတစ်ဆင့် သက်ဆိုင်ရာလုပ်ငန်းခွင်များတွင် အဆင်ပြေချောမွေ့စွာ လုပ်ကိုင်နိုင်ရေး စေလွှတ်ခဲ့ပြီးဖြစ်သည့်အပြင် MoU စနစ်ဖြင့် တရားဝင်အလုပ်သမားများ စေလွှတ်မှုကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုင်းနိုင်ငံသို့ သွားရောက်လုပ်ကိုင်ရာတွင် တရားဝင်သတ်မှတ်ထားသည့် ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရ အေဂျင်စီများမှ မဟုတ်ဘဲ တရားမဝင် ပို့ဆောင်သူ/ ပွဲစားများမှတစ်ဆင့် သွားရောက်လုပ်ကိုင်နေသည့် မြန်မာအလုပ်သမားများသည် ငွေကြေးများ အဆမတန်ပေးနေရသည့်အပြင် ထိုင်းနိုင်ငံသို့ ရောက်ရှိချိန်တွင် တရားမဝင် နေထိုင်လုပ်ကိုင်ရခြင်း၊ အလုပ်သမားအကျိုးခံစားခွင့် အပြည့်အဝမရရှိခြင်း၊ သက်ဆိုင်ရာဌာနများမှ ဝင်ရောက်စစ်ဆေးချိန်တွင် တရားမဝင်လုပ်ကိုင်နေရခြင်းကြောင့် ဖမ်းဆီးခံရခြင်းများ ဖြစ်ပေါ်လျက်ရှိသည်။

**၁၉ ဦး သေဆုံးခဲ့**

ထိုသို့ တရားမဝင် လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်မှုကြောင့် ဖမ်းဆီးခံရမှုမှာ ကန်ချနဘူရီပြည်နယ် စိုင်းရို့ခရိုင်ရဲစခန်းတွင် ၉၀ ဖြစ်ပြီး မော်တော်ယာဉ်တိမ်းမှောက်ခဲ့မှုများမှာ ထိုင်းနိုင်ငံရှိ ဖိုးဖရခရိုင်တွင် တစ်ကြိမ်၊ တာ့ခရိုင် ဝမ်ကျောက်မြို့နယ်တွင် တစ်ကြိမ်၊ အယုဒ္ဓယခရိုင် မဟာရတ်မြို့နယ်တွင် တစ်ကြိမ်၊ အမှတ်၂၃ လမ်းမကြီး သွန်ဖာဖမ်ခရိုင်တွင် တစ်ကြိမ်၊ ကန်ချနဘူရီပြည်နယ်တွင် တစ်ကြိမ်၊ ပကျွတ်ခီလီခံပြည်နယ်တွင် တစ်ကြိမ် ဖြစ်ပွားခဲ့မှုများကြောင့် ၎င်းယာဉ်များပေါ်တွင် လိုက်ပါလာသည့် မြန်မာရွှေ့ပြောင်း အလုပ်သမား ၁၉ ဦး ထိခိုက်ဒဏ်ရာရရှိပြီး ၁၉ ဦး သေဆုံးခဲ့သည်။

ထို့ကြောင့် ထိုင်းနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်လိုသည့် မြန်မာနိုင်ငံသားများအနေဖြင့် တရားမဝင်သွားရောက်ခြင်းကြောင့် လူကုန်ကူးခံရခြင်း၊ လူ့အခွင့်အရေးချိုးဖောက်ခံရခြင်း၊ ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်မှုများ အပြည့်အဝမရရှိခြင်းနှင့် အခြားသော လူ့အခွင့်အရေးဆုံးရှုံးမှုများ ဖြစ်ပေါ်နိုင်သည့်အပြင် အခက်အခဲမျိုးစုံ ကြုံတွေ့လာနိုင်သဖြင့် တရားမဝင်သွားရောက်ခြင်းများ လုံးဝမပြုလုပ်ကြရန်နှင့် ပြည်ပသို့ တရားဝင်သွားရောက်လုပ်ကိုင်ခြင်းဖြင့် ဥပဒေနှင့်အညီ အလုပ်သမား အခွင့်အရေး ကာကွယ်စောင့်ရှောက်မှုများ အပြည့်အဝရရှိနိုင်ခြင်း၊ လူကုန်ကူးခံရမှု မဖြစ်ပွားနိုင်ခြင်း၊ ဆိုက်ရောက်နိုင်ငံများ၌ လွတ်လပ်စွာ သွားလာနိုင်ခြင်းနှင့် လုပ်ငန်းခွင်၌ စိတ်ချလုံခြုံစွာ လုပ်ကိုင်နိုင်မည်ဖြစ်သည်။

ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်ရန်အတွက် လိုအပ်သည့် သတင်းအချက်အလက်များ၊ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အဆင့်ဆင့်နှင့် ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရ အေဂျင်စီများစာရင်းအား အလုပ်သမားဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက် www.mol.gov.mm ၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ Safe Migration Facebook Page နှင့် Safe Migration Telegram Channel တွင်သာမက ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ရုံးများသို့ ဆက်သွယ်မေးမြန်း စုံစမ်းခြင်း၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန (ရုံးချုပ်) နေပြည်တော် ဖုန်း ၀၆၇- ၄၃၀၁၈၃ ၊ ၀၆၇- ၄၃၀၂၈၄ တို့သို့ ဆက်သွယ်ခြင်းဖြင့် သတင်းအချက်အလက်များ ရရှိနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# သတင်းအချက်အလက်နည်းပညာတက္ကသိုလ် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနား ကျင်းပ

ရန်ကုန် မေ ၁၂

မြန်မာတစ်နိုင်ငံလုံးတွင် ယနေ့မှ စတင်ကာ တက္ကသိုလ်ကျောင်းများအား ဖွင့်လှစ်၍ ကျောင်းသား ကျောင်းသူများကို ပညာသင်ကြားပေးလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်ရှိ သတင်းအချက်အလက်နည်းပညာတက္ကသိုလ်၏ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် အဆိုပါနည်းပညာတက္ကသိုလ်၌ ကျင်းပသည်။

အခမ်းအနားသို့ သတင်းအချက်အလက်နည်းပညာတက္ကသိုလ် ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ/ဌာနမှူးများ၊ ကထိကများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။



သတင်းအချက်အလက်နည်းပညာတက္ကသိုလ်တွင် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုကို တွေ့ရစဉ်။

### ဝမ်းပန်းတသာကြိုဆို

အခမ်းအနားတွင် သတင်းအချက်အလက်နည်းပညာတက္ကသိုလ်ပါမောက္ခချုပ်ကိုယ်စား ဒုတိယပါမောက္ခချုပ်(သင်ကြား/သုတေသန)မှ ဒေါက်တာခင်မို့မို့ထွန်းက ယနေ့သည် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်ဖွင့်လှစ်သည့်နေ့ဖြစ်ကြောင်း၊ သတင်းအချက်အလက် နည်းပညာတက္ကသိုလ်မှ ပါမောက္ခချုပ်၊ ပါမောက္ခဆရာ ဆရာမများနှင့် ဝန်ထမ်းများအားလုံးက ပထမနှစ်မောင်မယ်သစ်လွင်များနှင့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် တက်ရောက်ကြမည့် ကျောင်းသား ကျောင်းသူအားလုံးကို လှိုက်လှိုက်လှဲလှဲ ဝမ်းပန်းတသာ ကြိုဆိုကြောင်း၊ ပထမနှစ်သင်တန်းကို တက်ရောက်ခွင့်ရကြသည့် ကျောင်းသား ကျောင်းသူများသည် တက္ကသိုလ်ဝင်ခွင့်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြပြီး မိမိဝါသနာပါသော Information Technology ပညာရပ်နယ်ပယ်မှာ တက်ရောက်သင်ကြား ပညာဆည်းပူးခွင့်ရကြသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း၊ ဆရာ ဆရာမများကလည်း စေတနာ၊ ဝါသနာ၊ မေတ္တာအပြည့်နှင့် အကောင်းဆုံးသင်ကြားလေ့ကျင့် ပြုစုပျိုးထောင်ပေးသွားကြမည်ဖြစ်ကြောင်း ပြောကြားသည်။

သတင်းအချက်အလက် နည်းပညာတက္ကသိုလ်သည် လူ့အဖွဲ့အစည်း၏လိုအပ်ချက်များကို IT နည်းပညာဆိုင်ရာ ပညာရေးနှင့်သုတေသနတို့ဖြင့် ပါဝင်ဖြည့်ဆည်းပေးသည့် နိုင်ငံတကာအသိအမှတ်ပြု တက္ကသိုလ်ဖြစ်စေရန်ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခဲ့သည်။

ဖွင့်လှစ်သင်ကြားပေးလျက်ရှိသော ဘာသာရပ်သင်တန်းများမှာ Software Engineering၊ Knowledge Engineering၊ Business Information systems၊ High Performance Computing၊ Embedded Systems၊ Communication and Networking၊ Cyber Security၊ Information Technology၊ Web Engineering၊ Network Engineering တို့ဖြစ်ပြီး သင်တန်းကာလအလိုက် ဘွဲ့များကိုအပ်နှင်းပေးလျက်ရှိသည်။

နိုင်ငံတကာတက္ကသိုလ်အဖွဲ့အစည်းများ၊ ဂျပန်၊ ကိုရီးယား၊ ထိုင်းနိုင်ငံများရှိ တက္ကသိုလ်များနှင့်လည်း ပူးပေါင်း၍ ပညာသင်ကြားမှုကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်း - ကိုကိုဇော်

ဓာတ်ပုံ - လင်းလက်ကြယ်



# နည်းပညာတက္ကသိုလ်(မှော်ဘီ)တွင် မောင်မယ်သစ်လွင်ကြိုဆိုပွဲ ကျင်းပ

မှော်ဘီ မေ ၁၂

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်ရှိ နည်းပညာတက္ကသိုလ်(မှော်ဘီ)တွင် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီခွဲက အဆိုပါနည်းပညာတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မှော်ဘီနည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ ကေသီလွင်နှင့် ဒုတိယပါမောက္ခချုပ် ဒေါက်တာသန္တာအောင်တို့က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး အင်ဂျင်နီယာဌာနမှူးများက သက်ဆိုင်ရာဘာသာရပ်အသီးသီးကို မိတ်ဆက်ရှင်းလင်းပြောကြားသည်။

မောင်မယ်သစ်လွင်ကြိုဆိုပွဲသို့ တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့ဝင်များ၊ တက္ကသိုလ်ပညာရေးအဖွဲ့ဝင်များ၊ ပထမနှစ်ကျောင်းသားကျောင်းသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ စုစုပေါင်း ၄၂၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

ဉာဏ်ဟိန်း

# သဃ်န်းကျွန်း ပညာရေးဒီဂရီကောလိပ်တွင် လေးနှစ်သင်ပညာရေးဘွဲ့ ပထမနှစ်သင်တန်း စတင်ဖွင့်လှစ်

ရန်ကုန် မေ ၁၂

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်အတွင်းရှိ ပညာရေးဒီဂရီကောလိပ်တွင် ၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်ထားရှိသူများနှင့် ၂၀၁၉-၂၀၂၀ ပညာသင်နှစ် သင်တန်းတက်ရောက်ရန်ကျန်ရှိသူ များအား ယနေ့ နံနက် ၉ နာရီမှ စတင်၍ လေးနှစ်သင်ပညာရေးဘွဲ့ ပထမနှစ်သင်တန်းကို စတင်ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

### သင်ကြားပို့ချပေးလျက်ရှိ

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးမှ သင်တန်းသား သင်တန်းသူများအား ကျောင်းအုပ်ဆရာမကြီးနှင့် သင်ကြားရေးဆိုင်ရာ ဆရာ ဆရာမများက အနီးကပ်ကြီးကြပ်၍ လက်တွေ့နှင့်သက်ဆိုင်သော ဘာသာရပ်များ၊ ကလေးငယ်များအား ပြန်လည်သင်ကြားမှုပြုသည့်အရာ၊ သင်ကြားပြသရမည့်အကြောင်းအရာများ၊ ဆရာ ဆရာမများအနေဖြင့် ထားရှိရမည့် စိတ်ဓာတ်နှင့် ခံယူချက်များ အစရှိသည့်အကြောင်းအရာများနှင့် ဘာသာရပ်ဌာနခြောက်ခု၊ ဘာသာရပ် ၁၄ ခုတို့ကို စတင်သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

ထို့နောက် ၂၀၂၀ ပြည့်နှစ်တွင် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး သင်တန်းတက်ရောက်ခွင့်ရရှိသူများအနက် ယနေ့လာရောက်တက်ရောက်သူ သင်တန်းသား ၂၂ ဦးနှင့် သင်တန်းသူ ၆၀ ရှိပြီး ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် တက်ရောက်ရန် ကျန်ရှိသည့် သင်တန်းသား သင်တန်းသူ ၂၄ ဦးတို့အား ယနေ့တွင်စတင်၍ သင်ကြားပေးလျက်ရှိကြောင်း သိရသည်။



အဆိုပါသင်တန်းကို မေ ၁၂ ရက်မှ ဩဂုတ် ၃၁ ရက်အထိ ပုံမှန်သင်တန်းဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သဃ်န်းကျွန်းပညာရေးဒီဂရီကောလိပ်မှ သိရသည်။

ခရိုင်(ပြန်/ဆက်)

# အစိုးရစက်မှုလက်မှုသိပ္ပံ(ကျိုက်လတ်) သင်တန်းများ စတင်ဖွင့်လှစ်

ကျိုက်လတ် မေ ၁၂

အစိုးရစက်မှုလက်မှုသိပ္ပံ(ကျိုက်လတ်)၌ မေ ၁၂ ရက်မှ စတင်ဖွင့်လှစ်သည့် ၂၀၁၉-၂၀၂၀ ပညာသင်နှစ် A.G.T.I ပထမနှစ်သင်တန်းနှင့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် A.G.T.I တတိယနှစ်သင်တန်းများ ဖွင့်လှစ်ထားမှုနှင့် ကျောင်းအပ်နှံမှုကိုလည်းကောင်း၊ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် A.G.T.I ပထမနှစ်သင်တန်းသစ် ဝင်ခွင့်လျှောက်လွှာများထုတ်ယူနေမှုကိုလည်းကောင်း မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များက ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။

A.G.T.I ပထမနှစ်သင်တန်းသစ် ဝင်ခွင့်လျှောက်လွှာများကို မေ ၁၂ ရက်မှစတင်၍ထုတ်ယူနိုင်ပြီး မေ ၃၁ ရက် နောက်ဆုံးထား၍ ပြန်လည်တင်သွင်းရမည်ဖြစ်ကြောင်းနှင့် အစိုးရစက်မှုလက်မှုသိပ္ပံ (ကျိုက်လတ်)တွင် မြို့ပြ၊ လျှပ်စစ်ဆက်သွယ်ရေး၊ လျှပ်စစ်စွမ်းအား၊ စက်မှုအင်ဂျင်နီယာနှင့် စက်မှုလယ်ယာနည်းပညာဟူ၍ ဘာသာရပ်သင်တန်းငါးမျိုး လျှောက်ထားနိုင်ကြောင်း အစိုးရစက်မှုလက်မှုသိပ္ပံ(ကျိုက်လတ်) ကျောင်းအုပ်ကြီး ဒေါက်တာအောင်ဟိန်းလတ်၏ ပြောကြားချက်အရသိရသည်။

၀၂၇

# ကွန်ပျူတာတက္ကသိုလ်(မအူပင်)နှင့် နည်းပညာတက္ကသိုလ်(မအူပင်)သင်တန်းများ ဖွင့်လှစ်



မအူပင် မေ ၁၂

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့ ကွန်ပျူတာတက္ကသိုလ်(မအူပင်)တွင် ယနေ့တွင် ပြန်လည်ဖွင့်လှစ်ကာ အေးချမ်းစွာပညာသင်ကြားလျက်ရှိသည်။ (ဓါတ်ပုံ)

ကွန်ပျူတာတက္ကသိုလ်ပြန်လည်ဖွင့်လှစ်ရာတွင် ပညာသင်ကြားလျက်ရှိသော မောင်မယ်သစ်လွင်များအား တာဝန်ရှိသူများက နွေးထွေးပျူငှာစွာကြိုဆိုကာ ဘာသာရပ်အလိုက် ပညာသင်ကြားပေးလျက်ရှိပြီး ကွန်ပျူတာတက္ကသိုလ်(မအူပင်)တွင် ၂၀၁၉-၂၀၂၀ ပညာသင်နှစ် ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်(ဒုတိယနှစ်ဝက်)သင်တန်းများ၊ ၂၀၂၁-၂၀၂၂ ပညာသင်နှစ် ပဉ္စမနှစ် (ပထမနှစ်ဝက်)သင်တန်းများ၊ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပထမနှစ် (ပထမနှစ်ဝက်) သင်တန်းများကို ပြန်လည်ဖွင့်လှစ်သင်ကြားလျက်ရှိကြောင်း သိရသည်။

ထို့ပြင် မအူပင်မြို့တွင် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ဘွဲ့ကြို(ပထမနှစ်)မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက နည်းပညာတက္ကသိုလ်(မအူပင်)၌ ကျင်းပသည်။

အခမ်းအနားတွင် နည်းပညာတက္ကသိုလ်(မအူပင်) ပါမောက္ခချုပ် ဒေါက်တာကျော့ခင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး လျှပ်စစ်စွမ်းအားအင်ဂျင်နီယာဌာန၊ စက်မှုအင်ဂျင်နီယာဌာန၊ မြို့ပြအင်ဂျင်နီယာဌာန၊ အီလက်ထရောနစ်အင်ဂျင်နီယာဌာနများမှ ဌာနမှူးများက အင်ဂျင်နီယာဘာသာရပ်အသီးသီးကို ရှင်းလင်းပြောကြားကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ဆေးပညာဘွဲ့ရ အောင်စာရင်းထုတ်ပြန်ပြီးသူများအား နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်စေရေး ကြေညာချက်

၁။ ဆေးတက္ကသိုလ်များ၏ သင်ကြားရေးဆေးရုံကြီးများတွင် အလုပ်သင်ဆရာဝန်အဖြစ် တာဝန်ထမ်းဆောင်ပြီး၍ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလနှင့် ၂၀၂၁ ခုနှစ် အောက်တိုဘာလများတွင် ဆေးပညာဘွဲ့ရ အောင်စာရင်းထုတ်ပြန်ပြီးသူ စုစုပေါင်း ၁၂၂၂ ဦးတို့သည် သက်ဆိုင်ရာ ဆေးတက္ကသိုလ်များတွင် ပထမနှစ်သင်တန်းသို့ စတင်တက်ရောက်စဉ်ကတည်းက တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်ပါ စည်းမျဉ်းစည်းကမ်းများအတိုင်း "ဘွဲ့ရရှိပြီးနောက် နိုင်ငံတော်မှ လိုအပ်သည့်အချိန်တွင် နိုင်ငံ့ဝန်ထမ်းအဖြစ် သုံးနှစ်ကြာ မပျက်မကွက်တာဝန်ထမ်းဆောင်ပါမည်" ဟု ကတိခံဝန်ချက် လက်မှတ်ရေးထိုးထားပြီးဖြစ်ပါသည်။

၂။ ယခုအခါ နိုင်ငံတော်တွင် ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုပေးရန် ဆရာဝန်များ လိုအပ်လျက်ရှိခြင်းကြောင့် အဆိုပါ ၁၂၂၂ ဦးသည် သင်တန်းတက်ရောက်စဉ်က ချုပ်ဆိုခဲ့သည့် ကတိခံဝန်ချက်အတိုင်း နိုင်ငံ့ဝန်ထမ်းအဖြစ် သုံးနှစ် မပျက်မကွက်တာဝန်ထမ်းဆောင်ရမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၆ ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၀၇ ရာခိုင်နှုန်းရှိ

## ကိုဗစ် - ၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၂-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၁-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၂-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၅၀၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၆) ဦးတွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၀၇) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၀၅၈,၃၆၁) ခုအားစစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၃,၀၈၈) ဦးရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၁) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၂,၀၁၂) ဦးရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိသေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦးရှိပါသည်။

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချိုအစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် မိဘပြည်သူအားလုံးနှင့် အသက် ၁၂ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ ကျောင်းသားများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၄၀ နှစ်နှင့်အထက် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော မိဘပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေး ထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၁၂-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁၇၃) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၇၄) ခု | - |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၂၄) ခု | - |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၉၈၉) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၀၈၈) ခု | (၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅,၉၅၃) ခု | (၃) ဦး |
| စုစုပေါင်း | (၈,၅၀၆) ခု | (၆) ဦး |

ကျန်းမာရေးဝန်ကြီးဌာန

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၃၉၅၃၃၇၁ | ၈၁၁၀၇၂၉၆ | ၁၀၂၅၇၆၄ |
| ၂။ | အိန္ဒိယ | ၄၃၁၁၃၄၁၃ | ၄၂၅၇၀၁၆၅ | ၅၂၄၁၈၁ |
| ၃။ | ဘရာဇီး | ၃၀၆၁၇၇၈၆ | ၂၉၆၉၇၉၃၁ | ၆၆၄၅၆၄ |
| ၄။ | ပြင်သစ် | ၂၉၀၆၁၅၂၃ | ၂၈၀၁၇၃၃၁ | ၁၄၇၀၇၅ |
| ၅။ | ဂျာမနီ | ၂၅၅၈၃၂၅၈ | ၂၃၈၀၄၆၀၀ | ၁၃၇၄၄၉ |
| ၆။ | ဗြိတိန် | ၂၂၁၄၅၁၅၇ | ၂၁၆၁၆၅၇၅ | ၁၇၆၄၂၄ |
| ၇။ | ရုရှား | ၁၈၂၄၅၃၉၄ | ၁၇၆၂၆၃၄၄ | ၃၇၇၃၅၉ |
| ၈။ | တောင်ကိုရီးယား | ၁၇၆၉၄၆၇၇ | စိစစ်ဆဲ | ၂၃၅၅၄ |
| ၉။ | အီတလီ | ၁၆၉၁၅၃၀၁ | ၁၅၇၀၉၂၅၉ | ၁၆၄၈၄၆ |
| ၁၀။ | တူရကီ | ၁၅၀၄၈၄၄၉ | ၁၄၉၄၆၁၀၄ | ၉၈၈၇၀ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၀၆၈၃၉၇၂ | ၉၃၂၇၅၂၃ | ၄၃၀၆၀ |
| ၂။ | အင်ဒိုနီးရှား | ၆၀၄၉၈၇၆ | ၅၈၈၈၅၇၁ | ၁၅၆၄၃၈ |
| ၃။ | မလေးရှား | ၄၄၆၇၀၆၁ | ၄၄၀၆၆၁၃ | ၃၅၅၉၈ |
| ၄။ | ထိုင်း | ၄၃၅၃၂၃၇ | ၄၂၄၆၄၉၉ | ၂၉၃၁၄ |
| ၅။ | ဖိလစ်ပိုင် | ၃၆၈၇၅၆၇ | ၃၆၂၃၉၃၈ | ၆၀၄၅၂ |
| ၆။ | စင်ကာပူ | ၁၂၂၈၉၁၄ | ၁၁၅၅၉၇၀ | ၁၃၅၈ |
| ၇။ | မြန်မာ | ၆၁၃၀၈၈ | ၅၉၂၀၁၂ | ၁၉၄၃၄ |
| ၈။ | လာအို | ၂၀၉၂၄၃ | ၂၀၇၁၈၂ | ၇၅၂ |
| ၉။ | ဘရူနိုင်း | ၁၄၃၈၆၆ | ၁၄၂၁၇၃ | ၂၁၉ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၆၂၆၂ | ၁၃၃၁၈၆ | ၃၀၅၆ |

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**ယမန်နေ့မှအဆက်**

ပို၍ဆိုးသည်မှာ ခင်မောင်စိုးသည် ရဲအရာရှိတစ်ဦးနှင့်အတူ တင်တင်ရီ၏အပါးတွင် လာ၍ရပ်နေခြင်းဖြစ်သည်။ သူ၏ သက္ကလတ်ဘောင်းဘီနှင့် ပြောင်လက်သောရှူးဖိနပ်ကို နီးကပ်စွာတွေ့နေရသည်။ တင်တင်ရီမှာ မလှုပ်ရှားရဲလောက်အောင်ဖြစ်နေသည်။ မထိုင်စဖူးအနေအထားဖြင့် ထိုင်နေရသဖြင့် ခြေတစ်ဖက်ကျင်နေသည်။ ဝေဒနာမှာ ဆိုးရွားလှသည်မှန်သော်လည်း နေရာမပြောင်းဝံ့။

"ဘယ့်နှယ်လဲ ကိုခင်မောင်စိုး၊ သူ ဒီရထားမှာ မပါတာသေချာပြီထင်တယ်"

ရဲအရာရှိ၏စကား။

"အေးဗျာ။ ကျုပ်တို့တော့ အမောအဖတ်တင်နေပြီ"

စီးကရက်ရှိုက်ဖွာခြင်းနှင့်အတူ ခင်မောင်စိုးဆိုသည်။

တင်တင်ရီ၏ဘေးမှ သူတောင်းစားအဘိုးကြီး လှုပ်ရှားလာသည်။ စောစောက သူသည် ကွမ်းတစ်ယာမြုံ့နေသည်။ ယခု တယောကို ကောက်ကိုင်ကာ အသံညှိသည်။

"တောင်းလို့ ဘယ်လောက်ရသလဲ လုံမလေး" အဘိုးကြီး၏ အမေး။

တင်တင်ရီ ရုတ်တရက်မဖြေတတ်။ မဖြေဝံ့။ မဖြေနိုင်။

"ဟဲ့၊ မေးနေတာမကြားဘူးလား" ဆိုမှ။

"နှစ်ဆယ်" ဟု ယောင်ယမ်းပြောလိုက်မိသည်။

"ပြားနှစ်ဆယ်တည်းလား"

"အင်း"

အဘိုးကြီး သည်မျှနှင့် တိတ်သွားသောကြောင့် တင်တင်ရီ ဝမ်းသာသွားသည်။ ကျေးဇူးတင်ရသေးတော့သည်။

အဘိုးကြီးသည် အတောတစ်ပိုဒ်ကိုထိုးသည်။ ထို့နောက် သီချင်းတစ်ပိုဒ်စသည်။ သီချင်းပိုဒ်ဆုံးလျှင် အစမှပြန်စသည်။ သီချင်းမှာ "အိုကြော့ဦးမယ်" ချီ အလွမ်းပတ်ပျိုးဖြစ်သည်။ တင်တင်ရီသည် တယောသံကိုနားထောင်ရင်း ထိုသီချင်းမှာ ကျောင်းကပွဲတစ်ခုအတွက် တိုက်ဖူးသော သီချင်းဖြစ်နေသည်ကို သတိရသည်။ သီချင်းကို အစတွင်ပင် ရပ်လိုက်ကာ အဘိုးကြီးသည် တင်တင်ရီဘက်သို့ မမြင်ရသောမျက်လုံးများဖြင့် ကြည့်သည်။ ပါးစပ်မှလည်း "ဆို" ဟု အမိန့်ပေးသည်။ တင်တင်ရီသည် အံ့သြနေသည်။ ကြောင်နေသည်။

အဘိုးကြီးက သီချင်းစသည်။ တင်တင်ရီ အသံတိတ်နေသည်။

"ဟဲ့ ကောင်မလေး ဆို ဆိုတာမကြားဘူးလား" အဘိုးကြီးမှာ ဒေါသဖြစ်ရဟန်ရှိသည်။

သီချင်းကို ပြန်စသည်။ တင်တင်ရီသည် ယခုတိုင်အောင် ဆွံ့အဆဲ။ သူ၏နေရာကို ယူထားသော မိန်းကလေးဘက်သို့ အားကိုးတကြီး ကြည့်မိသည်။ ထိုအခါ ယင်းမိန်းကလေးက မိမိအား စိုးရိမ်တကြီး ကြည့်နေကြောင်း မြင်ရသည်။

"ဒီကောင်မလေး ဒီနေ့ ဘာဖြစ်နေသလဲဟင်။ အရိုက်ခံချင်ပြီထင်တယ်"

အဘိုးကြီးက ကြိမ်းရင်း ဘိုးတံဖြင့် လှမ်းခေါက်လိုက်သည်။ တင်တင်ရီ၏ခေါင်းမှာ ပူသွားသည်။ အဘိုးကြီးက သီချင်းကို ပြန်စသည်။

တင်တင်ရီ၏တုန်သောအသံသည် ယခုမှလည်ချောင်းကို ခဲခဲယဉ်းယဉ်း တိုးထွက်လာသည်။

"အို ကြော့ဆုံးမယ်။ ကေသွယ်လျှော့လျား၊ မောင်သနားလှတယ်။ '

အို ဘယ့်နှယ်ဖော်မပါ၊ သွားရှာရော့ ဝေးမြေတာ။ သဇင်ညှာ ခွင်ပြာက သင်းတယ်။ မြိုင်တွင်းတောရဂုံ၊ ငှက်ကျေးဖော်ရွှေစုံ"

တင်တင်ရီ၏အသံမှာ သာသည်။ ချိုအေးသည်။ ကြောက်ကြောက်ရွံ့ရွံ့ တုန်တုန်လှုပ်လှုပ်ကလေး သီဆိုရသဖြင့် အသံပြတ်တောင်းပြတ်တောင်း ဖြစ်နေပုံက တစ်မျိုးနားထောင်၍ကောင်းသည်။ လူတို့၏အာရုံသည် တင်တင်ရီထံ ရောက်လာပြန်လေသည်။ တစ်တွဲလုံး ငြိမ်သက်သွားလေသည်။

တယောရှင်အဘိုးအိုမှာ ဆန်းကြယ်သလိုဖြစ်သွားသည်။ သူသည် နဖူးကြောကိုရှုံ့ကာ အသံကို စူးစိုက်စွာ နားထောင်သည်။ သူ့မြေးမကလေး၏အသံနှင့် မတူသည်ကား သတိထားမိပုံရသည်။ သို့ရာတွင် အခြားသူတစ်ယောက်က အစားဝင်ဆိုလာလိမ့်မည်ဟူ၍မူ ထင်မှတ်မိဟန်မတူ။ ယင်းအဖြစ်မျိုး မဖြစ်နိုင်ဟု ယုံကြည်နေခဲ့ဟန်တူသည်။ သူ့မြေးမကလေး၏အသံကသာ ထူးထူးခြားခြားကောင်းနေခြင်းဖြစ်မည်ဟု တွေးမိဟန်ဖြင့် တယောကို စိတ်ပါလက်ပါထိုးသည်။

တင်တင်ရီ၏နေရာတွင် ထိုင်နေသောမိန်းကလေးမှာ ယခုမှ စိတ်အေးသွားရသလိုရှိသည်။

တင်တင်ရီမှာမူ စိတ်တွင် တုန်လှုပ်နေမိသည်သာမကသေး၊ ရင်တထိတ်ထိတ် ခုန်နေမိသည်သာမကသေး တစ်ကိုယ်လုံး သွေးခဲသွားရတော့မလောက်အေးစက်လာသည်။ မရဲတရဲ ခိုးကြည့်မိသောအခါ ခင်မောင်စိုးက သီချင်းကို စူးစိုက်နားထောင်နေကြောင်း တွေ့ရသည်။ သူ မှတ်မိသွားလေမလားဟု စိတ်တထင့်ထင့်နှင့်။

တယောရှင်အဘိုးအိုက လက်တွေ့သွားဟန်ဖြင့် သဖြန်ပိုဒ်ကို ဆက်နေပြန်ချေသည်။

"လွှမ်းလို့မကုန်။ နဂါးရုံရွှေတိမ်ဆိုင်းဆီက၊ ရှုတိုင်းသာလှ။ သွားရှာရော့မေ။ မိငယ်လေးမပြပါဘု၊ ရွှေရင်မှာ ပူဖြာဆိုက်အောင်၊ ဆွေးလိုက်မေက"

သီချင်းဆုံးသွားသည်။ အကယ်၍ ဖုန်းတောင်းယာစကာ အနေအထားမျိုးဖြင့်သာ မဟုတ်ပါက လူတကာတို့၏လက်ခုပ်သံကို ကြားရလိမ့်မည်ထင်သည်။ လူတိုင်းက ဩဘာပေးကြလိမ့်မည်ထင်သည်၊ ယခုမူ လူအားလုံး ငြိမ်နေကြသည်။

တင်တင်ရီအဖို့မှာမူ အခြားဘာမျှ သတိမရ။ ခင်မောင်စိုးအနေနှင့် အသံကြောင့် မိမိအား မှတ်မိသွားလေပြီလားထင်ကာ မဝံ့မရဲရှိဆဲပင်။

ယင်းအခိုက် တင်တင်ရီ၏ရှေ့မှ သတ္တုခွက်ထဲသို့ တစ်ကျပ်တန်ငွေစက္ကူအခေါက်ကလေး ကျသည်။ ခင်မောင်စိုးက ပစ်ချလိုက်ခြင်းဖြစ်သည်။ တင်တင်ရီ၏ရင်တွင် နွေးခနဲခံစားရသည်။ သူသည် တင်တင်ရီအား မမှတ်မိ။ သူတောင်းစားဟုပင် ထင်နေပုံရသည်။ ထိုအတွက်ပင်ကျေနပ်ရသည်။ တစ်ပြိုင်နက်တည်းလည်း ခံပြင်းနာကြည်းခြင်းဂယက်တို့ ရင်ထဲမှာ ရိုက်ခတ်ရပြန်သည်။

သို့ဖြင့် ကျောက်ဆည်ဘူတာတွင် မီးရထားဆိုက်ကပ်မိသည်။ ခင်မောင်စိုးတို့လူသိုက် စိတ်ပျက်လက်ပျက်ဆင်းသွားကြသည်။ ၎င်းတို့၏ နောက်ကျောကို ကြည့်ရင်း တင်တင်ရီ သက်ပြင်းရှိုက်လိုက်လေသည်။

x x x x x

"မိန်းကလေးက ဘယ်ကိုသွားမှာလဲဟင်"

ရုတ်တစ်ရက်အမေးခံလိုက်ရသဖြင့် တင်တင်ရီ အံ့အားသင့်သွားသည်။

"ဗျာ" ဆိုမိသည်။

"မိန်းကလေးက ဘယ်သွားမှာလဲ၊ ရန်ကုန်အထိပဲလား"

မေးလာသူမှာ မိမိနှင့် မျက်နှာချင်းဆိုင်မှဖြစ်သည်။ ရင်းနှီးဖော်ရွေသောအပြုံးဖြင့်ပြုံးရင်းမေးလာခြင်းဖြစ်သည်။

"ဟုတ်၊ ဟုတ်ကဲ့"

တင်တင်ရီ အထစ်ထစ် အငေါ့ငေါ့ ဖြေမိသည်။

ယခုမှ နေရာမှန် ပြန်ရောက်ဆဲ ဆီးကြိုမေးမြန်းခြင်းခံလိုက်ရသဖြင့် တင်တင်ရီ တုန်လှုပ်သွားမိသလို ကျောက်ဆည်ဘူတာသည် နောက်တွင် ကျန်ရစ်သည်။ ယင်းဘူတာတွင် သူတောင်းစားမြေးအဘိုးဆင်းနေရစ်သည်။ တင်တင်ရီသည် သူကတိထားခဲ့သည့်အတိုင်း ငွေနှစ်ဆယ်ပေးသည်။ သူတောင်းစားမကလေးသည် တင်တင်ရီ၏အဝတ်များကို ချွတ်လဲပေးရမှာ နှမြောသလိုရှိနေကြောင်း တွေ့ရသည်။

"အဲဒါကို ချွတ်မနေနဲ့တော့"

တင်တင်ရီဆိုသည်။

"ရှင်"

"အဲဒါကို တစ်ခါတည်းဝတ်သွားတော့။ ကိုယ့်ကိုသာ သေတ္တာယူပေး"

တင်တင်ရီသည် သေတ္တာထဲမှ အခြားဝတ်စုံတစ်စုံကို ယူဝတ်သည်။ စောစောက သူတောင်းစားမကလေး၏ အဝတ်များကို ပြန်ပေးလိုက်သည်။ ထိုအခါ မိန်းကလေးမှာ အလွန်အမင်း ကျေနပ်သွားရှာသည်။ ။

"ဝမ်းသာလိုက်တာ အစ်မရယ်၊ ကျွန်မ ငွေကိုတောင်မယူချင်တော့ဘူး" ဆိုသည်။

သို့ပေမဲ့ ငွေကိုလည်း ပြန်မပေးခဲ့။

သူတို့ မြေးအဘိုးသည် ရထားထွက်ခါနီးမှ ကသောကမျော ကသုတ်ကရက် ဆင်းသွားသည်။

တင်တင်ရီနေရာမှာပြန်ထိုင်သည်။ ကျောက်ဆည်ဘူတာမှ ရထားထွက်ခဲ့သည်။ ကျောက်ဆည်မြို့၏ အရှေ့ဘက်မှ တောင်စဉ်ခုနစ်ထပ်ကို ငေးကြည့်နေသည်။ ထိုစဉ်တွင် အမေးခံရခြင်းဖြစ်သည်။

အဘယ်မျှ ရင်းနှီးကျွမ်းဝင်ဖွယ်အပြုံးကို ပြုံးထားသည်ဆိုစေ တင်တင်ရီ လန့်ဖျပ်နေမိဆဲပင်။

"မိန်းကလေးမှာ အဖော်မပါဘူးလား"

သူက စပ်စုနေပြန်သည်။

သူ၏အသက်မှာ ငါးဆယ်ကျော်၊ ခြောက်ဆယ်နီးပါးဖြစ်၍ တင်တင်ရီမှာ တစ်မျိုးတော့ အနေရအထိုင်ရ သက်သာသည်။ ရုပ်ကလည်း ရည်ရည်မွန်မွန်ပင်။ တင်တင်ရီနှင့် မျက်စောင်းထိုးတွင် ထိုင်နေသူမှာ သူ၏အဖော်ပင်ဖြစ်သည်။ ထိုသူသည် တင်တင်ရီအား အကဲခတ်သလို လှမ်းလှမ်းကြည့်နေကြောင်း တွေ့ရသည်။

"မိန်းကလေးအိမ်က ထွက်ပြေးလာတာ မဟုတ်လားဟင်"

"ဗျာ"

တိုက်ရိုက်ကျလွန်းသော အမေးကြောင့် တင်တင်ရီ ချောက်ချားသွားသည်။ တစ်ကိုယ်လုံးတုန်သွားသည်။ တင်တင်ရီ၏ မျက်နှာကို စူးစိုက်ကြည့်လိုက်သည်။ အလေးအနက်ပြောသည်။

"မင်း ဘာလုပ်ခဲ့တယ်ဆိုတာ အဘအားလုံး မြင်ပါတယ်ကွယ်"

တင်တင်ရီသည် သူ့ရှေ့မှောက်မှ ချက်ချင်းထွက်ပြေးလိုက်ချင်သည်။ ရထားပြတင်းပေါက်မှ ခုန်ချလိုက်ချင်သည်။

"အဘကိုမကြောက်ပါနဲ့။ အဘမင်းကို ဒုက္ခမပေးပါဘူး။ ဖြစ်နိုင်မယ်ဆိုရင် ကူညီချင်လို့ပါ"

သို့တိုင်အောင် တင်တင်ရီ ကြောက်စိတ်မပြေသေး။ ထိတ်လန့်နေမိဆဲပင်။

"အဘနာမည် ဦးမြတ်စံလို့ခေါ်တယ်။ သမီးရဲ့နာမည်ကကော"

"တင်တင်ရီပါ"

"တင်တင်ရီ။ ဟုတ်ပြီ အဘနာမည်ကိုလည်း မှတ်ထားနော်။ သမီးနာမည်ကိုလည်းမှတ်ထားမယ်။ ဒါထက် သမီးဘာလို့အိမ်ကထွက်ပြေးခဲ့ရတာလဲဟင်"

"မနေချင်လို့ပါ။ ဒါပေမဲ့ ရွှေတွေငွေတွေ အများကြီးပါခဲ့တယ်ဆိုတာတော့ မဟုတ်ပါဘူး"

"ဟုတ်ပါပြီ။ ဘာလို့မနေချင်ရတာလဲ"

တင်တင်ရီ စိတ်တိုလာသည်။ စပ်စုရန်ကောထင်သည်။

"ကျွန်တော့်ကို အိမ်က ယောကျ်ားပေးစားချင်တယ်။ ကျွန်တော်က မယူချင်ဘူး။ ဒါကြောင့်ပါ"

**ဆက်လက်ဖော်ပြပါမည်။**

**"မိန်းကလေးက ဘယ်သွားမှာလဲ၊ ရန်ကုန်အထိပဲလား"**
**မေးလာသူမှာ မိမိနှင့် မျက်နှာချင်းဆိုင်မှဖြစ်သည်။**
**ရင်းနှီးဖော်ရွေသောအပြုံးဖြင့်ပြုံးရင်း မေးလာခြင်းဖြစ်သည်။**
**အဘယ်မျှ ရင်းနှီးကျွမ်းဝင်ဖွယ်အပြုံးကို ပြုံးထားသည်ဆိုစေ**
**တင်တင်ရီ လန့်ဖျပ်နေမိဆဲပင်။**
**"မိန်းကလေးမှာ အဖော်မပါဘူးလား" သူက စပ်စုနေပြန်သည်။**
**သူ၏အသက်မှာ ငါးဆယ်ကျော်၊ ခြောက်ဆယ်နီးပါးဖြစ်၍**
**တင်တင်ရီမှာ တစ်မျိုးတော့ အနေရ အထိုင်ရသက်သာ . . .**

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာ ခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

# (၃၁)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ






**ရန်ကုန် မေ ၁၂**

ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် (၃၁)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မေ ၁၂ ရက် ညပိုင်းက ဟနွိုင်းမြို့ရှိ မိုင်ဒင်းကွင်း၌ ကျင်းပသည်။

**ရိုးရာအကအလှများဖြင့် ဖျော်ဖြေတင်ဆက်**

ဖွင့်ပွဲအခမ်းအနားတွင် အိမ်ရှင်ဗီယက်နမ်နိုင်ငံ၏ ရိုးရာအကအလှများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ပြိုင်ပွဲဝင်နိုင်ငံများဖြစ်သည့် ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း၊ တီမောနှင့် အိမ်ရှင်ဗီယက်နမ်နိုင်ငံတို့က ကွင်းအတွင်း ဝင်ရောက်နေရာယူကြသည်။ ယင်းနောက် ဆီးဂိမ်းအဖွဲ့ချုပ်အလံ၊ ဆီးဂိမ်းအလံတို့ကို လွှင့်တင်ကြပြီး ဗီယက်နမ်နိုင်ငံ သမ္မတ Nguyen Xuan Phuc က ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ ထို့နောက် ဗီယက်နမ်နိုင်ငံ၏ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများက ဆီးဂိမ်းမီးရှူးတိုင်ကို လက်ဆင့်ကမ်းသယ်ဆောင်ကာ သတ်မှတ်နေရာတွင် မီးထွန်းညှိပေးသည်။

(၃၁)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကို မေ ၁၂ ရက်မှ ၂၃ ရက်အထိ ကျင်းပလျက်ရှိပြီး အားကစားနည်းအချို့ကိုမူ မေ ၆ ရက်မှစ၍ ပြုလုပ်လျက်ရှိသည်။ ယခုပြိုင်ပွဲကို အရှေ့တောင်အာရှ ၁၁ နိုင်ငံမှ အားကစားသမား ၅၄၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။ ပြိုင်ပွဲတွင် အားကစားနည်း ၄၀ ထည့်သွင်းကျင်းပလျက်ရှိပြီး ရွှေတံဆိပ်စုစုပေါင်း ၅၂၆ ခု ချီးမြှင့်သွားမည်ဖြစ်သည်။ မြန်မာအားကစားအဖွဲ့အနေဖြင့် မေ ၁၂ ရက်နေ့ ပွဲစဉ်များအပြီးတွင် ရွှေတစ်ခု၊ ကြေးတစ်ခု ဆွတ်ခူးရရှိထားသည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-VNA**

## (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာအားကစားအဖွဲ့တတိယအသုတ်ဆက်လက်ထွက်ခွာ

**ရန်ကုန် မေ ၁၂**

ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့နှင့် အခြားဆက်စပ်မြို့များတွင် မေ ၁၂ မှ ၂၃ ရက်အထိ ကျင်းပမည့် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ရန် မြန်မာအားကစားအဖွဲ့ တတိယအသုတ်သည် ယမန်နေ့ည ၈ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန် ဦးဗိုလ်ဌေး၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာ ကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး ဥပဒေချုပ် ဦးဌေးအောင်နှင့် အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။



**ပါဝင်**

(၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့ တတိယအသုတ်တွင် ဂေါက်သီးအားကစားနည်းမှ အမျိုးသား ရှစ်ဦး၊ အမျိုးသမီး လေးဦး၊ ပီတန်းအားကစားနည်းမှ အမျိုးသား သုံးဦး၊ အမျိုးသမီးခုနစ်ဦး၊ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားနည်းမှ အမျိုးသား ၁၁ ဦး၊ အမျိုးသမီးတစ်ဦး၊ ပိုက်ကျော်ခြင်းအားကစားနည်းမှ အမျိုးသား ၁၅ ဦး၊ အမျိုးသမီး ၁၀ ဦး၊ E-Sports အားကစားနည်းမှ အမျိုးသား ၂၈ ဦး၊ ဘိလိယက်နှင့်စနူကာ အားကစားနည်းမှ အမျိုးသား ခုနစ်ဦး၊ ပြေးခုန်ပစ်အားကစားနည်းမှ အမျိုးသား ၁၀ ဦး၊ အမျိုးသမီး ကိုးဦး၊ မြားပစ်အားကစားနည်းမှ အမျိုးသား ၁၁ ဦး၊ အမျိုးသမီး ခုနစ်ဦးနှင့် အပြည်ပြည်ဆိုင်ရာ ဒိုင်လူကြီးများအဖွဲ့တို့ ပါဝင်ကြောင်း သိရသည်။

**သွားရောက်မည်**

ဆက်လက်၍ စတုတ္ထအသုတ်အနေဖြင့် မေ ၁၃ ရက်တွင်လည်းကောင်း၊ ပဉ္စမအသုတ်အနေဖြင့် မေ ၁၆ ရက်တွင် လည်းကောင်း၊ ဆဋ္ဌမအသုတ်အနေဖြင့် မေ ၂၀ ရက်တွင်လည်းကောင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့သို့ တိုက်ရိုက်ခရီးစဉ်သွားရောက်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

### (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု

| နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|
| ဗီယက်နမ် | ၁၀ | ၇ | ၁၆ | ၃၃ |
| မလေးရှား | ၉ | ၃ | ၁၁ | ၂၃ |
| အင်ဒိုနီးရှား | ၃ | ၄ | ၁ | ၈ |
| ဖိလစ်ပိုင် | ၁ | ၅ | ၇ | ၁၃ |
| စင်ကာပူ | ၁ | ၄ | ၃ | ၈ |
| ထိုင်း | ၁ | ၂ | ၁၅ | ၁၈ |
| မြန်မာ | ၁ | ၀ | ၁ | ၂ |
| ဘရူနိုင်း | ၀ | ၁ | ၁ | ၂ |
| လာအို | ၀ | ၀ | ၃ | ၃ |
| ကမ္ဘောဒီးယား | ၀ | ၀ | ၂ | ၂ |

## ယနေ့ကစားမည့် မြန်မာ-ထိုင်း အမျိုးသမီးပွဲမှာ အုပ်စုပထမနေရာအတွက် အရေးပါ

**ရန်ကုန် မေ ၁၂**

(၃၁)ကြိမ်မြောက် ဆီးဂိမ်းအမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စု(ခ) ပွဲစဉ်များကို မေ ၁၃ ရက် (ယနေ့) ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာနှင့် ထိုင်းအသင်းတို့ တွေ့ဆုံမည့်ပွဲမှာ အုပ်စုပထမနေရာအတွက် အရေးပါလျက်ရှိသည်။

အုပ်စု(ခ)တွင် မြန်မာနှင့် ထိုင်းအသင်းသာ ဆီမီးဖိုင်နယ် တက်ရောက်ရန် သေချာသလောက်ရှိနေပြီး အဖွင့်ပွဲတွင်လည်း ပြိုင်ဘက်အသင်းများကို သုံးဂိုးအသာဖြင့် အနိုင်ရထားရာ ယခုပွဲအနိုင်ရသည့်အသင်းမှာ အုပ်စုပထမနေရာရယူနိုင်မည်ဖြစ်သည်။ မေ ၁၀ ရက်က ကစားသည့် အုပ်စုပထမပွဲတွင် မြန်မာက လာအိုကို သုံးဂိုးပြတ်၊ ထိုင်းက စင်ကာပူကို သုံးဂိုးပြတ်တို့ဖြင့်အနိုင်ရခဲ့သည်။ အုပ်စု(က)တွင် အိမ်ရှင်နှင့် လက်ရှိချန်ပီယံ ဗီယက်နမ်အသင်းသည် ဖိလစ်ပိုင်ကို အနိုင်ယူပြီး အုပ်စုပထမနေရာရရန် သေချာသလောက်ရှိနေရာ အုပ်စု(ခ)တွင် ပထမနေရာရရှိသည့်အသင်းမှာ ဆီမီးဖိုင်နယ်တွင် အိမ်ရှင်အသင်းကို ရှောင်ရှားနိုင်မည်ဖြစ်သည်။ အုပ်စုပထမပွဲတွင် မြန်မာနှင့်ထိုင်းအသင်းမှာ ဂိုးပြတ်နိုင်ပွဲရခဲ့သော်လည်း အကောင်းဆုံးပုံစံမရသေးဘဲ ယခုပွဲတွင် ခြေစွမ်းပိုကောင်းပြီး အမှားနည်းသည့်အသင်းက ရလဒ်ကောင်းရယူသွားနိုင်မည်ဖြစ်သည်။ မြန်မာနှင့် ထိုင်းအသင်းသည် ၂၀၁၉ ဆီးဂိမ်းပြိုင်ပွဲ ဆီမီးဖိုင်နယ်တွင် တွေ့ဆုံထားရာ ထိုင်းအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

အုပ်စု(ခ) ဒုတိယနေ့အဖြစ် မေ ၁၃ ရက် မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲတွင် စင်ကာပူနှင့် လာအို၊ မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲတွင် မြန်မာနှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ကိုညီလေး**

○ **ဆီးဂိမ်းအမျိုးသားမှ**

ယနေ့ မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲတွင် ဖိလစ်ပိုင်အသင်းနှင့် အင်ဒိုနီးရှားအသင်း၊ မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲတွင် မြန်မာအသင်းနှင့် အိမ်ရှင်ဗီယက်နမ်အသင်းတို့ ယှဉ်ပြိုင် ကစားမည်ဖြစ်သည်။ အုပ်စု(က)တွင် မြန်မာအသင်းက နှစ်ပွဲကစား ခြောက်မှတ်၊ ဖိလစ်ပိုင်အသင်းက သုံးပွဲကစား လေးမှတ်၊ ဗီယက်နမ်အသင်းက နှစ်ပွဲကစား လေးမှတ်၊ အင်ဒိုနီးရှားအသင်းက နှစ်ပွဲကစား သုံးမှတ်ရထားပြီး တီမောအသင်းက သုံးပွဲကစား သုံးပွဲစလုံး အရေးနိမ့်ကာ အမှတ်မရဘဲ အုပ်စုအဆင့်မှထွက်ရန် သေချာသွားပြီဖြစ်သည်။

**လက်ကျန်နှစ်ပွဲစလုံး အရေးပါ**

ထို့ကြောင့် ယနေ့ကစားမည့် နှစ်ပွဲစလုံးမှာ ဆီမီးဖိုင်နယ် တက်ရောက်ရန် အရေးပါနေပြီး အနိုင်ရသည့်အသင်းသည် ဆီမီးဖိုင်နယ် တက်ရောက်ရန် အခြေအနေကောင်းသွားမည်ဖြစ်သည်။ ယင်းလေးသင်း အနက် နောက်ဆုံးပွဲကစားရမည့် ဖိလစ်ပိုင်အသင်းမှာမူ အနိုင်ရမှသာ နောက်တစ်ဆင့်တက်နိုင်ရန် ဆက်လက်မျှော်လင့်နိုင်မည်ဖြစ်ပြီး အရေးနိမ့်ပါက အုပ်စုအဆင့်မှထွက်ရန် သေချာသလောက်ရှိသွားမည်ဖြစ်သည်။ မြန်မာအသင်းသည် နှစ်ပွဲဆက်အနိုင်ရထားသော်လည်း ဆီမီးဖိုင်နယ် တက်ရောက်ရန် လက်ကျန်နှစ်ပွဲစလုံးမှာ အရေးပါနေသည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MFF**

# ဂျူဗင်တပ်အသင်းကို အနိုင်ရပြီး အင်တာမီလန်အသင်း ကိုပါအီတာလီယာဖလား ဆွတ်ခူး

ဂျူဗင်တပ်အသင်းနဲ့ အင်တာမီလန်အသင်းတို့ မေ ၁၁ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ကိုပါအီတာလီယာဖလား နောက်ဆုံးဗိုလ်လုပွဲစဉ်မှာ အင်တာမီလန်အသင်းက ဂျူဗင်တပ်အသင်းကို လေးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် ကိုပါအီတာလီယာဖလားကို ရယူဆွတ်ခူးနိုင်ခဲ့ပြီ ဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ အင်တာမီလန်အသင်းအတွက် သွင်းဂိုးတွေကို ပွဲကစားချိန် ခြောက်မိနစ်မှာ ဘာရယ်လာ၊ မိနစ် ၈၀ မှာ ကာဟာနိုလု၊ ၉၉ မိနစ်နဲ့ ၁၀၂ မိနစ်တို့မှာ ပါရီဆစ်က နှစ်ဂိုးအသီးသီးသွင်းယူပေးခဲ့ပြီး ဂျူဗင်တပ်အသင်းအတွက် ချေပဂိုးနှစ်ဂိုးကိုတော့ မိနစ် ၅၀ မှာ လိုဘိုဆေးလ်ဗား၊ ၅၂ မိနစ်မှာ ဗီလာဟိုဗစ်တို့က သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

ဂျူဗင်တပ်အသင်းဟာ ကိုပါအီတာလီယာဖလားကို (၁၄)ကြိမ်အထိ ဆွတ်ခူးထားခဲ့တဲ့အသင်းဖြစ်ပြီး ယခုနှစ်မှာတော့ ကိုပါအီတာလီယာဖလားရရှိရေးမျှော်လင့်ချက်နဲ့ ဝေးခဲ့ရတာ ဖြစ်ပါတယ်။ အင်တာမီလန်အသင်းကတော့ ယခုဘောလုံးရာသီမှာ အီတလီစီးရီးအေ၌ အမှတ်ပေးဇယားထိပ်က အေစီမီလန်အသင်းနဲ့ နှစ်မှတ်အကွာတွင် ရှိနေကာ အမှတ်ပေးဇယားဒုတိယနေရာမှာ ရပ်တည်နေတာကြောင့် အီတလီစီးရီးအေဖလားရရှိနိုင်မယ့် အခွင့်အရေးရှိနေတာဖြစ်ပါတယ်။

အင်တာမီလန်အသင်းဟာ ယခုနှစ်ဘောလုံးရာသီရဲ့ အီတလီစီးရီးအေလက်ကျန်နှစ်ပွဲအဖြစ် ကာဂလီယာရီအသင်း၊ ဆမ်ဒိုးရီးယားအသင်းတို့နဲ့ ယှဉ်ပြိုင်ကစားရမှာလည်း ဖြစ်ပါတယ်။




# ဘောလုံးရာသီငါးရာသီအတွင်း ပရီမီယာလိဂ်ဖလားလေးကြိမ် ဆွတ်ခူးနိုင်မယ့် အခွင့်အရေးနဲ့ နီးစပ်လာတဲ့ မန်စီးတီးအသင်း




မန်စီးတီးအသင်းဟာ ပရီမီယာလိဂ်ပွဲစဉ်(၃၆)အဖြစ် မေ ၁၁ ရက်ညပိုင်းက ဝုလ်ဗာဟမ်တန်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရာ မန်စီးတီးအသင်းက ငါးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ်ချန်ပီယံဆုဖလားကို ဘောလုံးရာသီငါးရာသီအတွင်း လေးကြိမ်အထိ ဆွတ်ခူးနိုင်မယ့်အခွင့်အရေးနဲ့ နီးစပ်လာခဲ့ပြီဖြစ်ပါတယ်။

လက်ရှိ ပရီမီယာလိဂ်ချန်ပီယံ မန်စီးတီးအသင်းဟာ ၂၀၁၈၊ ၂၀၁၉ နဲ့ ၂၀၂၁ တို့မှာ ပရီမီယာလိဂ်ဖလားကို ဆွတ်ခူးနိုင်ခဲ့တာကြောင့် ယခုဘောလုံးရာသီမှာ ပရီမီယာလိဂ်ချန်ပီယံ ဖြစ်ခဲ့မယ်ဆိုရင် ငါးရာသီအတွင်း လေးကြိမ်အထိ ဆွတ်ခူးနိုင်တဲ့ အသင်းအဖြစ်လည်း မှတ်တမ်းဝင်တော့မှာ ဖြစ်ပါတယ်။

ဝုလ်ဗာဟမ်တန် အသင်းနဲ့ မန်စီးတီးအသင်းတို့ ပွဲစဉ်မှာ မန်စီးတီးအသင်းအတွက် သွင်းဂိုးတွေကို ပွဲကစားချိန် ခုနစ်မိနစ်၊ ၁၆ မိနစ်၊ ၂၄ မိနစ်နဲ့ မိနစ် ၆၀ တို့မှာ ဒီဘရိုင်းက လေးဂိုးအထိ သွင်းယူပေးခဲ့ပြီး စတာလင်က ၈၄ မိနစ်မှာ တစ်ဂိုးသွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။ ဝုလ်ဗာဟမ်တန်အသင်းအတွက် ချေပဂိုးတစ်ဂိုးကိုတော့ ပွဲကစားချိန် ၁၁ မိနစ်မှာ နီတိုးက သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

**ပြိုင်ပွဲစုံသွင်းဂိုး ၁၉ ဂိုးအထိရှိလာ**

ကွင်းလယ်ကစားသမား ဒီဘရိုင်းဟာ အခုပွဲစဉ်မှာ လေးဂိုးသွင်းယူနိုင်ခဲ့တာကြောင့် ယခုဘောလုံးရာသီအတွင်း ပြိုင်ပွဲစုံသွင်းဂိုး ၁၉ ဂိုးအထိ ရှိလာခဲ့တာဖြစ်ပါတယ်။ မန်စီးတီးအသင်းဟာ ရူဘင်ဒိုင်ယက်စ်၊ ဝွါန်စတုန်း၊ ကီလီဝေါ်ကာနဲ့ နက်သန်အကဲတို့ ဒဏ်ရာပြဿနာကြောင့် မပါဝင်နိုင်ခဲ့ပေမယ့် ဝုလ်ဗာဟမ်တန်ကို အကောင်းဆုံးကစားပြီး အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

အဲဒီနိုင်ပွဲကြောင့် မန်စီးတီးအသင်းဟာ ပရီမီယာလိဂ်ပွဲစဉ် ၃၆ အပြီးမှာ ရမှတ် ၈၉ မှတ်ရရှိကာ အမှတ်ပေးဇယားထိပ်ဆုံးမှာ ဦးဆောင်နေပြီး လီဗာပူးအသင်းကတော့ ပရီမီယာလိဂ်ပွဲစဉ် ၃၆ အပြီးမှာ ရမှတ် ၈၆ မှတ်နဲ့ အမှတ်ပေးဇယားဒုတိယနေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

# နောက်ခံလူချီယယ်လီနီ ဂျူဗင်တပ်အသင်းမှ ထွက်ခွာတော့မည်

အီတလီနောက်တန်းကစားသမား ချီယယ်လီနီဟာ ဂျူဗင်တပ်အသင်းနဲ့အတူ ၁၇ နှစ်ကြာ လက်တွဲခဲ့ပြီးနောက် အခုဘောလုံးရာသီကုန်ချိန်မှာတော့ အသင်းမှ ထွက်ခွာတော့မှာဖြစ်တယ်လို့ အတည်ပြုပြောကြားခဲ့ပါတယ်။



အသက် ၃၇ နှစ်အရွယ်ရှိ ချီယယ်လီနီဟာ ၂၀၀၅ ခုနှစ်က ဖီအိုရင်တီးနားအသင်းကနေ ဂျူဗင်တပ်အသင်းဆီ ပြောင်းရွှေ့လာခဲ့တာဖြစ်ပြီး အဲဒီအချိန်ကစပြီး လက်ရှိအချိန်အထိ ဂျူဗင်တပ်အသင်းနဲ့အတူ အီတလီစီးရီးအေဖလား ကိုးကြိမ်နဲ့ ကိုပါအီတာလီယာဖလား ငါးကြိမ်တို့ကို ရယူပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။

ချီယယ်လီနီဟာ ဇွန်လအတွင်း ဝင်ဘလေကွင်း၌ ယှဉ်ပြိုင်ကစားမယ့် အီတလီနဲ့ အာဂျင်တီးနားတို့ ပွဲစဉ်ပြီးပါက နိုင်ငံ့လက်ရွေးစင်ကစားသမားဘဝကနေ အနားယူတော့မှာ ဖြစ်တယ်လို့လည်း ကြေညာထားပြီး ဖြစ်ပါတယ်။ ချီယယ်လီနီဟာ ၂၀၀၄ ခုနှစ်က အီတလီလက်ရွေးစင်အသင်းနဲ့အတူ စတင်ပွဲထွက်ကစားခဲ့ပြီး ယူရို ၂၀၂၀ ပြိုင်ပွဲမှာ အီတလီအသင်းအတွက် ချန်ပီယံဆုဖလားရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။

# ရှုံ့စေးကွင်းရှုံးပွဲမရှိ စံချိန်ကို ဆက်ထိန်းထားနိုင်ခဲ့တဲ့ ရာဖေးလ်နာဒယ်



စပိန်တင်းနစ် အကျော်အမော် ရာဖေးလ်နာဒယ်ဟာ အီတလီအိုးပင်းတင်းနစ်ပြိုင်ပွဲမှာ အမေရိကန်ပရော်ဖက်ရှင်နယ် တင်းနစ်ကစားသမားဂျွန်အစ္စနာကို အနိုင်ရရှိခဲ့ပြီးနောက် ရွှံ့စေးကွင်းမှာ ရှုံးပွဲမရှိစံချိန်ကို ဆက်ထိန်းနိုင်ခဲ့ပြီလည်း ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ သီတင်းပတ်အတွင်းက မက်ဒရစ်အိုးပင်းကွာတားဖိုင်နယ်မှာ တစ်နိုင်ငံတည်းသား ကာလို့စ်အယ်ကာရက်ဇ်ကို ရှုံးနိမ့်ခဲ့တဲ့ ရာဖေးလ်နာဒယ်ဟာ လက်ရှိကျင်းပနေတဲ့ အီတလီအိုးပင်းတင်းနစ် ပြိုင်ပွဲမှာတော့ ဒုတိယအဆင့်မှာ ဂျွန်အစ္စနာကို ၆-၃၊ ၆-၁ နဲ့ အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

အီတလီအိုးပင်းတင်းနစ်ပြိုင်ပွဲမှာ (၁၀)ကြိမ်အထိ ချန်ပီယံဖြစ်ထားတဲ့ရာဖေးလ်နာဒယ်ဟာတတိယအဆင့်မှာကနေဒါတင်းနစ်ကစားသမား ဒန်းနစ်ရှာပိုဗာလော့ဗ်နဲ့ ယှဉ်ပြိုင်ကစားရမှာလည်း ဖြစ်ပါတယ်။

# ကမ္ဘာ့ဝယ်သာဝိတ်ချန်ပီယံဟောင်း ကဲလ်ဘရွတ် လက်ဝှေ့သမားဘဝမှ အနားယူလိုက်ပြီ



ဗြိတိန်ရဲ့ ကမ္ဘာ့ဝယ်သာဝိတ်ချန်ပီယံဟောင်း ကဲလ်ဘရွတ်ဟာ လက်ဝှေ့သမားဘဝကနေ အနားယူလိုက်ပြီဖြစ်ပါတယ်။ ကဲလ်ဘရွတ်ဟာ ပရော်ဖက်ရှင်နယ်လက်ဝှေ့သမားဘဝမှာ ၄၃ ပွဲ ပါဝင်ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာမှာ ပွဲပေါင်း ၄၀ အထိစံချိန်တင်နိုင်ပွဲရရှိခဲ့သူဖြစ်ပါတယ်။

အသက် ၃၆ နှစ်အရွယ်ရှိ ကဲလ်ဘရွတ်ရဲ့ နောက်ဆုံးယှဉ်ပြိုင်ထိုးသတ်ခဲ့တဲ့ လက်ဝှေ့ပွဲဟာ ဖေဖော်ဝါရီလအတွင်းက အမီရာခန်နဲ့ ထိုးသတ်ခဲ့တဲ့ပွဲစဉ်ဖြစ်ပြီး အဲဒီပွဲစဉ်မှာ ကဲလ်ဘရွတ်က အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

ကဲလ်ဘရွတ်ယှဉ်ပြိုင်ထိုးသတ်ခဲ့တဲ့ ၄၃ ပွဲအနက် အနိုင်ရရှိခဲ့တဲ့ ပွဲ ၄၀ ထဲမှာ ၂၈ ပွဲက အလဲထိုးနိုင်ပွဲရရှိခဲ့တာဖြစ်ပြီး အခြားသုံးပွဲကတော့ ရှုံးပွဲကြုံခဲ့ရတာဖြစ်ပါတယ်။ ရှုံးနိမ့်ခဲ့တဲ့ သုံးပွဲကတော့ မစ်ဒယ်ဝိတ်တန်းမှာ ဂိုလော့ဗ်ကင်နဲ့ ဝယ်သာဝိတ်တန်းမှာ ခရာဖို့ဒ်နဲ့ အာရိုးလ်စပန့်ဂျူနီယာတို့ကို ရှုံးနိမ့်ခဲ့တာဖြစ်ပါတယ်။

ကဲလ်ဘရွတ်ဟာ အမေရိကန်လက်ဝှေ့သမား ရှောင်ပေ့ါတာကို အမှတ်ဖြင့် အနိုင်ယူကာ ၂၀၁၄ ခုနှစ်ကနေ ၂၀၁၇ ခုနှစ်အထိ အိုင်ဘီအက်ဖ်ကမ္ဘာ့ချန်ပီယံခါးပတ်ကို သိမ်းပိုက်ထားနိုင်ခဲ့တာကြောင့် ၂၀၁၇ ခုနှစ်အတွင်း ကမ္ဘာ့အကောင်းဆုံးဝယ်သာဝိတ်ချန်ပီယံအဖြစ် The Ring မဂ္ဂဇင်းကနေ ဖော်ပြခံခဲ့ရသူဖြစ်ပါတယ်။

ငွေကြယ် - ရေးသားသည်

# ပဲခူးခရိုင် အမျိုးသမီးကော်မတီအစည်းအဝေးနှင့် အသိပညာပေးအစီအစဉ် ဆောင်ရွက်

ပဲခူး မေ ၁၂

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ခရိုင်အဆင့် အမျိုးသမီးကော်မတီအစည်းအဝေးကို မေ ၁၂ ရက် နံနက် ၉ နာရီက ပြုလုပ်ရာ ခရိုင်အမျိုးသမီးကော်မတီဥက္ကဋ္ဌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်လတ်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးဦးစီးမှူး ဦးကျော်ကျော်ဟန်က မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ၏လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ အမျိုးသမီး ဖွံ့ဖြိုးတိုးတက်ရေးအကြမ်းဖက်မှုများ လျှော့ချနိုင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ရန်များကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံး ညွှန်ကြားရေးမှူး ဒေါ်ယဉ်ယဉ်ပြုံးက GENDER၊ CEDAW၊ NASPW၊ UNSCR 1325 ပါ GENDER(ကျား/မ) ရေးရာအကြောင်းများ သိရှိနိုင်ရန်နှင့် နိုင်ငံတော်ဖွံ့ဖြိုးမှုများ ဆောင်ရွက်ရာတွင် အမျိုးသမီးများကဏ္ဍ



ထည့်သွင်းပေါင်းစပ်ဆောင်ရွက်ရန် အကြောင်းအရာများကို အသိပညာပေး ရှင်းလင်းတင်ပြခြင်းနှင့် တက်ရောက်လာကြသော ခရိုင်အမျိုးသမီးကော်မတီဝင်များက ပြန်လည်ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ခရိုင်(ပြန်/ဆက်)

## လေဖိအားနည်းရပ်ဝန်း အခြေအနေ

နေပြည်တော် မေ ၁၂

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်ကမ်းခြေတွင် ဖြစ်ပေါ်နေသော အားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် လေဖိအားနည်းရပ်ဝန်းအဖြစ်သို့ အားလျော့သွားခဲ့ပြီး တဖြည်းဖြည်း အားပျော့ပျက်ပြယ်သွားမည်ဟု ခန့်မှန်းရသည်။

ယခုသတင်းသည် အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "အာစန်နီ"အတွက် ထုတ်ပြန်ပေးသည့် နောက်ဆုံးသတင်းဖြစ်သည်။

မိုး/ဇလ



## မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

နေပြည်တော် မေ ၁၂

အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန စစ်ကိုင်းခရိုင်မှ ဦးစီးဆောင်ရွက်သည့် ၂၀၂၂ ခုနှစ် မိုးရာသီ(အကြို) သစ်ပင်စိုက်ပျိုးပွဲကို စစ်ကိုင်းမြို့ နယ်မြေခံသံချပ်ကာစစ်ဆင်ရေး ကွပ်ကဲမှုဌာနချုပ် နယ်မြေကျေးရွာသုံး ထင်းစိုက်ခင်း(၁/၂၀၂၂) (၃၅)ဧကအတွင်း၌ မေ ၉ ရက်က ကျင်းပခဲ့သည်။

အဆိုပါမိုးကြိုသစ်ပင်စိုက်ပွဲတွင် နယ်မြေခံသံချပ်ကာစစ်ဆင်ရေး ကွပ်ကဲမှုဌာနချုပ်မှ တာဝန်ရှိသူများ၊ စစ်ကိုင်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ စစ်ကိုင်းတိုင်းဒေသကြီး အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တပ်ဖွဲ့ဝင် မိသားစုများ၊ ဒေသခံပြည်သူလူထု စုစုပေါင်း အင်အား ၂၃၃ ဦး တက်ရောက်ခဲ့ပြီး တမာပင် ၁၅၀၀ နှင့် မဲဇလီပင် ၁၅၀၀ စုစုပေါင်း အပင် ၃၀၀၀ ရေလောင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ရွှေသွေးဂျာနယ်ထွက်ရှိ

နေပြည်တော် မေ ၁၂

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေး ဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

**မေ ၁၄ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ(၅၄) အမှတ်(၂၀)**၌ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့၏ ကဆုန်ညောင်ရေသွန်းပွဲတော် ကျင်းပရခြင်းအကြောင်းနှင့် ဓလေ့ထုံးစံများကို တန်ဖိုးထားထိန်းသိမ်းတတ်ရမည့်အကြောင်း တင်ဆက်ထားသည့် "ကဆုန်ညောင်ရေသွန်းပွဲတော်ဆင်နွဲပျော်" မျက်နှာဖုံးကာတွန်း၊ "အဝေးကြည့်မှန်ပြောင်း"အကြောင်း ကလေးတို့ ဗဟုသုတဖြစ်ဖွယ် တင်ဆက်ထားသည့် သုတဆောင်းပါး၊ မိမိ၏ အလုပ်တာဝန်ကို သူတစ်ပါးအပေါ် လွှဲချခဲ့မိသော ဖြိုးရဲအကြောင်းကို ဟာသဖြစ်ဖွယ် တင်ဆက်ထားသည့် "ဖြိုးရဲ၏ ညာမိတဲ့အပြစ်" နှစ်မျက်နှာကာတွန်း၊ မီးဘေးသင့်သူများအပေါ် စေတနာထားကာ ပရဟိတလုပ်ငန်းများတွင် စိတ်အားထက်သန်စွာ ပါဝင်ကူညီပေးကြသော လူငယ်လေးအချို့အကြောင်းကို တင်ဆက်ထားသည့် "စေတနာရှင်ပရဟိတ" ဝတ္ထုကဏ္ဍ၊ ဖိနပ်အသစ်ဝယ်ပေးရတော့မည့် တီလေးအကြောင်းကို ဟာသဖြစ်ဖွယ်တင်ဆက်ထားသည့် "တုံတုံ" တစ်မျက်နှာကာတွန်း၊ ဥသြငှက်ကလေး ကူကူးအကြောင်းကို ကလေးတို့စိတ်ဝင်စားဖွယ် ရေးဖွဲ့ထားသည့် "ချစ်သားသားလေးကူကူး" ပုံပြင်ကဏ္ဍအပါအဝင် ဉာဏ်စမ်းကဏ္ဍ၊ အင်္ဂလိပ်စကားဝိုင်းကဏ္ဍနှင့်ကဗျာကဏ္ဍ စုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

သတင်းစဉ်

**စာအုပ်စာပေ လူ့မိတ်ဆွေ**

### ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊(၁၀)ရပ်ကွက်၊ တိုက်(ဒီ)ကန်လမ်း၊ ကန်ရိပ်မွန်ကွန်ဒို၊ တတိယထပ်၊ အခန်းအမှတ်(၃၀၆) ကွန်ဒိုတိုက်ခန်းကို ဒေါ်သီသီမော် [၁၂/လမန(နိုင်)၁၅၄၅၇၈] က အရှုပ်အရှင်းကင်းရှင်းပါကြောင်းနှင့် တရားဝင်လက်ဝယ်ပိုင်ဆိုင်ထားရှိကြောင်း ဝန်ခံ၍ ၎င်းအခန်းကို ရောင်းချရန် ကမ်းလှမ်းရာ ကျွန်တော်ဦးမင်းသူအောင် [၁၂/လမန(နိုင်)၁၂၀၆၈၂]က ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ အထက်လိပ်စာပါ ကွန်ဒိုတိုက်ခန်းကို ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း ကျွန်တော့်ထံသို့ ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့်လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဦးမင်းသူအောင်**
**[၁၂/လမန(နိုင်)၁၂၀၆၈၂]**
**ဖုန်း-09-893486287**

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၃၀)ရပ်ကွက်၊ မြေကွက်အမှတ်(၅၉၆)ဟု ခေါ်တွင်သော အကျယ်အဝန်း အလျားxအနံ ပေ(၄၀x၆၀) ပါမစ်မြေကွက်နှင့် ထိုမြေကွက်ပေါ်ရှိ သီးပင်၊ စားပင်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးမြင့်အောင်[၉/ကပတ(နိုင်)၁၆၂၆၅၀]မှ ရောင်းချရန် ကမ်းလှမ်းလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်ရန်ခင် [၁၃/ကခန(နိုင်)၀၃၈၆၃၇]က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း၊ စာချုပ်စာတမ်း အထောက်အထား(မူရင်း)များဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ တရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးသီဟထက်နောင်စိုး(LL.B)** | **ဒေါ်ဇင်မိုးနွယ်(LL.B)** |
| **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **စဉ်-၅၂၅၁၆(၃၁-၃-၂၀၂၀)** | **စဉ်-၅၂၄၁၃(၃၁-၃-၂၀၂၀)** |
| **အမှတ်-၃၈၁၊ ရာဇဓိရာဇ်(၂၄)လမ်း၊** | **တိုက်-၇၊ ပထပ်(ယာ)** |
| **(၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။** | **သီရိမြိုင်(၇)လမ်း၊ ၁၃-ရပ်ကွက်၊** |
| **Ph: 09-958102225** | **လှိုင်မြို့နယ်။** |
| **Ph:09-796515362** | **Ph: 09-795814310** |

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၉/ ပုဗ္ဗသီရိအနောက်ရပ်၊ ဝဏ္ဏဒီပရပ်ကွက်မှ မြေဧရိယာ(၀.၀၅၅)ဧကရှိ ဒေါ်မြစ်ရောစံ[၁၀/သဖရ(နိုင်)၀၆၉၇၂၂]၊ (ဘ)ဦးရှိန်လွင် အမည်ပေါက်နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ် (ပ-၃၂၅၃၂)ကို စဥ့်ကိုင်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်၊ ၃၄၄/၂၀၁၉ (၁၀-၁၀-၂၀၁၉)ဖြင့် အထူးကိုယ်စားလှယ်ရရှိထားသူ ဒေါ်ခိုင်ခိုင်ဝင်း[၈/မမန(နိုင်)၁၃၀၆၇၇]၊ (ဘ)ဦးရွှေဝင်းမှ ဦးသန်းဌေးအောင်[၈/မဘန(နိုင်)၀၁၂၅၁၅]နှင့်မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေး ကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### "အများသိစေရန်ကြေညာခြင်း"

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ပေါင်းလောင်း(၃)ရပ်ကွက်၊ ရာဇဌာနီလမ်းမ၊ အမှတ်(၁၂၀၉/၁၂၁၀)နေ ဦးကျော်ဇင်ဦး [၂/လကန(နိုင်)၀၆၅၂၂၀]နှင့် ဒေါ်ဇာဇာမြင့် [၇/ရတရ(နိုင်)၀၈၃၆၆၉]တို့၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

၁။ ကျွန်ုပ်မိတ်ဆွေများမှာ ဒေါက်တာစိုးထွန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ခဲ့သော မော်တော်ကားအရောင်းအဝယ် ကိစ္စများနှင့်ပတ်သက်၍ ၎င်းထံသို့ ပေးရန် ကျန်ရှိသည့်ငွေများကို ဒေါက်တာစိုးထွန်းက ၎င်းကိုယ်စားဒေါ်အေးအေးဝင်းထံသို့ ကျွန်ုပ်မိတ်ဆွေများ ပိုင်ဆိုင်သော မရွှေ့မပြောင်းနိုင်သည့် ပစ္စည်း(၇)မျိုးကို တန်ဖိုးသင့်၍ ပေးအပ်ထားပါရန် ပြောဆိုမှုကြောင့် နှစ်ဦးသဘောတူအိမ်ခြံမြေ အရောင်းအဝယ်ကတိစာချုပ်များကိုချုပ်ဆိုကာ ပိုင်ဆိုင်မှု စာရွက်စာတမ်း(မူရင်း)များကိုပါ ကျွန်ုပ်မိတ်ဆွေများမှ ဒေါ်အေးအေးဝင်းအား ပေးအပ်ထားရှိကြောင်း သိရှိရပါသည်။

၂။ ကျွန်ုပ်မိတ်ဆွေဒေါ်ဇာဇာမြင့်က ဒေါ်အေးအေးဝင်း [၁၂/ဗတထ(နိုင်)၀၁၈၆၈၇] အား နေပြည်တော်၊ ပျဉ်းမနားမြို့မြေစာရင်းဦးစီးဌာနတွင် (၂၅-၂-၂၀၂၂)ရက်စွဲပါ အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၀၉၂/၂၀၂၂ နှင့် (၂၈-၂-၂၀၂၂)ရက်စွဲပါ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်- ၀၉၄/၂၀၂၂ တို့ကို လွှဲအပ်ပေးထားကြောင်း သိရှိရပါသည်။

၃။ ယခုအခါ ကျွန်ုပ်မိတ်ဆွေ ဒေါ်ဇာဇာမြင့်မှာ ဒေါ်အေးအေးဝင်းထံသို့ လွှဲအပ်ပေးထားသော (၂၅-၂-၂၀၂၂)ရက်စွဲပါ အထူးကိုယ်စားလှယ်လွှဲစာနှင့် (၂၈-၂-၂၀၂၂)ရက်စွဲပါ အထွေထွေကိုယ်စားလှယ်လွှဲစာတို့အား ကျွန်ုပ်မိတ်ဆွေ ဒေါ်ဇာဇာမြင့်က ဒေါ်အေးအေးဝင်းထံသို့ ဆက်လက်လွှဲအပ်ပေးရန် ဆန္ဒမရှိတော့ကြောင်းသိရှိရပါသဖြင့် ယနေ့မှစပြီး အဆိုပါ အထူးကိုယ်စားလှယ်လွှဲစာနှင့် အထွေထွေကိုယ်စားလှယ်လွှဲစာတို့ကို ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးကျော်ဇင်ဦး** | **ဦးအေးချစ်(LL.B)** |
| **[၂/လကန(နိုင်)၀၆၅၂၂၀]** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၉၉၅၈)** |
| **ဒေါ်ဇာဇာမြင့်** | **အမှတ်(၅၈)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊** |
| **[၇/ရတရ(နိုင်)၀၈၃၆၆၉]** | **ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။** |
| | **ဖုန်း-၀၉- ၄၂၀၀၉၉၄၇၄၊ ၀၉- ၇၉၉၉၂၉၆၉၅** |

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၅)ရပ်ကွက်၊ ရွှေရတနာလမ်း၊ အမှတ်(၄၇)ဟုမှတ်သားတည်ရှိသော ဦးညွန့်မောင် [၁၂/သဃတ(နိုင်)၀၃၇၉၅၂] အမည်ပေါက် (အလျား ၄၀ ပေx အနံ ၆၀ ပေ)အကျယ်ရှိ ပါမစ်မြေကွက်အနက်မှ မြေကွက်အမှတ်(၄၉)နှင့် ကပ်လျက်တည်ရှိသည့် (အလျား ၂၀ ပေxအနံ ၆၀ ပေ) မြေကွက်နှင့် ယင်းမြေပေါ်ရှိ အဆောက်အဦတို့ကို ဒေါ်ခင်မြမူ [၁၂/သဃက(နိုင်)၀၇၇၃၄၂] ကတရားဝင်ပိုင်ဆိုင်ထားပြီး ၎င်းမြေနှင့် အဆောက်အဦတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသည့်အပေါ် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ရာ ထိုအရောင်းအဝယ်အပေါ် ကန့်ကွက်လိုသည့် မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့် ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသူရိန်ကျော်(ဥပဒေဘွဲ့)**
**(စဉ်-၅၂၃၄၅)**
**အထက်တန်းရှေ့နေ**
**အမှတ်(၆၈၂)၊ ရွှေဝါထွန်းလမ်း၊ ၆၈ ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၀၇၉၀၀၆၁၆၊ ၀၉-၄၅၇၃၉၈၂၂၇**

### ကန့်ကွက်နိုင်ပါသည်

**ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၈၂)ရပ်ကွက်၊ မေတ္တာလမ်း၊ အမှတ်(၄၉၅+၄၉၆)ဟု မှတ်သားတည်ရှိသော သူရဦးသောင်းလွင်[၁၂/အလန(နိုင်) ၀၃၈၆၈၉] အမည်ပေါက် (အလျား ၈၀ ပေxအနံ ၆၀ ပေ) အကျယ်ရှိ ပါမစ်မြေကွက်ကို** ဦးအေးဇော် [၁၄/ဒဒရ(နိုင်)၀၉၂၅၈၅]က တရားဝင်ပိုင်ဆိုင်ထားပြီး၊ ၎င်းမြေကွက်ကို ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသည့်အပေါ် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ရာ ထိုအရောင်းအဝယ်အပေါ်ကန့်ကွက်လိုသည့် မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသူရိန်ကျော်(ဥပဒေဘွဲ့)**
**(စဉ်-၅၂၃၄၅)**
**အထက်တန်းရှေ့နေ**
**အမှတ်(၆၈၂)၊ ရွှေဝါထွန်းလမ်း၊ ၆၈ ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၀၇၉၀၀၆၁၆၊ ၀၉-၄၅၇၃၉၈၂၂၇**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/တောင်)၊ မြေကွက်အမှတ်(၅၇၃/ခ)၊ မြေဧရိယာ ပေ(၂၀x၆၀)၊ မြေကွက်တည်နေရာအမှတ် (၅၇၃/ ခ)၊ မြို့မ(၃)လမ်း၊ (၄/တောင်)ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးလှိုင်မောင်[၁၂/သကတ(နိုင်)၀၅၇၀၄၅] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးလှိုင်မောင်(ဖခင်)၊ ဒေါ်မြလေး(မိခင်)နှင့် သားတစ်ဦးဖြစ်သူ ဦးခင်မောင်လွင် (လူပျိုကြီးဘဝဖြင့် ကိတ္တိမမွေးစားခြင်းမရှိဘဲ) အသီးသီး ကွယ်လွန်ကြသဖြင့် ကျန်သားသမီးများဖြစ်သော ဦးသိန်းလွင် [၁၂/သကတ(နိုင်)၀၇၃၈၆၃]၊ ဦးမြင့်အေး [၁၂/သကတ(နိုင်)၀၇၇၀၀၈]၊ ဒေါ်သန်းသန်းအေး [၁၂/သကတ(နိုင်)၀၇၄၉၆၁]၊ ဒေါ်သန်းသန်းဌေး [၁၂/သကတ(နိုင်) ၁၂၆၅၈၅]၊ ဦးမြတ်မင်းသူ [၁၂/သကတ(နိုင်)၁၂၅၆၁၃]တို့ထံမှ GP အမှတ် ၇၀၃၁/၂၀၂၀(၂၉-၆-၂၀၂၀)နှင့် ၇၀၃၂/၂၀၂၀ (၂၉-၆-၂၀၂၀)ရသူ ဒေါ်ချောစုလှိုင်[၅/ရဘန(နိုင်)၁၃၀၇၅၇]မှ ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ကျမ်းကျိန်လွှာ၊ သေစာရင်းများ၊ ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ကန့်ကွက်ရန်ရှိပါက တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းများအတိုင်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄၉)၊ မြေကွက်အမှတ်(၂၈၇)၊ အကျယ်အဝန်း အလျား (၄၀)ပေxအနံ (၆၀)ပေရှိ ဦးသောင်းစိန်(YSO-၀၂၈၁၈၅) အမည်ပေါက်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးစည်သူလွင် [၁၂/ဒဂတ(နိုင်)၁၁၆၀၇၀]ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်နီလာသန်း [၁၄/ပတန(နိုင်)၂၁၇၃၇၇]က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ သို့ပါ၍ ကန့်ကွက်လိုသူရှိပါက (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းများအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေ နှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖြူပြာစိုး (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၉၇၉၉)**
**အမှတ်(၂၇၈/က)၊ ဥက္ကာ(၁)လမ်း၊ (၁၀၇)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။ Ph-09264880833**

### အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗျိုင်းရေအိုးစင်ရပ်ကွက်၊ ကျိုက္ကဆံလမ်း၊ အမှတ်-၂၀၇၊ အခန်း (၃/အေ)၊ ဒုတိယထပ်၊ (၃)လွှာဟုခေါ်တွင်သော တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်တို့အား တရားဝင်ပိုင်ဆိုင်ပြီး၊ ရောင်းချစီမံရှိသူဟုဝန်ခံကတိပြုသူ ဦးသန်းဇော်မြင့် [၁၂/တမန(နိုင်)၀၇၆၈၉၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေက "အရောင်းအဝယ်စာချုပ်"ဖြင့် တရားဝင် လက်ရောက်ဝယ်ယူထားပြီးဖြစ်သော တိုက်ခန်းဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ တိုက်ခန်းနှင့်ပတ်သက်ပြီး၊ ကျွန်ုပ်၏မိတ်ဆွေ သိရှိခြင်းမရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ တခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများမပြုလုပ်ရန်၊ ပြုလုပ်ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ကန့်ကွက်လိုလျှင် စာရွက်စာတမ်းအခိုင်အလုံဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇင်မာ LL.M**
**တရားလွှတ်တော်ရှေ့နေ**
**စဉ်-၈၉၅၆ (၃၀-၄-၂၀၁၃)**
**အမှတ်(၃၆၃)၊ အခန်း(၄ ဒီ)၊ ကျိုက္ကဆံလမ်း၊ တာမွေကြီး(ခ)ရပ်ကွက်၊**
**တာမွေမြို့နယ်။ ၀၉-၄၂၀၀၇၈၅၆၀**

## ငြင်းချက်ထုတ်ရန် သမ္မန်စာ
## (တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## တောင်ဥက္ကလာပမြို့နယ်တရားရုံးတော်
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၇

၁။ ဒေါ်ခင်မျိုးမျိုးအေး နှင့် ဒေါ်ရင်မေ
၂။ ဦးအောင်မြင့်ကျော်
၃။ ဒေါ်ခင်ငြိမ်းငြိမ်းအေး
**(တရားလိုများ)** **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ ပုဂံလမ်း၊ အမှတ်(၇၂၃)နေ ဒေါ်ရင်မေ(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

တရားလိုများက ပဋိညာဉ်အတိုင်း မြေကွက်အရောင်းအဝယ် ကတိစာချုပ်အား တရားဝင်မှတ်ပုံတင်ပေးစေလိုမှုလျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကိုချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၂ ခုနှစ်၊ မေလ(၁၉)ရက် (၁၃၈၄ ခုနှစ်၊ ကဆုန်လဆုတ်(၅)ရက်) မွန်းမတည့်မီ (၁၀)နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုများစွဲချက်ကို ထုချေရှင်းလင်းရန်ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုများက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သက်ကထုချေတင်ပြအမှီပြုလုပ်လိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ်၊ မေလ(၅)ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(နန်းရွှန်းလဲ့)**
**မြို့နယ်တရားသူကြီး**
**တောင်ဥက္ကလာပမြို့နယ်တရားရုံး**

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၂၈)၊ အောင်ချမ်းသာလမ်း၊ မြေကွက်အမှတ်(၈၀၄)၊ မြေကွက်၏ နှစ်(၆၀)ဂရန်မူရင်းပျောက်ဆုံးသွားကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ရန်ရှင်းလမ်း၊ အမှတ်(၂၀၄/၁)နေ ဒေါ်ခင်ပပကျော်၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်၏ဂရန်မူရင်းသည် ကျွန်ုပ်၏မိတ်ဆွေဒေါ်ခင်ပပကျော် ခေတ္တလက်ဝယ်ရယူထားစဉ်အတွင်း ဂရန်မူရင်း အမှန်တကယ် ပျောက်ဆုံးသွားသည်မှာ မှန်ကန်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

**ဒေါ်ခင်ပပကျော်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်ဝင်းဖြူ(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၂၈၄)**
**အမှတ်-၄၆(ပထမထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၁၁၀၃၃၃၄**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ၁၈/ကရပ်ကွက်၊ ရွက်လှလမ်း၊ အိမ်အမှတ်(၅၁)နေ ဦးသန်းထွန်းဇော် [၁၂/ဒဂတ(နိုင်)၀၃၈၆၂၁]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-ကျွန်ုပ်မိတ်ဆွေ၏ သားဖြစ်သူ မောင်ကျော်ဝင်းထွန်း(အဖ) ဦးသန်းထွန်းဇော် [၁၂/ဒဂတ(နိုင်)၁၀၅၂၃၇] ကိုင်ဆောင်သူသည် မိဘ၏ဆိုဆုံးမမှုအားနာမခံဘဲ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်အောင်ပြုလုပ်ပြီး နေအိမ်မှ ထွက်ခွာသွားသောကြောင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝသည် မိသားစုများနှင့်လုံးဝ(လုံးဝ)သက်ဆိုင်မှုမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ညိမ်းညိမ်းထွေး(LL.B, D.B.L)** | **ဒေါ်ဝေ(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **စဉ်-၁၃၃၁၅(၁၄-၉-၂၀၁၇)** | **စဉ်-၁၂၆၆၁ (၁-၆-၂၀၁၇)** |

**စုပေါင်းရုံဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၁၀၅၄၆၈၊ ၀၉-၄၂၀၁၀၈၁၉၁**

## “ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားအား အများသိစေရန် အသိပေးကြေညာခြင်း”

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (ဆ/က)ရပ်ကွက်၊ ဘုရားလမ်း၊ ရတနာဒီပလမ်းသွယ်၊ အမှတ်(၂၉)၊ ပထမထပ်တွင် တည်ထောင်ဖွင့်လှစ်ထားသော “XSPHERE COMPANY LIMITED”ကုမ္ပဏီမှတ်ပုံတင်အမှတ်(126281609)သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို မိမိတစ်ဦးတည်း ပြုလုပ်သုံးစွဲရန်အတွက် ရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ်-(၄/၂၅၅၉) ဖြင့် မှတ်ပုံတင်သွင်းထားသည့် ကုန်အမှတ်တံဆိပ် အမည်အမှတ်အသား၏ ပိုင်ရှင်ဖြစ်ပါသည်-

Getbak

**မှတ်ပုံတင်အမှတ်- (၄/၂၅၅၉)**

အထက်ဖော်ပြပါ Getbak ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားဖြင့် “XSPHERE COMPANY LIMITED” သည် Electronic နှင့် ပတ်သက်သည့် ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းအမျိုးမျိုး၊ Advertising နှင့် ပတ်သက်သည့် ဝန်ဆောင်မှုလုပ်ငန်း အမျိုးမျိုးတို့အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းတွင် လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် အဆိုပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို လုပ်ငန်း၏ ဆိုင်းဘုတ်၊ ဘလောက်တုံး၊ တံဆိပ်တုံး၊ Letter Head, Email, Website, Facebook Page, တီဗွီ၊ မဂ္ဂဇင်း၊ စာစောင်၊ လက်ကမ်းကြော်ငြာ၊ တီရှပ်၊ စပို့ရှပ်၊ စွပ်ကျယ်၊ စတေကာ၊ ငွေပြေစာဖြတ်ပိုင်း၊ ထုပ်ပိုးပစ္စည်းများဖြစ်သည့် ပလတ်စတစ်ဘူး၊ ပလတ်စတစ်အိတ်၊ စက္ကူပုံး၊ စက္ကူအိတ်နှင့် မော်တော်ယာဉ်အပါအဝင် ယာဉ်အမျိုးမျိုးအစရှိသည်တို့ အပေါ်တွင် အရွယ်အစားအမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုးပြုလုပ်၍ ဖိနှိပ်၊ ကပ်နှိပ်၊ ရိုက်နှိပ်၊ အသားတံဆိပ်ပြုလုပ်ကာ အသုံးပြုသွားမည်ဖြစ်ပါသည်။

သို့ပါ၍ “XSPHERE COMPANY LIMITED” တစ်ဦးတည်း အသုံးပြုရန် တီထွင်ထားသော ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသား၏ အရောင်အသွေးဒီဇိုင်းတို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ မှိုင်မြဲတုပသုံးစွဲခြင်း၊ Online တွင် ပုံစံတူကြေညာခြင်း၊ တစ်နည်းနည်းဖြင့် အသုံးပြုခြင်းမပြုလုပ်ရန်နှင့် ထိုသို့ပြုလုပ်ပါက တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆို အရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်နေခြည်ဦး** | **ဦးခင်မောင်မြင့် (ကနောင်)** |
| **LL.B, WIPO (Switzerland)** | **LL.B, WIPO (Switzerland)** |
| **စဉ်-၁၃၃၂၃/၂၀၁၇** | **စဉ်-၂၇၁၆/၁၉၈၄** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |

**အမှတ်(၁၀/၁၂)၊ မြေညီထပ်၊ ၃၅လမ်းတို(အောက်ဘလောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၀၈၇၇၅၄၊ ၀၉-၇၈၀၀၀၁၈၅၁၊ ၀၉-၄၂၀၁၀၇၅၁**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းသည် မြို့နယ်များတွင် ဌာနမှ ကွန်ပျူတာစနစ်ဖြင့် ငွေတောင်းခံလွှာပြုစုရေး၊ ငွေကောက်ခံရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မီတာဘီလ်ရိုက်ရန်နှင့်ငွေကောက်ခံရန် Computer Core i3 (80) Nos (1 Lot) Computer Server Core i5 (31) Nos (1 Lot)၊ မီတာဘီလ်ထုတ်ရန် Printer(Bill) (29) Nos (1 Lot)နှင့် ဓာတ်အားခငွေကောက်ခံရန် စက်ရိုက်ချက်ပါသော Printer (58) Nos (1 Lot) အား မြန်မာကျပ်ငွေ (Kyat) ဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူ၍ ဝယ်ယူလိုပါသည်-

| | | |
|---|---|---|
| တင်ဒါပုံစံစတင်ရောင်းချမည့်ရက် | - | ၁၆-၅-၂၀၂၂ ရက် |
| တင်ဒါပိတ်မည့်ရက်နှင့်အချိန် | - | ၃၁-၅-၂၀၂၂ ရက်၊ (၁၄:၀၀)နာရီ |
| တင်ဒါပုံစံရောင်းချတင်သွင်းရမည့်နေရာ | - | မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ၂၇ လမ်း၊ ၇၇x ၇၈ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့ |

၂။ တင်ဒါပုံစံနှင့် စာရွက်စာတမ်းများကို အထက်ပါလိပ်စာတွင် သတ်မှတ်နှုန်းထားအတိုင်း ရုံးချိန်အတွင်းလာရောက် ဝယ်ယူနိုင်ပါသည်။
၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၂-၄၀၇၃၈၀၁၊ ၀၂-၄၀၆၉၁၂၁ တို့ကို ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(ရုံးချုပ်)**

## ကုမ္ပဏီ၏မတည်ငွေရင်းလျှော့ချကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း၊ ဒဂုံစင်တာ (၁၀)လွှာ၊ အမှတ် - ၁၀၀၁ တွင် ဖွင့်လှစ်ထားသော First Arch Co., Ltd. (ကုမ္ပဏီမှတ်ပုံတင်အမှတ်-၁၁၉၃၄၅၆၃၄) သည် (၁၂-၅-၂၀၂၂) ရက်နေ့တွင် ကျင်းပသည့် ကုမ္ပဏီ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ အစုရှယ်ယာ တန်ဖိုးပြောင်းလဲခြင်းမရှိဘဲ မူလအစုရှယ်ယာအရေအတွက် (၁၀,၀၀၀)စုမှ (၃,၀၀၀)စုသို့ ပြောင်းလဲသတ်မှတ်၍ ကုမ္ပဏီ၏ မူလမတည်ငွေရင်း ကျပ်သိန်း (၁,၀၀၀)တိတိမှ ယခုမတည်ငွေရင်း ကျပ်သိန်း(၃၀၀)တိတိသို့ ကုမ္ပဏီ၏ မတည်ငွေရင်းအား လျှော့ချရန် အတည်ပြုလိုက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒါရိုက်တာအဖွဲ့
First Arch Company Limited

## သက်ဆိုင်သူများ ကန့်ကွက်နိုင်ရန် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ ထန်းတပင်မြို့နယ်၊ တက်သစ်ကျေးရွာအုပ်စု၊ ကွင်းအမှတ်-၃၆၂၊ ဦးပိုင်အမှတ်-၁/ခ၊ ဦးချစ်ဦး အမည်ပေါက်၊ လယ်မြေအမျိုးအစား၊ အကျယ်အဝန်းဧရိယာ(၃.၀၁)ဧက အနက်မှ တရားဝင်မခွဲစိတ်ရသေးသော A-27 ဟုခေါ်တွင်သော အကျယ်အဝန်း(အလျား၂၀ပေxအနံ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့ကို အရပ်စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်၍ လက်ရှိထားကာရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးကျော်ဌေး[၁၂/လသယ (နိုင်)၀၂၈၁၈၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မီမီဇင်[၁၂/မဂဒ(နိုင်)၁၀၇၁၈၀]မှ အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ၁၂-၅-၂၀၂၂ရက်တွင် ပေးချေထားပြီးဖြစ်၍ အဆိုပါ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်မာသော စာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သက်ဝေအောင် (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၀၀၁၆)**
**Ph:09-773562082, 09-780041939**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ကျူတင်ပိုး(ခ)ဦးစန်းမောင် [၁၂/တမန(နိုင်)၀၅၁၀၁၉] ကိုင်ဆောင်သူ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆)၊ အပိုင်း-၁၊ ၂၊ ၃၊ ၄၊ လူနေရပ်ကွက်အမှတ်-သီရိဂုဏ်အိမ်ရာ၊ မြေကွက်အမှတ်(၅/၅)၊ ဧရိယာ(၀.၀၅၅)ဧကရှိ နှစ်(၆၀) မြေငှားဂရန်ဟုခေါ်တွင်သော မြေနှင့်အဆောက်အဦအား ဝယ်ယူရန်အတွက်(၁၁-၅-၂၀၂၂)ရက်နေ့တွင် ရောင်းချသူ ဒေါ်ချိုချိုခိုင်ထံသို့ စရန်ငွေတချို့အား ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ မြေ၊ အဆောက်အဦနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက သက်ဆိုင်သည့် စာရွက်စာတမ်းမူရင်းများဖြင့် ယနေ့ကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးထွန်းသန့်ဇင်အောင် LL.B, WIPO, DLP (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၇၀၉)**
**ဖုန်း ၀၉-၅၁၅၀၄၀၃**

| | | |
|---|---|---|
| **ဦးသန်းလွင်ဦး (LL.B)** | **ဒေါ်နှင်းဝတ်ရည်ထွန်း (LL.B)** | **ဒေါ်သိင်္ဂီ (LL.B)** |
| **(စဉ်-၁၇၇၁၁)** | **(စဉ်-၅၁၀၉၇)** | **(စဉ်-၅၃၅၈၀)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေများ** | |

## လုပ်ငန်းအမှတ်တံဆိပ်သတိပေးကြေညာချက်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ အုတ်ကျင်းဘူတာရုံလမ်း၊ အမှတ်-၁၁၃/စီတွင်တည်ရှိသော Forever Five Familes Group Co.,Ltd (ကုမ္ပဏီမှတ်ပုံတင်လက်မှတ်အမှတ်-၁၁၈၈၁၀၀၁၅) သည် အောက်ဖော်ပြပါ လုပ်ငန်းအမှတ်တံဆိပ်ကို ကုမ္ပဏီမှပိုင်အဖြစ် အသုံးပြုရန် မြို့တော်စာချုပ်စာတမ်း မှတ်ပုံတင်ရုံး ရန်ကုန်မြို့၌ မှတ်ပုံတင်အမှတ်-၁၃၆၂/၂၀၂၁ ဖြင့် တရားဝင်မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်-

FALCON ESPORTS

အထက်ဖော်ပြပါ FALCON ESPORTS လုပ်ငန်းအမှတ်တံဆိပ်ဖြင့် Mobile Game and PC Game Players Squard များကိုဖွဲ့ပြီး Teamwork များဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းတွင် လုပ်ငန်းတံဆိပ်အဖြစ် အသုံးပြုလျက်ရှိပါသည်။ ယင်းလုပ်ငန်းအမှတ်တံဆိပ်စာသားနှင့် ပုံသဏ္ဍာန်၏ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ၊ အားလုံးကိုဖြစ်စေ၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှားဖြစ်စေရန် တိုက်ရိုက်(သို့မဟုတ်) သွယ်ဝိုက်တုပပြုလုပ်ခြင်းမပြုရန် သတိပေးတားမြစ်ပါသည်။ သတိပေးချက်၊ တားမြစ်ချက်၊ ကြေညာချက်တို့ ပြုပြီး ဖြစ်၍ ယင်းလုပ်ငန်းအမှတ် တံဆိပ်စာသားနှင့် ပုံဏ္ဍာန်ကို တုပပြုလုပ်အသုံးပြုသည့် မည်သူကိုမဆို တည်ဆဲဥပဒေနှင့်အညီ တရားမကြောင်းဖြင့်ဖြစ်စေ၊ ရာဇဝတ်ကြောင်းဖြင့်ဖြစ်စေ၊ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိရှိစေရန် သတိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးရှင်ငြိမ်း၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၄၆၄၄)**
**အမှတ်-၅၂၊ ၅၆-လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉- ၅၀၄၃၀၄၆**

## “ကုန်အမှတ်တံဆိပ်အမည်နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်တထောင်ဈေးလမ်း၊ အမှတ်(၂၃၁)၌ တည်ရှိသော HV Holdings Company Limited မှ ဒါရိုက်တာဒေါ်အေးသီတာအောင်ဗစ်တိုးရီးယား[၁၂/မဂတ(နိုင်)၀၈၅၀၄၉]မှ အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ဖြင့် ကုန်သွယ်မှုလုပ်ငန်းများ (Trading)၊ အစားအသောက်ဖြန့်ချိရေး(Food)၊ အမျိုးသားဝတ်၊ အမျိုးသမီးဝတ်၊ ကလေးဝတ်နှင့် အသုံးအဆောင်ပစ္စည်းများဖြန့်ချိရေး(Apparels)၊ လူသုံးကုန်ပစ္စည်းအမျိုးမျိုး၊ ဆောက်လုပ်ရေးလုပ်ငန်း (Construction)၊ တည်းခိုဆောင်လုပ်ငန်း (Hostel)၊ ဟိုတယ်( Hotel) လုပ်ငန်းတို့အား မိမိတစ်ဦးတည်းသုံးစွဲရန်အတွက် ကိုယ်ပိုင်ဖန်တီး တီထွင်ထားသည့် တံဆိပ်ပိုင်ရှင်ဖြစ်ပါသည်-

**ကုန်အမှတ်တံဆိပ်အမည်အမှတ်အသား**

H hugo H Hugo H

H hugo myanmar Hugo H myanmar

H Hugo mens H Hugo fashion

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှု တစ်စုံတစ်ရာမရှိပါက ကျွန်ုပ်၏မိတ်ဆွေကုမ္ပဏီမှ အဆိုပါ တံဆိပ်အမည်အမှတ်အသားအား ရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းကာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် အထက်ဖော်ပြပါ လုပ်ငန်းများကိုလုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သင်းသင်းမော်(LL.B)(D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၂၆)**
**အမှတ်(၄၅/၁)၊ မြေညီထပ်၊ ၄၃-လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၅၀၀၃၁၂၉၂**

## “ဦးမြင့်ထွန်းနှင့်အများသိစေရန် ကြေညာခြင်း”

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ ၆၂x၆၈လမ်းကြား၊ သားရေနယ်လမ်း၊ အမှတ် (A-4a)တွင် နေထိုင်သူ ဦးစိုင်းထွန်းရွှေ [၉/မရမ(နိုင်)၀၅၃၄၁၂]၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိရှိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဦးစိုင်းထွန်းရွှေနှင့် ဦးဇော်ဝင်းတို့ပိုင်ဆိုင်သည့် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ ပတ္တမြားရပ်ကွက်၊ အကွက်အမှတ်(၇၈၄-လင်မလိုရွှေကူ)၊ ဦးပိုင်အမှတ်(စ/၃-ခ)နှင့် (စ/၃-ဃ)၊ စုစုပေါင်းဧရိယာ(၇)ဧကပေါ်ရှိ မြေကွက်ပေါ်တွင် ပိုင်းခြား၍ မြေနှင့်အဆောက်အဦ(၂)လုံးကို ကျွန်ုပ်၏မိတ်ဆွေများက မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအရှေ့ရပ်ကွက်၊ အကွက်(၅၅၄)၊ ၈၁လမ်း၊ ၃၄x၃၅လမ်းကြား၊ အမှတ်(၄၉၆)တွင်နေထိုင်သူ ဦးမြင့်ထွန်းအား အငှားချထားကြောင်း သိရှိရပါသည်။ ယခုအခါ ဦးမြင့်ထွန်းအနေဖြင့် အထက်ပါငှားရမ်းထားသည့် ဥပစာတွင် အသုံးပြုနေထိုင်ခြင်းမရှိကြောင်း သိရှိရပါသည်။ ကျွန်ုပ်၏မိတ်ဆွေမှ အဆိုပါအငှားချထားသည့် ဥပစာကို စစ်ဆေးကြည့်ရှုရာတွင် လျှပ်စစ်မီးသွယ်တန်းထားသည့် လမ်းမီးတိုင်မှ ဥပစာအတွင်းလျှပ်စစ်မီတာသို့ မိန်းဝါယာကြိုးပေ(၄၀၀)ခန့်မှာ သွယ်တန်းထားသည့်အတိုင်းရှိမနေဘဲ ပျောက်ဆုံးနေကြောင်း သိရှိရပါသည်။

သို့ပါ၍ အထက်ဖော်ပြပါ လျှပ်စစ်မိန်းဝါယာကြိုးပျောက်ဆုံးသည့်ကိစ္စရပ်နှင့်ပတ်သက်၍ ဦးမြင့်ထွန်းအနေဖြင့် ကျွန်ုပ်၏မိတ်ဆွေနှင့် ဤကြေညာသည့်နေ့မှ(၁၅)ရက်အတွင်း လာရောက်ညှိနှိုင်းဆောင်ရွက်ပေးပါရန်နှင့် ညှိနှိုင်းဆောင်ရွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဦးမြင့်ထွန်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးစိုင်းထွန်းရွှေ** | **ဦးဌေးအောင်(ဥပဒေတွဲ့)** |
| **[၉/မရမ(နိုင်)၀၅၃၄၁၂]** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၁၉၉)** |
| | **အမှတ်(၆၀၄)၊ ၈၇လမ်း၊ ၃၀x၃၁ကြား၊** |
| | **ပြည်ကျော်ဈေးအရှေ့ဘက်၊ မန္တလေးမြို့။** |
| | **ဖုန်း-၀၉-၂၀၂၂၄၄၀** |

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄)၊ မြေကွက်အမှတ်-၅/ဖ-၄၆(၁-၂)၊ ဧရိယာ (၀.၀၅၇)ဧက၊ မြေအမျိုးအစား- မြေပိုင်မြေဟုခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၈၄)၊ သီရိမင်္ဂလာလမ်း၊ (၈)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ရှိ မြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးကို ဝယ်ယူရန် အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဦးအောင်ခန့် [၁၄/မမန(နိုင်)၀၀၃၇၈၄]ထံသို့ ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်း (မူရင်း)များနှင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ မြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးကို တရားဝင်နည်းလမ်းတကျ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဒေါ်အေးမြင့်ရီ** | **ဒေါ်စိုးစိုးမြင့်** | **ဦးသိန်းညွန့်** |
| **BSc, DA, HGP, R.L, DBL, DML,DIL** | **LL.B,(စဉ်-၁၀၀၆၃)** | **BA, HGP, R.L, DBL, DML, DIL** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၁၇၃)** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၃၅၆၁)** |

**အမှတ်-၁၀၁၊ ပထမထပ်၊ ၃၉-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၉၈၈၂၇၇၉၀၊ ၀၉-၄၂၀၃၅၉၆၃၊ ၀၉-၅၀၅၃၀၀၇**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးငွေး
### အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ်(၄၅၆)၊ ဗညားဒလလမ်းနေ ဒေါ်ကြင်သောင်း၏ ချစ်လှစွာသောခင်ပွန်း၊ မြန်မာ့စီးပွားရေးဘဏ်၊ ရန်ကုန်တိုင်းဒေသကြီးရုံးမှ တိုင်းဒေသကြီးမန်နေဂျာ ဒေါ်ဖြူဖြူငွေး၏ ကျေးဇူးရှင်ဖခင် ဦးငွေး အသက်(၈၂)နှစ်သည် ၁၀-၅-၂၀၂၂ (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာ့စီးပွားရေးဘဏ်**
**ရန်ကုန်တိုင်းဒေသကြီး**
**အရာထမ်း/အမှုထမ်းအားလုံး**

## ဒေါ်တင်ရွှေ
### အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ငွေးကြွယ် (က)ရပ်ကွက်၊ အသောကလမ်း၊ အမှတ်(၂၄) မြေညီနေ (ဦးဖိုးချစ်-ဒေါ်ဖွားညွန့်)တို့၏သမီး၊ (ဦးလှကြူး)၏ဇနီး၊ ဦးကျော်ကျော်စန်း- ဒေါ်တင်တင်ဦး၊ (ဦးတင်အောင်ကြူး)-ဒေါ်လှလှနွယ်၊ ဦးဆန်းထွန်း-(ဒေါ်တင်တင်အေး)၊ ဦးအောင်ကျော်မြတ်-ဒေါ်ခင်ထွေးလှိုင်၊ (ဦးကျော်လင်း)-ဒေါ်တင်လေးခိုင်တို့၏မိခင်၊ မြေး ခုနစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘွား ဒေါ်တင်ရွှေသည် ၁၂-၅-၂၀၂၂ (ကြာသပတေးနေ့) နံနက် ၁၀:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၂၂ (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးကျော်ညွန့်(ခ)ဦးကိုလေး
### အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၃၄)၊ အင်းယားရိပ်သာ၊ ကမ္ဘာအေးဘုရားလမ်းနေ (ဦးလှမောင်-ဒေါ်သန်းတင်)တို့၏သား၊ (ဦးချစ်ဆိုင်-ဒေါ်သိန်းနွဲ့)တို့၏ သားသမက်၊ (ဒေါ်အမာလေး)၊ ဦးခင်မောင်သန်းတို့၏ မောင်/ညီ၊ ဒေါ်မြင့်မြင့်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးနန္ဒထင်ကျော်၊ ဦးမောင်မောင်ထင်လင်း-ဒေါ်သင်းသင်းအေး၊ ဦးအောင်မိုးမင်း၊ ဒေါ်ခိုင်ခိုင်ကျော်တို့၏ ကျေးဇူးရှင် ဖခင်၊ မနှင်းရည်လင်း၊ မသက်နန်းဆုတို့၏ ချစ်လှစွာသောအဘိုး ဦးကျော်ညွန့်သည် ၁၂-၅-၂၀၂၂ (ကြာသပတေးနေ့) နံနက် ၂:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၈-၅-၂၀၂၂ (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်နန်းမို့မို့
### အသက်(၇၁)နှစ်

မန္တလေးမြို့၊ ချမ်းအေးသာဇံမြို့နယ်၊ (62-A)လမ်း၊ (27x28) ကြား၊ အမှတ်အိမ်နေ ဦးအောင်ဖြူ (ညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ ဥက္ကဋ္ဌ-ဗဟိုသမဝါယမအသင်းလီမိတက်)၏ ချစ်လှစွာသောဇနီး ဒေါ်နန်းမို့မို့ အသက်(၇၁)နှစ်သည် ၉-၅-၂၀၂၂ (တနင်္လာနေ့) ည ၉:၄၀ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးအောင်ကျော်မိုး(ကျောက်ပန်းတောင်း)**
**ဦးခင်မောင်ရွှေ(ကျောက်ပန်းတောင်း)**
**ဦးကိုကိုမြင့်(ရန်ကုန်မြို့)**

### ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၁)ရပ်ကွက်၊ ၅၁ လမ်း(အလယ်)၊ အမှတ် (၁၂၅)၊ ပထမထပ် မျက်နှာမူလျက် (ဝဲ)ဟု ခေါ်တွင်သည့် တိုက်ခန်းအရောင်းအဝယ်နှင့်စပ်လျဉ်းပြီး ကန့်ကွက်နိုင်ပါသည်။

အဆိုပါ တိုက်ခန်းကို တရားဝင် ဝယ်ယူ ပိုင်ဆိုင်ထားသူ ဒေါ်စန်းညို [၁၃/ကတန(နိုင်)၁၂၅၃၂၇]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများ ယနေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဘော် (စဉ်-၄၀၃၅)**
**LL.B,DBL,DML,DIL,DLP,WIPO (Switzerland)**
**ဒေါ်အေးအေးစိုး(စဉ်-၅၈၂၇) B.Sc, Hon (IC),HGP,R.L,D.B.L**
**တရားလွှတ်တော်ရှေ့နေများ**
**ဦးရဲမြင့်ထွန်း (LL.B) (စဉ်-၅၀၅၂၂) အထက်တန်းရှေ့နေ**
**အမှတ်(၂၇)၊ ၁၂၁-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**Tel;294766 HP;09-501 7044**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ကျင်လှ(ခ)ယူဟွန်
### (ကျောက်မြောင်း Mart)
### အသက်(၉၆)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ကျောက်မြောင်းလမ်း၊ အမှတ်(၁၁၇/၁၁၉)နေ (ဦးမောင်စွမ်)၏ ချစ်လှစွာသောဇနီး၊ ဦးထိုက်စံ-ဒေါ်သန်းသန်းဝင်း၊ ဦးသိန်းလှ-ဒေါ်တာတာ၊ ဒေါ်မြင့်မြင့်စန်း-ဒေါက်တာအောင်သိန်း (Chairman အောင်ရတနာဆေးရုံ)၊ ဒေါ်မြင့်မြင့်သိန်း-ဦးဝမ်ကြည်၊ ဒေါ်အေးအေးသန်း-ဦးအောင်မြင့်(MD-အောင်ရတနာဆေးရုံ)၊ ဦးမြင့်သန်း-ဒေါ်စန်းစန်းလွင်၊ ဦးမြင့်သိန်း-ဒေါ်သီတာမြင့်၊ ဒေါ်ညွန့်ညွန့်မြိုင်-ဦးမြင့်နိုင်၊ ဒေါ်မိုးသူဇာ-ဦးမောင်မောင်၊ ဒေါ်ကျင်လန်း-ဦးစိုးလွင်၊ ဦးထွန်းလင်း-ဒေါ်စန်းစန်းမော်တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မြေး ၂၈ ယောက်တို့၏အဘွား၊ မြစ် ခုနစ်ယောက်တို့၏ အဘေးသည် ၁၀-၅-၂၀၂၂ (အင်္ဂါနေ့) ည ၇:၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၂၂(စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်း သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးအောင်လှိုင်
### အသက်(၉၆)နှစ်

မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့၊ (၁)ရပ်ကွက်နေ (ဦးဘခင်-ဒေါ်မို)တို့၏သား၊ (၃)ရပ်ကွက်နေ (ဦးစံဘ-ဒေါ်အုန်းခင်)တို့၏ သားသမက်၊ ဒေါ်တင်ရီ၏ ချစ်လှစွာသောခင်ပွန်း၊ ဦးကိုလေး-ဒေါ်ယဉ်မြ၊ ဦးတင်လှ-ဒေါ်ညိုညိုဝင်း၊ ဒေါ်ခင်သန်းနွဲ့၊ (ဦးငွေးမြင့်)-ဒေါ်ခင်ညွန့်ညွန့်မေ၊ (ဦးလှထွန်းဝေ)-ဒေါ်ယုမွှေးမွှေး၊ ဦးခင်မောင်ညွန့်-ဒေါ်လှလှမိုး၊ ဦးညွန့်ဦး-ဒေါ်အေးအေးတိုး၊ ဦးသန်းအောင်-ဒေါ်ကြည်ကြည်ဝေ၊ ဦးဇော်လင်း-ဒေါ်ယဉ်မင်းအေး၊ ဦးအောင်ဖြိုးတို့၏ မွေးသဖခင်၊ မြေး ၂၇ ယောက်၊ မြစ် ၂၃ ယောက်တို့၏ဘိုးဘိုး ဦးအောင်လှိုင်သည် ၁၂-၅-၂၀၂၂ ရက် နံနက် ၅:၄၀ နာရီတွင် (၉၆)ပါးသောရောဂါဝေဒနာဖြင့် ကွယ်လွန်သွားပြီဖြစ်ပါ၍ ၁၄-၅-၂၀၂၂ ရက်တွင် မတ္တရာမြို့ ရှေးဟောင်းသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အုန်းမေ
### အသက် (၉၂)နှစ်

ရန်ကုန်မြို့၊ အမှတ်(၉)၊ သုံးလွှာ၊ (၁၄၇)လမ်းနေ (ဦးဟုန်-ဒေါ်ကျင်မြိုင်)တို့၏သမီး၊ (ဦးကျော်အေး)၏ဇနီး၊ ဒေါက်တာဒေါ်စန်းစန်းရီ-ဒေါက်တာဦးမြစိန်၊ ဒေါက်တာဒေါ်ထားထားရီ-ဦးကြည်လင်း၊ ဦးကျော်ကျော်-ဒေါ်စမ်းစမ်းဝင်းတို့၏ မိခင်၊ မြေး ငါးယောက်၊ မြစ် သုံးယောက်တို့၏အဘွား ဒေါ်အုန်းမေသည် ၁၁-၅-၂၀၂၂ ရက် ည ၁၀:၃၆ နာရီတွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၅-၂၀၂၂ ရက်တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၇-၅-၂၀၂၂ ရက် နံနက် ၁၀:၃၀ နာရီတွင် အမှတ်(၁၅)၊ နတ်မောက်ရိပ်သာလမ်း၊ ဆုထူးပန်ကျောင်းတိုက်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်လှကြွယ်
### ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်)(ငြိမ်း)
### အသက်(၇၅)နှစ်

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးလွင်နိုင်-ဒေါ်ယဉ်နွယ်ဝင်းတို့၏ မိခင် ဒေါ်လှကြွယ် အသက်(၇၅)နှစ်သည် ၁၀-၅-၂၀၂၂ ရက် ည ၈:၁၅ နာရီတွင် ၉၆ ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းမိသားစုများ**
**နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန**

### ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/ရှေ့ရပ်ကွက်၊ ၉၃-လမ်း၊ အမှတ် (၉၆/A)၊ ၃-လွှာ မျက်နှာမူလျက် (ဝဲ)ဟုခေါ်တွင်သည့် တိုက်ခန်းအရောင်းအဝယ်နှင့်စပ်လျဉ်းပြီး ကန့်ကွက်နိုင်ပါသည်။

အဆိုပါ တိုက်ခန်းကို တရားဝင် ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ပု [၁၂/မဂတ(နိုင်)၀၄၂၄၉၄]နှင့် ဦးကိုလေး [၁၂/မဂတ(နိုင်)၀၄၂၄၉၆]တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးကဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများ ယနေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဘော် (စဉ်-၄၀၃၅)**
**LL.B,DBL,DML,DIL,DLP,WIPO (Switzerland)**
**ဒေါ်အေးအေးစိုး(စဉ်-၅၈၂၇) B.Sc, Hon (IC),HGP,R.L,D.B.L**
**တရားလွှတ်တော်ရှေ့နေများ**
**ဦးရဲမြင့်ထွန်း (LL.B) (စဉ်-၅၀၅၂၂) အထက်တန်းရှေ့နေ**
**အမှတ်(၂၇)၊ ၁၂၁-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**Tel;294766 HP;09-501 7044**

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ရွှေမင်းဝန်တောရ ကမ္မဋ္ဌာန်းကျောင်းတိုက်၏
## ပဓာနနာယကဆရာတော် ဘဒ္ဒန္တဇာနေယျ
## (အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ၊ မဟာကမ္မဋ္ဌာနာစရိယ)
## သိက္ခာတော်(၆၂)ဝါ၊ သက်တော်(၈၂)နှစ်



ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ သစ်ဆိမ့်ကုန်းရပ်ကွက်၊ ရွှေမင်းဝန်တောရ ကမ္မဋ္ဌာန်းကျောင်းတိုက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ဇမ္ဗူအေးကျောင်းတိုက်၊ ဓမ္မမေဓိနီပရိယတ္တိ စာသင်တိုက်နှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ ဓမ္မမေဓိနီ ပရိယတ္တိစာသင်တိုက်နှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ဝေါမြို့နယ်၊ ကျိုက်လှကျေးရွာ၊ ဒက္ခိဏာရုံကျောင်းတို့၏ ဦးစီးပဓာနနာယကဆရာတော်ကြီး ဘဒ္ဒန္တဇာနေယျ(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာကမ္မဋ္ဌာနာစရိယ)သည် (၁၃၈၄ခုနှစ် ကဆုန်လဆန်း ၉ရက်) ၈-၅-၂၀၂၂ရက် ည ၇:၁၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၄ခုနှစ် ကဆုန်လပြည့်ကျော် ၁ ရက်) ၁၅-၅-၂၀၂၂ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် မင်္ဂလာဒုံမြို့နယ်၊ ရွှေမင်းဝန်တောရ ကမ္မဋ္ဌာန်းကျောင်းတိုက်၊ အန္တိမအဂ္ဂိစျာပန သာဓုကီဠနပူဇာဆင်ယင်ကျင်းပ၍ မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ လောင်တိုက်ဖြင့် မီးသင်္ဂြိုဟ် ပူဇော်သွားမည်ဖြစ်ပါကြောင်း ဆရာတော်ကြီး၏ တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများသိရှိစေရန် ကြေညာအပ်ပါသည်။

**ဈာပနဖြစ်မြောက်ရေးကော်မတီ**

### ခရစ်တော်၌အိပ်ပျော်ခြင်း
## ဒေါ်ချိုချိုကြိုင်
### အလယ်တန်းပြ(ငြိမ်း)
### အထက(၄)အလုံ၊ အထက(၅)အလုံ
### အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ အောင်မင်္ဂလာ (၂)လမ်း၊ အမှတ်(၇၈၇)၊ မြေညီ (ခေါင်းရင်း) နေ U.C.H.S (ကူရှင်) (ကျောင်းအုပ်ဆရာကြီး ဦးဘကြိုင်-ဆရာမ ဒေါ်လှတင်)တို့၏ သမီးကြီး၊ (ဦးမျိုးမြင့်)၏ ချစ်လှစွာသောဇနီး၊ (ဦးချစ်ဆွေကြိုင်)-ဒေါ်သင်းသင်းဆွေ၊ (ဒေါက်တာမင်းဆွေ-ဒေါ်ပြုံးပြုံးကြည်)၊ (ဒေါ်ရီရီကြိုင်)-ဦးဖေအောင်၊ ဦးတင်ကြိုင်-ဒေါ်နော်ဂေဆဲလ်တို့၏ ချစ်လှစွာသော အစ်မကြီး၊ ဒေါ်နှင်းယုအေး၊ ဒေါ်အေးသီတာဆွေ၊ ဒေါက်တာသက်စုမွန်၊ ဒေါ်အေးသန္တာဆွေ၊ ဦးအောင်သော်ဦး၊ ဦးဉာဏ်ထက်ဆွေတို့၏ ကြီးတော်သည် ၁၂-၅-၂၀၂၂ ရက် နံနက် ၇:၂၀ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် နောက်ဆုံးပြုအပ်သောဝတ်ကို ၁၄-၅-၂၀၂၂ (စနေနေ့) နံနက် ၉ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်၌ ဝတ်ပြုပြီး ဂူသွင်း သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကြိုတင်ကာကွယ် အပူဒဏ်အန္တရာယ်

**လိုက်နာဆောင်ရွက်ရန် အချက်များ**

- အရိပ်ရ၍အေးမြသောနေရာများတွင်သာ နေပါ၊
- မိမိ၏အသားကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့စေရန် လက်၊ လည်ပင်းနှင့် ပုခုံးတို့ကိုပါ လုံခြုံသော အရောင်ဖျော့သည့် ပွပွချောင်ချောင်ချည်ထည်များကို ဝတ်ဆင်ပါ၊
- နေ့ခင်းနေ့လည်အပြင်သွားပါက ထီး၊ ဦးထုပ်ဆောင်းပါ၊ နေကာမျက်မှန်တပ်ဆင်ပါ၊
- ရေများများသောက်ပါ။

**ရှောင်ကြဉ်ရန် အချက်များ**

- နံနက်(၁၀)နာရီမှ ညနေ(၄)နာရီအတွင်း နေရောင်ခြည်နှင့်တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှရှောင်ကြဉ်ပါ၊
- ပူပြင်းသည့်နေရောင်အောက်တွင် အလုပ်လုပ်ခြင်းနှင့်ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းတို့ကို တတ်နိုင်သမျှရှောင်ကြဉ်ပါ၊
- နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းကို ရှောင်ကြဉ်ပါ၊
- ပူပြင်းသောနေရောင်အောက်မှ အလွန်အေးသောအခန်းနှင့်ကားအတွင်းသို့ ချက်ချင်းဝင်ရောက်ခြင်း၊ အလွန်အေးသောအခန်းနှင့်ကားအတွင်းမှ ပူပြင်းသောနေရောင်ထဲသို့ ချက်ချင်းထွက်ခြင်းတို့ကို ရှောင်ကြဉ်ပါ၊
- အရက်သေစာသောက်စားခြင်းကိုရှောင်ကြဉ်ပါ။

**အပူဒဏ်အန္တရာယ်အထူးသတိပြုရမည့်သူများ**

- သက်ကြီးဘိုးဘွားများနှင့် ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ
- နာတာရှည်ရောဂါရှိသူများ(ဆီးချို၊ နှလုံး၊ သွေးတိုးရောဂါ၊ စိတ်ကျန်းမာရေးချို့ယွင်းသူများ)
- ကာယလုပ်သားများ၊ အားကစားသမားများ၊ ဝလွန်းသောသူများ
- အရက်စွဲသောသူများ၊ မူးယစ်ဆေးသုံးစွဲသူများ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး
(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**
(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**
(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**ဒီနှစ်ဟာ စိန်ရတုလွတ်လပ်ရေးနေ့ရဲ့ အကြိုနှစ်ဖြစ်ပါတယ်။ ဒါ့ကြောင့် လွတ်လပ်ရေးရဲ့အသီးအပွင့်များ၊ ဒီမိုကရေစီအုပ်ချုပ်ရေးရဲ့အနှစ်သာရများ အပြည့်အဝခံစားရစေဖို့ ကျွန်တော်တို့အားလုံး အစွမ်းကုန်ကြိုးစားကြရပါဦးမယ်။ ဒါ့ကြောင့် ဒီနှစ်ကို ငြိမ်းချမ်းရေးနှစ်လို့ သတ်မှတ်ပြီး တစ်နိုင်ငံလုံးငြိမ်းချမ်းသာယာမှုရှိစေရေး အစွမ်းကုန်ကြိုးစားနေပါတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်၏ မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ်၊ နှစ်သစ်ကူးအခါသမယတွင် ပြောကြားခဲ့သည့် မြန်မာနှစ်သစ်ကူး နှုတ်ခွန်းဆက်မင်္ဂလာစကားမှ ကောက်နုတ်ချက်)

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ (KNDP) ကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံဆွေးနွေး

နေပြည်တော် မေ ၁၂

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ(KNDP)တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် ကော်မတီဝင်များ၊ ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ (KNDP) ဥက္ကဋ္ဌ မန်းအောင်ပြည်စိုးနှင့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ❋



အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ(KNDP) ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးစဉ်။

# ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲ ဆီမီးတက်ရေး အရေးပါသည့်ပွဲအဖြစ် မြန်မာနှင့် ဗီယက်နမ် ယနေ့ ကစားမည်



မြန်မာအမျိုးသားဘောလုံးအသင်း ကစားသမားများနှင့် နည်းပြအဖွဲ့ဝင်များကို တွေ့ရစဉ်။

ရန်ကုန် မေ ၁၂

ဆီးဂိမ်းအမျိုးသား ဘောလုံးပြိုင်ပွဲအုပ်စု(က) ပွဲစဉ်များကို မေ ၁၃ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ဆီမီးဖိုင်နယ်တက်ရောက်ရေး အရေးပါသည့် နှစ်ပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

စာမျက်နှာ ၂၀ ကော်လံ ၅ သို့ ○

## မန္တလေးမြို့ လေးပြင်လေးရပ်ရှိ သံဃာတော် ၁၀၂၆၄ ပါးအား ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ၊ နဝကမ္မဝတ္ထုငွေများ လောင်းလှူပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကို MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် မေ ၁၂

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် သာသနာတော်နှစ် ၂၅၆၆ နှစ် အထိမ်းအမှတ်အဖြစ် မန္တလေးမြို့ ကျုံးလေးဘက် လေးပြင်လေးရပ်ရှိသံဃာတော် ၁၀၂၆၄ ပါးအား ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ၊ နဝကမ္မဝတ္ထုငွေများ လောင်းလှူပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားကို မေ ၁၄ ရက် (ကဆုန်လပြည့်-ဗုဒ္ဓနေ့) နံနက် ၆ နာရီတွင် မန္တလေးမြို့ နန်းမြို့ရိုး လေးပြင်လေးရပ်၌ တစ်ဖက်လျှင် သံဃာတော် ၂၅၆၆ ပါးစီဖြင့် တစ်ပြိုင်နက်တည်း ကျင်းပသွားမည်ဖြစ်ပါသည်။

အဆိုပါအခမ်းအနား ကျင်းပပုံများကို ယင်းနေ့ နံနက် ၅ နာရီ ၄၅ မိနစ်မှ စတင်ကာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV – HD၊ MWD၊ MWD Variety၊ Forever မဟာဗောဓိ ရုပ်သံလိုင်း၊ Sky Net Up to Date၊ Buddha Channel နှင့် Channel 9၊ MOI Website၊ MOI Youtube၊ MRTV Website တို့မှ တိုက်ရိုက်(Live)ထုတ်လွှင့် ပြသသွားမည်ဖြစ်သည်။

သတင်းစဉ်